

# မဟာဒုဂ် ရဟန္တာဖြစ်ခန်း

## ဓမ္မဒူတ အရှင်ပညာဇောတ

# မဟာဒုဂ် ရဟန္တာဖြစ်ခန်း

ကျမ်းစာအမှတ်(၄၈)

# ဓမ္မဒူတ အရှင်ပညာဇောတ

(ဝိသိဋ္ဌဒီဃဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ)

ဖြန့်ချိရေး
ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်၊ ဖုန်း- ၆၆၀၁၄၈

၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်
အုပ်ရေ ၁၀၀၀၊ တန်ဖိုး–၇၅ကျပ်
စာမူခွင့်ပြုချက်အမှတ်– / ၉၆ ( )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– / ၉၇ ( )

ထုတ်ဝေသူ–ဦးမြသန်း၊
အသိုင်းအဝိုင်းစာပေ၊ ၃၅၊ ဓမ္မာရုံလမ်း၊
ကမ္ဘာအေး၊ ရန်ကုန်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ– ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်၊ ၈၄၊ လမ်း ၅၀၊ ရန်ကုန်။

ကွန်ပျူတာစာစီ– မြစံအိမ်

အတွင်းဖလင်
ဝင်းအောင်သူ

ဓမ္မဒူတ-အရှင်ပညာဇောတ
၏
ဓမ္မလက်ဆောင်

## ရည်ရွယ်ချက်

ဤ'မဟာဒုဂ်ရဟန္တာဖြစ်ခန်း' ကျမ်းစာအုပ်ကို
ဓမ္မဒူတအရှင်ပညာဇောတ အရှင်မြတ် ပြုစုနေသော
ရှင်တော်ဗုဒ္ဓ၏ ပရိယတ် ပဋိပတ် နှစ်ရပ် သာသနာတော်
စည်ပင်ပြန့်ပွားရေးအတွက် ရည်ရွယ်၍
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့၊
(၃)ရပ်ကွက်၊ (၆) လမ်း၊ အမှတ်(၈၆)နေ
ကျောင်းအစ်မကြီး ဒေါ်သန်းတင်က ဓမ္မဒါန တရားအလှူ၊
အမတဒါန အမြိုက်နိဗ္ဗာန်အလှူအဖြစ် ဖြန့်ချိပါသည်။

# မာတိကာ


| | | |
|---|---|---|
| ဆေရှပွဲတွင်အကျဉ်း | | ၇ |
| ၁။ | တရားတော်အမည် | ၁၆ |
| ၂။ | အဝန်းသုံးပါး ဘုရားရှိခိုး | ၂၀ |
| ၃။ | ဘယ်ပုဂ္ဂိုလ်အကြောင်းပြု | ၂၃ |
| ၄။ | အာဂန္တုကအလှူ | ၂၄ |
| ၅။ | ပုဂ္ဂိုလ် လေးမျိုး | ၂၅ |
| ၆။ | မှန်ကြည့်တာနှင့် တူ | ၂၆ |
| ၇။ | ဘယ်ပုဂ္ဂိုလ် ကောင်းသလဲ | ၂၇ |
| ၈။ | အသိုက်ထဲက ငှက်လို | ၃၃ |
| ၉။ | တောင်းလို့ မရ | ၃၇ |
| ၁၀။ | ဖြစ်အောင် လုပ်မယ် | ၃၈ |
| ၁၁။ | ကွာခြားချက် | ၃၉ |
| ၁၂။ | ပင့်ပုံ မစုံ | ၄၀ |
| ၁၃။ | ချက်ချင်းအသုံးချပါ | ၄၁ |
| ၁၄။ | စိတ်ရှည်ရတယ် | ၄၂ |
| ၁၅။ | မဟာဒုဂ်နှင့်တွေ့ခြင်း | ၄၄ |
| ၁၆။ | နိဗ္ဗာန်ဆော်ဆိုတာ | ၄၄ |
| ၁၇။ | မဟာဒုဂ် သံဝေဂ ရ | ၄၇ |
| ၁၈။ | ဇနီးလိမ္မာ | ၅၀ |
| ၁၉။ | မဟာဒုဂ်နှင့် တံငါသည် | ၅၅ |

၂၀။ သိကြားမင်းနေရာ ပူပြင်းရှာ ၅၈
၂၁။ ဝေယျာဝစ္စ ကိုယ်တန်ဆာ ၆၀
၂၂။ ကောင်းမှုရှိရင် ရမယ် ၆၅
၂၃။ ကိုယ်တိုင် ကပ်လှူပါ ၇၅
၂၄။ ချက်ချင်းအကျိုးပေး ၇၇
၂၅။ အလှူအကျိုးကြီးခြင်း ၈၀
၂၆။ မှားလို့ သွားမိတယ် ၈၄
၂၇။ ရှင်မပြုဖူးသေးလို့ ၈၇
၂၈။ အကုသိုလ်ရေမြောင်း ၉၀
၂၉။ ချင်ခြင်းတပ်သည် ၉၃
၃၀။ ရှင်ပြုအစီအစဉ် ၉၆
၃၁။ တစပဥ္စက ကမ္မဋ္ဌာန်း ၁၀၁
၃၂။ သာသနာ့အမွေ ၁၀၇
၃၃။ ဥပမာ သုံးချက် ရ ၁၁၅
၃၄။ ဘုရားရှင်လည်း စောင့်ရှာ ၁၂၃
၃၅။ အပိုင်းနှစ်ပိုင်း ၁၃၀
၃၆။ မျိုးစေ့နှစ်ခု ပါမှ ၁၃၁
နိဂုံး

# ဓမ္မဒူတ အရှင်ပညာဇောတ၏

## ထေရုပ္ပတ္တိအကျဉ်းချုပ်

**နေရပ်လိပ်စာ**

ဘွဲ့တော် – ဓမ္မဒူတအရှင်ပညာဇောတ။

အသက်တော် – ၆၀ နှစ်၊ သိက္ခာ ၄၀ ဝါ။

သီတင်းသုံးရာဌာန – မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ။

**ဖွားမြင်တော်မူခြင်း**

ဖွားမြင်ရာဌာန– ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။

ခမည်းတော်၊ မယ်တော် – ဦးတွတ် – ဒေါ်ငွေတင်။

ဖွားသက္ကရာဇ် – ၁၂၉၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ နံနက် ၁၀ း ၁၅ နာရီ။

မွေးချင်းများ –ဒေါ်သိန်း၊ အရှင်သုမိတ္တာဘိဝံသ၊ ဦးသန်းမောင်၊ ဦးသောင်း၊ ဦးလှထွန်း၊ ဦးချစ်၊ ဒေါ်မြင့်၊ ဦးအုန်းမောင် အားဖြင့် ရှစ်ယောက်ရှိရာတွင် ဓမ္မဒူတ အရှင်ပညာဇောတသည် ခြောက်ယောက်မြောက်ဖြစ်ပါသည်။

ငယ်မည် – မောင်ချစ်

**ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း**

ရှင်ဖြစ်ရာဌာနနှင့် နေ့စွဲ – ဟသ်ာတမြို့နယ်၊ ရေလဲကျေး ရွာစာသင်တိုက်။ ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်နေ့။

ဥပဇ္ဈာယ်ဆရာ – အရှင်ဥတ္တမ၊ ရေလဲကျေးရွာ စာသင် တိုက်။

ဒါယကာ – ဦးတွတ် – ဒေါ်ငွေတင်၊ ပဲခူးစုကျေးရွာ၊ လက်ပံလှ ကျေးရွာအုပ်စု၊ ဟသ်ာတမြို့နယ်။

ရဟန်းဖြစ်ရာဌာနနှင့် နေ့စွဲ – ရန်ကုန်တိုင်း၊ စမ်းချောင်း မြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိမ်ဒွိတိုက်၊ ဗဒ္ဓသိမ်။ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် ၉း၁၅ နာရီ။

ဥပဇ္ဈာယ်ဆရာ – ဓမ္မဝတီကျောင်းဆရာတော်၊ အဂ္ဂ မဟာ ပဏ္ဍိတ အရှင်ဥတ္တမ။

ရဟန်းဒါယကာ – ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း သင်္ဂဟာပွဲရုံ ဦးစံ – ဒေါ်ကင်။

ရှင်ဘွဲ့တော် – ရှင်ပညာဇောတ။

ရဟန်းဘွဲ့တော် – အရှင်ပညာဇောတ။

**စာပေပရိယတ္တိသင်ကြားခြင်း**

ကျောင်းသားဘဝ – ၁၂ နှစ်သားမှ ကျောင်းနေ၍ မြန်မာစာ၊ သင်္ချာ၊ ၁၅ စောင်တွဲမျှ သင်ခဲ့သည်။ ရေလဲကျေးရွာ စာသင်တိုက်၊ အရှင်ဥတ္တမ။

ရှင်သာမဏေဘဝ – ငယ် – လတ် – ကြီးအထိ သင်ယူခဲ့ သည်။ ဆရာတော် အရှင်ဥတ္တမ – ရန်ကုန်၊ နောင်တော် အရှင်

သုမိတ္တာဘိဝံသ – ရန်ကုန်၊ အရှင်ဇနကာဘိဝံသ – အမရပူရ တို့ဖြစ်ပါသည်။

ရဟန်းဘဝ – ဓမ္မာစရိယနှင့် ဒီဃ ဘာဏကအောင်သည် အထိ သင်ယူခဲ့သည်။ ခေတ်ပညာများကို သံဃာ့တက္ကသိုလ်၌ သုံးနှစ်သင်ယူခဲ့သည်။ အရှင်ကောဝိဒါဘိဝံသ – မန္တလေး၊ အရှင် နာရဒါဘိဝံသ – မန္တလေး၊ အရှင်သေဋ္ဌိလ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးလှမောင်၊ ဦးဖေအောင်၊ ဦးစဝ်ထွန်းမှတ်ဝင်းတို့ ဖြစ်ပါသည်။

**ပဋိပတ္တိကျင့်ခြင်း**– ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရွှေဥမင်တောရ အရှင်ကောသလ္လမဟာထေရ်အထံ၌ လေးဝါတိုင်တိုင် သင်ကျင့်ခဲ့သည်။

**တရားဟောနှင့်ကျမ်းပြု**– အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ) အမရပူရ၊ အရှင်ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)၊ ပဋ္ဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မိုးကုတ်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)၊ စာရေးဆရာကြီး ဦးသော်ဇင်တို့အထံ၌ တရားဟော၊ တရားပြနှင့် ကျမ်းပြုအတတ်ကို သင်ယူခဲ့သည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**– အစိုးရစာချတန်း၌ မြန်မာ ဂုဏ်ထူးနှင့် အောင်မြင်ခဲ့၍ ‘သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ’ ဘွဲ့တံဆိပ်၊ တိပိဋကဓရ ရွေးချယ်ပွဲ၌ သုတ် သုံးကျမ်းကို အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်ခဲ့၍ ‘ဗုဒ္ဓ သာသန ဝိသိဋ္ဌဒီဃဘာဏက’ဘွဲ့တံဆိပ်နှင့် စေတီယင်္ဂဏ စာ

မေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်ခဲ့၍ 'အဘိသိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယ ဓရ'ဘွဲ့တံဆိပ်များ ရရှိခဲ့သည်။

**စာပေကျမ်းဂန်ပို့ချသင်ကြားပေးခြင်း**– တောင်ဇွန်း ဓမ္မဒူတ တောရ၌ ရှင်ရဟန်း ၁၀၀ ကျော်၊ မဏိဓေယျ သီလရှင် စာသင် တိုက်၌ သီလရှင် ၅၀ ကျော်တို့ကို မူလ – ငယ် – လတ် – ကြီး – စာချတန်းတို့ကို သင်ကြားပို့ချလျက်ရှိပါသည်။

**တည်ထောင်ခဲ့သော စာသင်တိုက်များ**

(၁) ဓမ္မဒူတတောရ စာသင်တိုက်၊ တောင်ဇွန်း (ရှင်ရဟန်း ၁၀၀ ကျော်ရှိ)

(၂) မဏိဓေယျသီလရှင်စာသင်တိုက်၊ တောင်ဇွန်း (သီလရှင် ၅၀ ကျော်ရှိ)

(၃) ဓမ္မဒီပရိပ်သာ၊ အင်းရဲ၊ ကျုံပျော် (ရှင်ရဟန်း၊ သီလရှင် ၃၀ ကျော်ရှိ)

(၄) ဓမ္မဒူတကျောင်းတိုက်၊ မုဒုံ (ရှင်ရဟန်း ၂၀ ကျော်ရှိ)

(၅) ဓမ္မဒူတရိပ်သာ၊ သထုံ (တစ်နှစ်လျှင် နှစ်ကြိမ် တရားစခန်းဖွင့် စာသင်)

**ရေးသားပြုစုသော ကျမ်းစာများ**

| | |
|---|---|
| ၁။ ဒါနဝတ္ထု | (၃)ကြိမ်ရိုက်ဆဲ |
| ၂။ သီလဝတ္ထု | ။ |
| ၃။ ဗုဒ္ဓဓမ္မပြဿနာများ (၁) | (၃)ကြိမ်ရိုက်ဆဲ |
| ၄။ ဘာဝနာဝတ္ထု | ။ |
| ၅။ ဒေါသဖြေဖျောက်နည်း | (၂)ကြိမ်ရိုက်ပြီး |

| | | |
|---|---|---|
| ၆။ | ဗုဒ္ဓဓမ္မပြဿနာများ (၂) | (၂)ကြိမ်ရိုက်ဆဲ |
| ၇။ | ဗုဒ္ဓ၏သက်သတ်လွတ် | ။ |
| ၈။ | ဗုဒ္ဓဓမ္မပြဿနာများ (၃) | ။ |
| ၉။ | ရှင်လောင်းသင် ရှင်ကျင့်ဝတ် | ။ |
| ၁၀။ | ဗုဒ္ဓဓမ္မပြဿနာများ (၄) | ။ |
| ၁၁။ | အယူဝါဒရှင်းတမ်း | ။ |
| ၁၂။ | ဗုဒ္ဓဓမ္မပြဿနာများ (၅) | ။ |
| ၁၃။ | ဗုဒ္ဓဓမ္မပြဿနာများ (၆) | (၂)ကြိမ်ရိုက်ဆဲ |
| ၁၄။ | ငြင်းခုံပွဲမှ အမြတ် | ။ |
| ၁၅။ | မွေးမေ့မေတ္တာ | (၂) ကြိမ်ရိုက်ပြီး |
| ၁၆။ | ဗုဒ္ဓဓမ္မပြဿနာများ (၇) | (၂) ကြိမ်ရိုက်ဆဲ |
| ၁၇။ | အလှူခံတစ်ကျိပ်လေး | (၂) ကြိမ်ရိုက်ပြီး |
| ၁၈။ | ဗုဒ္ဓဓမ္မပြဿနာများ (၈) | (၂) ကြိမ်ရိုက်ဆဲ |
| ၁၉။ | ဓမ္မာနုပဿနာသတိပဋ္ဌာန်ရှုပွားနည်း အချုပ် | (၄) ကြိမ်ရိုက်ဆဲ |
| ၂၀။ | ဝေဒနာရှုပွားနည်း | (၃) ကြိမ်ရိုက်ပြီး |
| ၂၁။ | မီးကျီးတွင်းမှ ပွင့်သောကြာ | (၂) ကြိမ်ရိုက်ပြီး |
| ၂၂။ | ဓမ္မန္တရာယ်ကာကွယ်ရေး | (၂) ကြိမ်ရိုက်ဆဲ |
| ၂၃။ | ဗုဒ္ဓဓမ္မပြဿနာများ (၉) | (၂) ကြိမ်ရိုက်ဆဲ |
| ၂၄။ | သာသနာ့လမ်းစဉ် | (၂) ကြိမ်ရိုက်ပြီး |
| ၂၅။ | မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် | (၂) ကြိမ်ရိုက်ပြီး |
| ၂၆။ | အလှူသင်တန်း | (၂) ကြိမ်ရိုက်ဆဲ |
| ၂၇။ | အမှောင်နှင့်အလင်း | (၂) ကြိမ်ရိုက်ပြီး |
| ၂၈။ | မျှတမှ တရားရ | (၂) ကြိမ်ရိုက်ဆဲ |

၂၉။ အနေကဇာတင်နည်း (၇)နည်း (၁) ကြိမ်ရိုက်ပြီး
၃၀။ ဓာရဏပရိတ်နှင့် ဘုရားရှိခိုးများ (၁) ကြိမ်ရိုက်ပြီး
၃၁။ သက်ရှင်ဆွမ်းကျွေးတရားတော် (၂) ကြိမ်ရိုက်ပြီး
၃၂။ ဗုဒ္ဓဓမ္မပြဿနာများ (၁၀) (၁) ကြိမ်ရိုက်ပြီး
၃၃။ ဓာရဏပရိတ်နှင့် ပါဠိဖတ်နည်း
ပုံသေနည်း (၁) ကြိမ်ရိုက်ပြီး
၃၄။ ဝိဇ္ဇာနှင့် စရဏ (၂) ကြိမ်ရိုက်ဆဲ
၃၅။ မုံ့သေ ပြုံးသေ (၁) ကြိမ်ရိုက်ပြီး
၃၆။ သောက ငြိမ်းသတ် တရားမြတ် ။
၃၇။ သက်သတ်လွတ်ဆောင်းပါးများ (၁) ကြိမ်ရိုက်ဆဲ
၃၈။ ဒဏ်ဆယ်ပါး ။
၃၉။ ဗုဒ္ဓဓမ္မပြဿနာများ (၁၁) (၁) ကြိမ်ရိုက်ပြီး
၄၀။ မဟာဒုက် ရဟန္တာဖြစ်ခန်း ။
၄၁။ ကိုယ်သာ နာစေ စိတ်မနာစေနဲ့ (၁) ကြိမ်ရိုက်ဆဲ
၄၂။ အာဋ္ဌာဝကချွတ်ခန်း ။
၄၃။ မျောလေးမျောဝင် ကျုံ့ပျော်မြတ်ချမ်းသာ
ဘုရားသမိုင်း ။
၄၄။ သင်္ခါရနှင့် လက္ခဏာ ။
၄၅။ ကိုယ်စောင့်တရား လေးပါး ။
၄၆။ နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရ ။
၄၇။ ရှိတိုင်း သိတာ သိပဿနာ ။
၄၈။ ဝိပဿနာဆိုတာ ဘာလဲ တစ်ကြိမ်ရိုက်ဆဲ
၄၉။ ဝိပဿနာ အလုပ်သင် ။
၅၀။ ရုပ် နာမ်သံ ကြားရ ကျိုးဖလ ။

၅၁။ ဗုဒ္ဓ ဓမ္မ ပြဿနာများ (၁၂) ။
တို့ ဖြစ်ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်ခြင်း**

**သာသနာရေးဆိုင်ရာ အဖွဲ့များ၌** – ဘီးလင်းမြို့နယ်၊ ရွှေကျင် နိကာယသံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ၁၀ နှစ်၊ သမ္မုတိရ သံဃကိုယ်စားလှယ်၊ ရွှေကျင်နိကာယပြည်နယ် သံဃနာယက အဖွဲ့ဝင်၊ ရွှေကျင် နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက။

**ပဋိပတ်သာသနာပြုလုပ်ငန်း** – ဓမ္မာနုပဿနာသတိပဋ္ဌာန် နည်းဖြင့် (၁၀)ရက်စခန်း၊ (၇)ရက်စခန်းစသည် စခန်းပေါင်း ၇၀ ကျော်တို့တွင် တရားဟော တရားပြလျက်ရှိပြီး အလှူပွဲ၊ ဘုရားပွဲ၊ စာပြန်ပွဲကြီးများတွင်လည်း တရားဟောဆဲဖြစ်ပါသည်။

**အခြားရရှိသောဘွဲ့တံဆိပ်** – ၁၉၉၃ ခုနှစ်လွတ်လပ်ရေးနေ့ ၌ နိုင်ငံတော်မှ 'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်ကို ဆက်ကပ်ခံရပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ

**ထူးခြားသောဆောင်ရွက်ခြင်း** – စာချခြင်း၊ တရားဟောခြင်း၊ တရားပြခြင်းကိစ္စများ ပြီးလျှင်ပြီးချင်း အားချိန်နားချိန် သီးခြား မထားဘဲ ကျမ်းစာကြည့်ရှုခြင်း၊ ကျမ်းစာရေးသားခြင်း၊ ဆောင်းပါး များ ရေးသားခြင်းဖြင့် အချိန်ကို ကုန်လွန်စေပါသည်။

**ထူးခြားသော မိန့်မှာချက်များ**

'သာသနာတော်၌နေသော သာသနာ့ဝန်ထမ်းဆိုတာ အမြဲ တမ်း ဝန်ထမ်းနေရမယ်၊ ဝန်ပေါ့နေလို့မဖြစ်ဘူး။ သာသနာ့တာဝန် ဆိုတာ သင်တာကျင့်တာပဲ၊ သင်ယူရင်း ကျင့်ရမယ်၊ ကျင့်ရင်း

လည်း သင်ယူရမယ်၊ မသင်မကျင့်လျှင် သာသနာ့ဝန်ထမ်း မဟုတ်ဘူး။ သာသနာတော်နှင့် မထိုက်တန်ဘူး။'

'မိမိတို့အတွက် သင်ကျင့်ပြီးလျှင် အများအတွက် သာသနာ ပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး။ ဗုဒ္ဓ ဘုရားသည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် သတ္တဝါများအတွက် အကျိုးဆောင်သွားသလို မိမိတို့လည်း သေသည့်တိုင်အောင် သာသနာ့အကျိုးကို သည်ပိုးရွက်ဆောင်ကြပါ'ဟု မိန့်ကြားလေ့ ရှိပါသည်။

## ဓမ္မဒူတ ပန်းတိုင်

ဓမ္မဒူတ တောရနေပြား သံဃာများတို့

၁။ ကောင်းဖို့ စိတ်ထား

၂။ လေးစားဝိနည်း

၃။ ကိုယ်လည်း ကြံ့ခိုင်

၄။ နေထိုင် သန့်ရှင်း

၅။ မယွင်း သွားတတ်

၆။ သပ်ရပ် နေထိုင်

၇။ ပိုင်ပိုင် ပြောတတ်

၈။ စားဝတ်တတ်ကာ

၉။ လိုက်နာ စည်းမျဉ်း

၁၀။ တတ်ခြင်း စာပေ

ဆယ်ထွေ ပြည့်ဝ ရှိလေမှ မုချ ပန်းရောက်မည်။

## ဓမ္မဒူတ တရားတာဝန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ

# မဟာဒုက် ရဟန္တာ ခဖြစ်ခန်း

## တရားတော်အမည်

သာသနာတော် သက္ကရာဇ် ၂၅၃၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆ ခုနှစ်၊ နွေဥတု နှောင်းတန်ခူးလဆန်း ၈ ရက်နေ့ညတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့၊ ရှစ်မိုင်၊ ပေါက်စေတီဓမ္မရိပ်သာ၌ အုတ်ကျင်း ဂုန်နီစက်ရုံမိသားစုတို့၏ ပထမအကြိမ် ရဟန်းခံ ရှင်ပြု သီလရှင်ဝတ် ခုနစ်ရက်စခန်း တရားအလုပ်ပေးပွဲ နောက်ဆုံးနေ့၌ ခုနစ်ရက်စခန်းတွင် ဆည်းပူးပြုလုပ်ခဲ့ကြသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်ကောင်းမှု အသီးသီးတို့ မည်၍မည်မျှ အကျိုးကြီးသည်ဟု သိပြီး မနက်ဖြန်ကနေစ၍ ရာသက်ပန် အပရစေတနာပွား ဝမ်းမြောက်ဝမ်းသာဖြစ်ရန် အနုမောဒနာအနေဖြင့် ဟောကြားအပ်သော ဥဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိ အဋ္ဌကထာ၌လာသော ‘မဟာဒုက်ရဟန္တာဖြစ်ခန်း တရားတော်’လို့ တရားတော်နာမည်ကို ဒီလိုပေးလိုက်ပါ။

## ဖိတ်ကြရအောင်

ဒီတရားတော်က အနုမောဒနာတရားတော်ဖြစ်ခြင်းကြောင့် ဒီတရားပွဲကို ကိုယ်တိုင်လာရောက်ပြီး နာကြားကြဖို့ သာဓုအနုမောဒနာ လာရောက်ပြီး ခေါ်ကြဖို့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အနန္တမှန်သမျှတို့ကို ဖိတ်ကြရအောင်ပါ။

သာသနမာမကာသဗ္ဗေ၊
သုကာန္တု အတိဒုလ္လဘံ။
ဘယာဟိတာ သုခါပေက္ခာန္တု၊
မောဒန္တု သဟဉာတိဘိ။

**ဘောန္တော – သပ္ပုရိသာ** – ကောင်းဆိုးနှစ်တန် ခွဲခြားရန်ကို ကေန်လိုလား အို သူတော်စင် ပရိတ်သတ်အများတို့၊

**သဗ္ဗေ** – ဗုဒ္ဓုပ္ပါဒ ခဏဘုံတိုက် ခါကောင်းကြိုက်ကြုံ၊ အလုံးစုံကုန်သော၊

**သာသနမာမကာ** – ဓမ္မ၊ အဓမ္မ နှစ်ဌာနတွင် အဓမ္မပစ်၊ ဓမ္မချစ်၍ အနှစ်ကိုသာ များစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင်၊ သက်ဝင်လိုက်စား၊ သာသနာ့ဘက်တော်သားဖြစ်ကြကုန်သော ဘဝများစွာ ကမ္ဘာများစွာ၊ သံသရာအဆက်ဆက်က မိဘ ဆရာသမား၊ ဆွေမျိုးမိတ်ဆွေ၊ ညီအစ်ကို၊ မောင်နှမ၊ တပည့်တပန်း၊ ဒကာ ဒကာမတော်စပ်၍ တမလွန်ဘဝပြောင်းသွားကြကုန်သော ပုဂ္ဂိုလ်များနှင့် တကွ ရဟန်းရှင်ဟူ နတ်၊ လူ၊ ဗြဟ္မာ ပေါင်းများစွာတို့သည်၊

**အတိဒုလ္လဘံ** – သာသနာပ၊ ခါသမယတွင် တစ်ပါဒပင်ကြားနာချင်လည်း အမှန်ပင်ခဲ၍ လွန်ကဲကျပ်တည်း အံ့သြဖွယ်အတိပြီးသည့် ဓမ္မောသခဆိုတဲ့ အမြိုက်ရေစင်တရားတော်မြတ်ကြီးကို၊

**သုကာန္တု** – သူပါမှ ငါသွားမည်ဟု တစ်ပါးကိုမမင်ဖွယ်၊

တရားကိုသာ ခင်တွယ်ရုံးပါမှ နှင်တကယ် အသုံးကျမည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမလျက် ရုံးထကြွလာ၊ သဒ္ဓါစေတနာ နှစ်ဖြာညီမျှ၊ လေးဝအဓိပတိ၊ လှည့်စီညှိပြီး၊ သတိမကွာ၊ နာယူ ကျင့်သုံးလိုက်ကြပါကုန်လော့၊

**တေသာသနမာမကာ** – ဓမ္မ၊ အဓမ္မ နှစ်ဌာနတွင် အဓမ္မပစ်၊ ဓမ္မချစ်၍၊ အနှစ်ကိုသာ၊ များစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင် သက်ဝင်လိုက်စား ဤသာသနာ့ဘက်တော်သား ဖြစ်ကြကုန်သော ဘဝများစွာ ကမ္ဘာများစွာ သံသရာအဆက် ဆက်က မိဘဆရာသမား၊ ဆွေမျိုးမိတ်ဆွေ၊ ညီအစ်ကိုမောင်နှမ၊ တပည့်တပန်း၊ ဒကာ – ဒကာမ တော်စပ်၍ တမလွန်ဘဝပြောင်း သွားကြကုန်သော ပုဂ္ဂိုလ်များနှင့်တကွ ရဟန်း ရှင်ဟူ၊ နတ်၊ လူ၊ ဗြဟ္မာ ပေါင်းများစွာတို့သည်၊

**ဘယာတီတာ** – ပစ္စုပ်သံသရာ၊ နှစ်ဖြာကြောက်မက်ဖွယ်၊ ဘေးသွယ်သွယ်မှ ကိုယ်ဝယ်စိတ်ဝယ်၊ ငြိတွယ်မရောက် လွန် မြောက်ကြကုန်သည်၊

**ဝါ – ဘယာတီတာ** – သားရေး၊ သမီးရေး၊ စီးပွားရေးက နေရေးထိုင်ရေး၊ ကျန်းမာရေးဖြင့် မင်းရေးစိုးရေး၊ မီးထင်းရေးဟု အရေးအထပ်ထပ် ဘေးအရပ်ရပ်နှင့် နာဂတ်နှောင်ဝယ် အပါယ် အောင်ရေး၊ ဒုက္ခဘေးတို့မှ ကင်းဝေးလွန်မြောက်ကြကုန်သည်၊

**သုခါ** – ကိုယ်ရောစိတ်ရော၊ နှစ်နှော တည်ငြိမ်၊ ဆိစိမ့်ဝမ်း အလား ပီတိသောမနဿတွေ တံဖွားဖွားနှင့် ဘုရားတရားတော်

တွေကို တွေးဆ၊ မတရားအလကား အချော်တွေကို ဘေးချလျက် အေးမြချမ်းသာကုန်သည်၊

**ဟောန္တု** – ဓမ္မောဟဝေရက္ခတိ၊ ဓမ္မစာရီ၊ ဒေသနာတော်နှင့် ကိုက်ညီသဖြင့် ထိုက်သည်စင်စစ် အမှန်အတိုင်း ဖြစ်ကြပါစေကုန်သတည်း။

**တေ – သာသနမာမက** – ဓမ္မ၊ အဓမ္မ နှစ်ဌာနတွင် အဓမ္မပစ်၊ ဓမ္မချစ်၍ အနှစ်ကိုသာ များစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင် သက်ဝင်လိုက်စား ထိုသာသနာ့ဘက်တော်သား ဖြစ်ကြကုန်သော ဘဝများစွာ၊ ကမ္ဘာများစွာ၊ သံသရာအဆက်ဆက်က မိဘဆရာသမား၊ ဆွေမျိုး၊ မိတ်ဆွေ၊ ညီအစ်ကိုမောင်နှမ၊ တပည့်တပန်း၊ ဒကာ – ဒကာမတော်စပ်၍ တမလွန်ပြောင်းသွားကြကုန်သော ပုဂ္ဂိုလ်များနှင့်တကွ ရဟန်းရှင်ဟူ၊ နတ် လူ၊ ဗြဟ္မာ ပေါင်းများစွာတို့သည်၊

**သဟ – ဉာတိဘိ** – ကောင်းကျိုးအထွေထွေ၊ အဖိုးအခကို တောင်းဆုမခြွေဘဲ အချိုးကျကျရသဖြင့် တစ်ကာယတစ်ကိုယ်ရေ မကအောင် အပိုအနေဖြင့် မျိုးဆွေဟူသမျှ ညီအစ်ကိုမောင်နှမ ဉာတိသလောဟိတမည်လျှင်း ဆွေမျိုးပေါက်ဖော်တစ်သင်းတို့နှင့်တကွ၊

**မောဒန္တု** – ဝမ်းမြောက်တော်မူနိုင်ကြပါစေကုန်သတည်း၊

**ဝါ – မောဒန္တု** – စင်ဖြူတဲ့ စိတ်နှလုံးကြောင့် ရွှင်ပြုံးတဲ့ မျက်နှာဝယ်၊ ဖြူဒန္တ စိန်သွေးတို့ တဖွေးဖွေး၊ တလက်လက်

အရောင်တွေ သွယ်ယှက်ပြီး ဘယ်ဘက်က ဘယ်သူ့ကိုကြည့်လိုက်တိုင်း ရှုလိုက်တိုင်းရွှန်းရွှန်းစိုလျက် အပူဆို တစ်ပေါက်တစ်စက်ကမှ မြေးမခဘဲ အေးမြလျှမ်းတောက်၊ နိဗ္ဗာန်တိုင်စခန်း ပေါက်အောင် ဝမ်းမြောက်ကြည်နူးတော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

**အဝန်းသုံးပါး ဘုရားရှိခိုး**

ဒါက ဒီအနုမောဒနာ တရားပွဲကို လာရောက်နာကြားကြဖို့ ကုသိုလ်ရှင်..အသီးသီးတို့ ဝေငှမယ့် ကုသိုလ်အဖို့ဘာဂအမျှကို လာရောက်ပြီး သာဓုအနုမောဒနာခေါ်ဖို့ရာ ဖိတ်လိုက်တာပါ။ အဲဒီလိုဖိတ်ပြီးတော့ တရားပိုင်ရှင်ဖြစ်တော်မူသော တရားမင်း ဘုရင် ဘုရားရှင်ကို အဝန်းသုံးပါး ဘုရားရှိခိုးဖြင့် ရှိခိုးကြရအောင်ပါ။ အားလုံးပရိသတ်တွေ လက်အုပ်ချီမိုး ရှိခိုးပြီး အာရုံယူ ကြည်ညိုနေကြပါ။

တိမဏ္ဍလေ စရံသံဃ၊ နက္ခတ္တပရိဝါရိတံ။

သဒ္ဓမ္မသီတလောဘာသ၊ ဇနသန္တာပနာသကံ။

ပညာစက္ခုကရံပူဇေ၊ ဗုဒ္ဓပုဏ္ဏိန္ဒုမဏ္ဍလံ။

**သံဃနက္ခတ္တပရိဝါရိတံ** – အရိယာရှစ်ပါး တပည့်သားသာဝက၊ သံဃာတော်မြတ် အပေါင်းတည်းဟူသော နက္ခတ်တာရာ၊ ကြယ်တကာတို့ ဝန်းကာပတ်ခြံရံအပ်ပါပေထသော၊

**သဒ္ဓမ္မသီတလောဘာသဇနသန္တာပနာသကံ** – ဓမ္မက္ခန္ဓ၊ ဒေသနာတော်ပေါင်း ရှစ်သောင်းလေးထောင် အေးမြချမ်းကြည်

သော တရားရောင်တို့ဖြင့် မြားမြောင်လှစွာ သတ္တဝါတို့၏ ဆယ့်တစ်ဖြာညီး လောင်သည့်မီးကို အပြီးတိုင်ပယ်ဖျောက်တော်မူတတ်ပါပေထသော၊

**ပညာစက္ခုကရံ** – လေးရပ်သစ္စာ နက်နဲစွာကို ကောင်းစွာမျှော်ရှု၊ ဉာဏ်ပညာစက္ခုကို ပြုတော်မူတတ်ပါပေထသော၊

**တိမင်္ဂလာလေ** – မဇ္ဈေတိုက်ထွန်း၊ အဝန်းတွင်မှတ်၊ အလတ်ကျဉ်းကျယ်၊ လမ်းဆုံးသွယ်ရှင်၊

**စရံ – စရန္တံ** – မြင့်မိုရ်နှိုင်းရာ ဗောဓိချာကို ဗဟိုအလယ်ထားကြွသွားလှည့်လည်တော်မူတတ်ပါပေထသော၊

**ဗုဒ္ဓပုဏ္ဏိန္ဒုမင်္ဂလာလံ** – သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟူရောင်ဖြူပြထွန်း၊ လပြည့်ဝန်းကို၊

**အဟံ** – သူတော်သူမြတ်၊ လူနှင့် နတ်တို့ ကျေနပ်ရန်မျှော်ဘုရားတပည့်တော်သည်၊

**ပူဇေ – ပူဇေမိ** – ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကို လျော့၍ ကန်တော့မြတ်နိုး ကိုယ်ဝပ်လျှိုးလျက် ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

**မယံ** – တရားဟော ပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ်အကျွန်ုပ်တို့သည်၊

**ပူဇေ – ပူဇေမ** – မင်္ဂလာစရဏ လက်ဦးစ၍ ကြည်စွာကော်ရော်၊ ပူဇော်မြတ်နိုး ကိုယ်ဝပ်လျှိုးလျက် ရှိခိုးဦးညွတ်ပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓုပါဘုရား၊

၂၃၄ ၁၆

**ဣမိနာဗုဒ္ဓပဏာမေန** – ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်း တည်းဟူသော ပဏာမကုသိုလ်ကံစေတနာကြောင့်၊

**မော** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော်၊ ဘုရားတပည့်တော်၏၊

**ဇယမင်္ဂလံ** – အောင်ရန်ငှဲစောင်း၊ အောင်ဆုတောင်းသည့် အောင်ကြောင်းဆင်ရာ အောင်မင်္ဂလာသည်၊

**ဘဝတု** – မြေကြီးလက်ခတ်မလွဲလတ်သို့ ဆက်ဆက်မသွေ အမှန်ပင် ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

**ဣမိနာ – ဗုဒ္ဓပဏာမေန** – ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်းတည်းဟူသော ပဏာမကုသိုလ်ကံ စေတနာကြောင့်၊

**ဝေါ – တုမှာကံ** – ဘေးမျိုးမခဘဲ၊ ရန်မျိုးစဲ၍ အောင်ပွဲလိုလား သင်သူတော်စင် ပရိသတ်အပေါင်းတို့၏၊

**ဇယမင်္ဂလံ** – အောင်ခြင်းကြီးစွာ သူတကာထက် ရာမြန်ဆင့်ဆင့် နေလိုပွင့်လျက် အောင်ခွင့်အောင်လမ်း၊ အောင်ပန်းအောင်ရေ၊ အောင်စေမင်္ဂလာ၊ အောင်ရာအောင်ကြောင်း၊ အောင်ဆုမြတ်မင်္ဂလာအပေါင်းသည်၊

**ဘဝတု** – မြေလက်ခတ်နဲ့ မြွှာက်သည့်ခဲသို့ မလွဲမသွေ အမှန်ပင်ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

## ဘယ်ပုဂ္ဂိုလ်အကြောင်းပြု

ဘုန်းကြီးတို့ မဟာဒုက် ရဟန္တာဖြစ်ခန်း အနုမောဒနာ တရားကို မဟောမီ၊ မနာမီ တရားနာဖိတ်ခြင်း၊ သာဓုခေါ်ဖို့ရာ ဖိတ်ခြင်း၊ ဘုရားရှိခိုးခြင်း ဆိုတဲ့ ပုဗ္ဗကိစ္စ ပရိကမ်များကိုပြုပြီးတော့ မဟာဒုက်ရဟန္တာဖြစ်ခန်း တရားကို ဟောကြနာကြစို့လို့ ဆိုတော့၊

ဒီတရားကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဘယ်ဌာန၊ ဘယ်လောကမှ သီတင်းသုံးတော်မူစဉ် ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူတာလဲ။

အခါတစ်ပါး ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့အခါ မဟာဒုက်ဘဝကနေ တစ်ဖြစ်လဲလာတဲ့ ပဏ္ဍိတသာမဏေကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

ဘုန်းကြီးတို့ပရိသတ်တွေ မဟာဒုက်သူဌေးဖြစ်တာ ကြားဖူးနေကြပါတယ်။ အေး၊ သူဌေးဖြစ်တာက ဟိုကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်အခါတုန်းက ဖြစ်တာပါ။ အဲဒီသူဌေးဘဝက စုတေပြီး နတ်ပြည်ရောက်၊ နတ်ပြည်တစ်ပြည်မှ နတ်ပြည်တစ်ပြည်၊ နတ်ပြည်မှ လူ့ပြည် စုန်ချီဆန်ချီ ကျင်လည်နေပြီးတော့မှ ဘုန်းကြီးတို့ ဂေါတမဘုရားရှင် လက်ထက်တော်အခါ သာဝတ္ထိ ပြည် ရှင်သာရိပုတ္တအရှင်မြတ်ရဲ့ ဆွမ်းခံအိမ်မှာ ပဋိသန္ဓေတည်နေပါတယ်။

မွေးဖွားတဲ့အခါ ပဏ္ဍိတလို့ အမည်မှည့်ပြီး ခုနစ်နှစ်အရွယ်မှာ ရှင်သာရိပုတ္တအထံမှာ ရှင်ပြုပြီး ခုနစ်ရက်လွန်မြောက် ရှစ်ရက်မြောက်တဲ့နေ့မှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားတဲ့ ကိုရင်ပဏ္ဍိတကို အကြောင်းပြုပြီး ဟောကြားတဲ့တရားတော်ပါ။

**ကဿပဘုရားရှင်**

အဲဒီကိုရင်ပဏ္ဍိတရဲ့ အတိတ်အကြောင်းကို ပြန်ပြောင်းပြီးတော့ ဟောမယ်ဆိုရင် ဘုန်းကြီးတို့ ဂေါတမဘုရားရှင်မတိုင်ခင် အတိတ်ရှေးအခါ ကဿပဘုရားရှင် လက်ထက်တော်အခါက ကဿပဘုရားရှင်သည် နောက်ပါရဟန္တာသံဃာတော် အရှင်မြတ်အပေါင်း နှစ်သောင်းခြံရံပြီး ဗာရာဏသီပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူပါတယ်။

**အာဂန္တုကအလှူ**

အဲဒီလို ကြွချီတဲ့အခါ ဗာရာဏသီ ပြည်သူပြည်သားလူအများတို့သည် မိမိတို့၏ သဒ္ဓါအင်အား၊ ပစ္စည်းအင်အားကို မှတ်သား၍ ရှစ်ယောက်၊ ဆယ်ယောက်စသည်ပေါင်းပြီး ကဿပဘုရားရှင်အမှူးရှိတဲ့ သံဃာတော်နှစ်သောင်းကို အာဂန္တုက အလှူဒါန အစရှိသည်တို့ကို လှူဒါန်းကြပါတယ်။

**စုပေါင်းအလှူတရား**

အဲဒီလို လှူဒါန်းတဲ့အခါမှာ တစ်နေ့ ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီစုပေါင်းအလှူပွဲဆွမ်းကိစ္စအပြီးမှာ

အဲဒီစုပေါင်းအလှူရှင်တွေကို ဒီလို အနုမောဒနာတရား ဟောပါတယ်။ ဘယ်လိုဟောသလဲဆိုတော့ ဥပါသကာ ဒါယကာတို့ ဒုက္ခထုပြော သတ္တဝါတွေ ပေါလှတဲ့ ဒီလောကကြီးထဲမှာ အလှူဒါနနှင့်ပတ်သက်၍ ပြောရလျှင် ပုဂ္ဂိုလ်သတ္တဝါတို့သည် လေးမျိုးတို့ ရှိကုန်အံ့။

**ပုဂ္ဂိုလ် လေးမျိုး**

အဲဒီ လေးမျိုးတို့က ဘယ်လိုလဲဆိုလျှင် ဆိုကြည့်ပါ။

*၁။ မိမိသာလှူ၊ သူများမှု၊ မလှူစေခဲ့ပါ။*

ဥပါသကာ ဒါယကာတို့၊ ဤလောကမှာ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် မိမိပစ္စည်းကိုသာလျှင် လှူဒါန်းသင့်ပါတယ်။ သူများတွေကို လှူဒါန်းဖို့ရာ တိုက်တွန်းခြင်းဖြင့် ဘယ်အကျိုးရှိပါအံ့နည်းလို့ စဉ်းစားပြီး ကိုယ်သာလှူပါတယ်၊ သူများတွေကို လှူဒါန်းပါဦးလို့ မတိုက်တွန်းသူ တစ်ယောက်ရှိပါတယ်။ နောက်တစ်ခါ ပုဂ္ဂိုလ်တစ်ယောက်ကို ဆိုကြည့်ပါ။

*၂။ မိမိမလှူ၊ သူများမှု၊ ပေးလှူစေခဲ့ပါ။*

ဥပါသကာဒါယကာတို့၊ ဤလောကမှာ အချို့သော ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်တိုင်ကတော့ မလှူဒါန်း၊ မပေးကမ်း မစွန့်ကြဲပါ။ သူများတွေကိုတော့ လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြဲပါဦး စသည်ဖြင့် တိုက်တွန်းနှိုးဆော် ကုသိုလ်ပြုလုပ်ဆောင်ရွက်ပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးလည်း ရှိပါတယ်။ နောက်တစ်ခါ ပုဂ္ဂိုလ်ကို တစ်ယောက်ကို ဆိုကြည့်ပါ။

*၃။ မိမိမလှူ၊ သူများမှ၊ မလှူစေခဲ့ပါ။*

ဥပါသကာ ဒါယကာတို့၊ ဤလောကမှာ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် မိမိကိုယ်တိုင်ကလည်း မလှူဒါန်း၊ မပေးကမ်း၊ မစွန့်ကြပါ။ သူများတွေကိုလည်း လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြပါဦး စသည်ဖြင့် တိုက်တွန်း နှိုးဆော်တဲ့ ကုသိုလ်ကို မပြုလုပ် မဆောင်ရွက်ပါ။ ဒီလိုပုဂ္ဂိုလ်မျိုးလည်း ရှိပါတယ်။ နောက်တစ်ခါ ပုဂ္ဂိုလ်တစ်ယောက်ကို ဆိုကြည့်ပါ။

*၄။ မိမိလဲ လှူ၊ သူများမှ၊ ပေးလှူစေခဲ့ပါ။*

ဥပါသကာ ဒါယကာတို့၊ ဤလောကမှာ အချို့သော ပုဂ္ဂိုလ်သတ္တဝါသည် မိမိကိုယ်တိုင်ကလည်း လှူဒါန်းပေးကမ်းစွန့်ကြပါတယ်။ သူများတွေကိုလည်း လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြပါဦး စသည်ဖြင့် တိုက်တွန်းနှိုးဆောင်တဲ့ ကုသိုလ်ကို ပြုလုပ်ဆောင်ရွက်ကြပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးလည်း ရှိပါတယ်။

## မှန်ကြည့်တာနှင့် တူ

ဘုရားရှင်ရဲ့ တရားတော်တွေကို နာကြားရတာက ဘာနဲ့ တူပါသလဲလို့ မေးရင် မှန်ကြည့်ရတာနှင့် တူပါတယ်၊ ဟုတ်ပါတယ်။ ဘုရားရှင်ကလဲ 'ဓမ္မာဒါသ တရားမှန်'လို့ ဟောခဲ့တာ ရှိပါတယ်။

မှန်ကြည့်တယ်ဆိုတာ မိမိကိုယ်ကို အပြစ်အနာအဆာရှိလား၊ မရှိလားလို့ ကြည့်ရှုတာပါ၊ ဟုတ်ပါတယ်။ မှန်ကြည့်လိုက်တဲ့အခါ မိမိမှာ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာ မှန်ထဲမှာ ပေါ်

လာပါတယ်။ အပြစ်ရှိရင် သနပ်ခါး၊ ပေါင်ဒါ နံ့သာ ပန်း စသည်တွေနဲ့ ပြုပြင်မွမ်းမံခြယ်သလိုက်ပါတယ်။ အပြစ်မရှိရင် အားရ ဝမ်း သာစွာနှင့် လှသထက်လှအောင် ပြုပြင်မွမ်းမံခြယ်သ လိုက်ပါတယ်။

အဲဒီ ဥပမာအတူတူပါ။ ယခု တရားနာတာလည်း မှန် ကြည့်တာနှင့် အတူတူပါ။ ကိုယ့်ရုပ်ပုံသဏ္ဍာန်ကို တရား မှန် ပြင်ပေါ် တင်ကြည့်တာပါ။ ဒီတရားတော်ကို နာကြားလို့ပြီး သွားရင် ယခု ပုဂ္ဂိုလ်လေးယောက် စုံသွားတဲ့အခါ ဒီပုဂ္ဂိုလ် လေးယောက်ထဲမှာ မိမိလည်း ပါသွားပါတယ်။ ကောင်းတဲ့ ပုဂ္ဂိုလ်လား၊ မကောင်းတဲ့ ပုဂ္ဂိုလ်လားဆိုတာ ပေါ်လာပါတယ်။

မကောင်းတဲ့ပုဂ္ဂိုလ် ဆိုရင် အပြစ်ရှိတဲ့ ပုဂ္ဂိုလ်ပဲပေါ့၊ ဒါ ပြင်ရမယ့် ပုဂ္ဂိုလ်ပါ။ ကောင်းတဲ့ပုဂ္ဂိုလ်၊ အပြစ်ကင်းတဲ့ ပုဂ္ဂိုလ် ဆိုရင် ဝမ်းသာအားရ ပီတိသောမနဿဖြစ်ပြီးတော့ လှသထက် လှအောင် ရှေ့တိုးပြီး ပြင်ဆင်ရမယ်၊ ပြုလုပ်ဆောင်ရွက်ရပါမယ်။

**ဘယ်ပုဂ္ဂိုလ် ကောင်းလဲ**

ကဲ ဦးပဉ္ဇင်းကြီးတွေ၊ တရားမှန်ကြည့်ပြီးပြီ၊ တရားမှန် ထဲမှာ ပုဂ္ဂိုလ်လေးယောက်လည်း ပေါ်လာပါပြီ။ ဘယ်ပုဂ္ဂိုလ် အကောင်းဆုံးလဲလို့မေးရင်–

နံပါတ်(၄) ပုဂ္ဂိုလ် အကောင်းဆုံးပါ။

ဟုတ်ပါတယ်၊ နံပါတ်(၄)ဖြစ်တဲ့ မိမိလဲလှူ၊ သူများကိုလဲ လှူပါဦး စွန့်ကြပါဦးလို့ တိုက်တွန်းတဲ့ ပုဂ္ဂိုလ် အကောင်းဆုံးပါ။

အဲဒီပုဂ္ဂိုလ် လေးမျိုးထဲမှာ ကိုယ်တိုင် လှူပြီး သူများကို မလှူခိုင်းတဲ့ နံပါတ်(၁)ပုဂ္ဂိုလ်ဟာ တစ်ဘက်က ကောင်းပါတယ်၊ တစ်ဘက်က မကောင်းသေးပါ။

သူများကိုတော့ လှူဒါန်းပါဦး၊ ပေးကမ်း စွန့်ကြဲပါဦး စသည်ဖြင့် တိုက်တွန်းနှိုးဆော်ပါရဲ့၊ မိမိကိုယ်တိုင်က မလှူဒါန်း၊ မပေးကမ်း၊ မစွန့်ကြဲတဲ့ နံပါတ်(၂)ပုဂ္ဂိုလ်လဲ တစ်ဘက်ကတော့ ကောင်းပါရဲ့၊ တစ်ဘက်က မကောင်းသေးပါ။

မိမိကိုယ်တိုင်လဲ မလှူဒါန်း၊ မပေးကမ်း၊ မစွန့်ကြဲပါ။ သူများတွေကိုလဲ လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြဲပါဦး စသည်ဖြင့် မတိုက်တွန်းတဲ့ နံပါတ်(၃)ပုဂ္ဂိုလ်ကတော့ နှစ်ဘက်လုံး မကောင်းပါ။

အဲဒီ နံပါတ်(၃)ပုဂ္ဂိုလ်ဟာ လူသေကောင်ဖုတ်တဲ့ ထင်းကုလားတုံးနှင့် တူပါတယ်တဲ့။ လူသေကောင်ဖုတ်တဲ့ ထင်းကုလားဟာ တောမှာလည်း အသုံးမကျပါ၊ မြို့ရွာမှာလဲ အသုံးမကျပါ။

ယခု နံပါတ်(၃)ပုဂ္ဂိုလ်လဲ ထင်းကုလားတုံးပမာ မိမိအတွက်လဲ အသုံးမကျပါ၊ မိမိမှတစ်ပါး အများအတွက်လဲ အသုံးမကျပါ။ ဒီလို ပုဂ္ဂိုလ်မျိုးတွေလဲ မရှိဘူးလား၊ ရှိပါတယ်။ ပိုတောင် များပါသေးတယ်။

မိမိလဲ လှူ၊ သူများတွေကိုလဲ လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြဲပါဦး စသည်ဖြင့် တိုက်တွန်းတဲ့ ပုဂ္ဂိုလ်ကတော့ အကောင်း

ဆုံး ပုဂ္ဂိုလ်ပါ။ နံပါတ်(၄)ပုဂ္ဂိုလ်သည် အကောင်းဆုံး ပုဂ္ဂိုလ် ဖြစ်သလို အရှားဆုံး ပုဂ္ဂိုလ်ပါ။

ကဲ ဒါဖြင့် ဦးပဥ္ဇင်းကြီးတွေ၊ ပုဂ္ဂိုလ်ဘယ်နှစ်မျိုးရှိသွား ပြီလဲ၊ ဦးပဥ္ဇင်းကြီးတွေ ဘယ်အမျိုးထဲပါသလဲမေးရင် ဘယ်လို ဖြေမလဲ။

'ပုဂ္ဂိုလ်လေးမျိုး ရှိပါတယ်ဘုရား၊ နံပါတ်(၄)ထဲပါ ပါတယ် ဘုရား'

'အောင်မယ် ဦးပဥ္ဇင်းကြီးတွေက ကြွားလိုက်တာ၊ နံပါတ် (၄)ထဲပါပါတယ်တဲ့၊ အေး၊ နံပါတ်(၄)ပုဂ္ဂိုလ်ဟာ အကောင်း ဆုံး ပုဂ္ဂိုလ်ပါ၊ အကောင်းဆုံးပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားပါ'

**ကြောင်းကျိုး ဆက်စပ်ကြည့်မှ**

အေး၊ အဲဒီပုဂ္ဂိုလ်လေးမျိုးနှင့် သူတို့ရဲ့ အကျိုးပေးကို စပ်ဟပ်ကြည့်တော့မှ ပိုပြီးတော့ သဘောပေါက်သွားပါမယ်။ သဘောပေါက်အောင် ဆိုကြည့်ပါ။

*၁။ မိမိသာလှူ၊ သူများမှူ၊ မလှူစေခဲ့ပါ၊*

*၂။ ဥစ္စာပေါများ၊ ခြွေရံရှား၊ ဖြစ်ငြားဘဝမှာ။*

ဥပါသကာ ဒါယကာတို့၊ ကိုယ်တိုင်လှူပြီးတော့ သူများ တွေကို လှူဒါန်းပါဦး စသည်ဖြင့် မတိုက်တွန်းတဲ့ ပုဂ္ဂိုလ်သည် ဖြစ်လေရာ ဘဝတိုင်းမှာ ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာမယ်၊ ကိုယ်တိုင်လှူဒါန်းခဲ့တဲ့အတွက်ကြောင့် စားရေး၊ ဝတ်ရေး၊ နေထိုင် ရေး ဆိုတဲ့ အရေးသုံးပါး ပြည့်စုံလုံလောက်မယ်။ အသုံးအဆောင်

ပရိဘောဂတွေ ပြည့်စုံမယ်။ ဒါပေမယ့်လို့ သူများတွေကို လှူဒါန်း ပါဦးစသည်ဖြင့် မတိုက်တွန်းခဲ့တဲ့အတွက် အခြေအရံ ပရိသတ်မရှိပါ။

ဟုတ်ပါတယ်၊ မျက်မှောက်ဘဝမှာ လက်တွေ့ လေ့လာကြည့်ပါ။ အချို့မှာ ပစ္စည်းတော့ သုံးမကုန်အောင်ရှိပါတယ်။ သားသမီးတစ်ယောက်မှ မရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။

အချို့ ဆရာသမားတော့ ဟုတ်ပါတယ်။ တပည့်တပန်း တစ်ယောက်မှ မရှိတဲ့ ဆရာသမားတွေ ရှိပါတယ်။ အခြေအရံ ပရိသတ်မရှိပါ။ ဘာဖြစ်လို့ အခြေအရံ ပရိသတ်မရှိလဲမေးရင် ရှင်းနေပါတယ်။ သူများတွေကို လှူပါဦး၊ ပေးကမ်းစွန့်ကြဲပါဦး စသည်ဖြင့် မတိုက်တွန်းတဲ့အတွက် အခြေအရံ ပရိသတ်မရှိပါ။

အေး၊ ကိုယ်တိုင်လှူဒါန်းတဲ့အတွက် ပစ္စည်းဥစ္စာတော့ ကြွယ်ဝချမ်းသာပါတယ်။ စားမယ့်လူ၊ သောက်မယ့်လူ၊ သုံးစွဲမယ့် လူ မရှိပါ။ ပစ္စည်းကတော့ ပေါလိုက်တာ၊ အဲဒါကြောင့် 'ပြုသမျှ အသစ် ဖြစ်သမျှ အဟောင်း' ဆိုတာ အဲဒါမျိုးပါ။

ဦးပဥ္စင်းကြီးတွေ၊ ကုသိုလ် မစုံရင် အကျိုးပေး မစုံပါ။ ယခု ကိုယ်တိုင်လှူခဲ့တဲ့ ကုသိုလ်တစ်မျိုးသာ ရှိပြီး အခြေအရံ ပရိသတ်ပေါများစေတတ်တဲ့ ကုသိုလ်မရှိတော့ အကျိုးပေးမစုံပါ။

ဟုတ်ပါတယ်၊ ပစ္စည်းတော့ သုံးစွဲမကုန်နိုင်အောင်ရှိပါတယ်။ သုံးစွဲမယ့်လူမရှိဘူးဆိုတော့လဲ ဟန်မကျသေးပါ။ မိမိကိုယ်ကို ပြုစုမယ့်လူလဲ မရှိ၊ ကူညီစောင့်ရှောက်မယ့်လူလဲမရှိပါ။

အချို့က ကိုယ်ကိုယ်တိုင်တော့ လှူဒါန်းပါတယ်။ သူများတွေ တိုက်တွန်းရတာ မလှူချင်မှန်းမသိ၊ လှူချင်မှန်းမသိ၊ မတိုက်တွန်းချင်ပါ၊ မလိုချင်လို့ ပိုးစိုးပက်စက် ပြောလွှတ်လိုက်ရင် ဘယ့်နှယ့်လုပ်မလဲလို့ စဉ်းစားပြီး မတိုက်တွန်းတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။

အမှန်စင်စစ်က တိုက်တွန်းရတာ အရှုံးမရှိပါ၊ ပိုက်ဆံမကုန်ပါ၊ လူမပင်ပန်းပါ။ တိုက်တွန်း၍ရလျှင် ကုသိုလ်အမြတ်ပါ၊ တိုက်တွန်း၍မရလျှင် အရင်းပါ၊ အရှုံးမထွက်ပါ၊ ပါးစပ်လေးနဲ့ပဲ အရင်းစိုက်ရတာပါ၊ အဲဒါ မလုပ်ချင်တဲ့အတွက် အကျိုးနည်းပါတယ်။ အေး၊ အဲဒါ ပုဂ္ဂိုလ်တစ်ယောက်လို့ ကဿပဘုရားရှင်က စုပေါင်းလှူဒါန်းပွဲမှာ ဟောတဲ့ တရားတော်ပါ။ နောက်တစ်ခါ ဆိုကြည့်ပါ။

*၂။ မိမိမလှူ၊ သူများမှု၊ ပေးလှူစေခဲ့ပါ၊*

*၃။ ဥစ္စာရှားပါး၊ ခြွေရံများ၊ ဖြစ်ငြားဘဝမှာ။*

အေး၊ မိမိကိုယ်တိုင် မလှူဒါန်း၊ မပေးကမ်းတဲ့အတွက်ကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာ ရှားပါးပါတယ်။ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး အကုန်လုံး ဆင်းရဲပါတယ်။ သူများတွေကို လှူဒါန်းပါဦး၊ ပေးကမ်းပါဦး စသည်ဖြင့် တိုက်တွန်းခဲ့တဲ့ ကုသိုလ်ကံကြောင့် အခြွေအရံပရိသတ်တော့ ပေါများပါတယ်။

အေး၊ အခြွေအရံ ပရိသတ်ပေါပြီးတော့ စားစရာ၊ ဝတ်

စရာ၊ နေထိုင်စရာမရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ ကြည့်ပါ၊ မြင်ပါတယ်။

တချို့အိမ်တွေမှာ ကလေးတွေမွေးထားတာ တစ်ဒါဇင်ကျော်ပါတယ်။ အိမ်ကလဲ မလုံခြုံပါ၊ ဝတ်စရာကလဲ မလုံခြုံပါ၊ စားသောက်စရာကလဲ ပြည့်ပြည့်စုံစုံမရှိပါ၊ မိတ်ဆွေသူငယ်ချင်းတွေကလဲ ပေါလိုက်တာ၊ အရှေ့အရပ်ကလဲလာ၊ ဒီအိမ်ကိုပဲ တည်းခိုပါတယ်၊ အနောက်အရပ်ကလဲလာ ဒီအိမ်ကိုပဲ တည်းခိုပါတယ်၊ တောင်အရပ်၊ မြောက်အရပ်ကလဲလာ ဒီအိမ်ကိုပဲ တည်းခိုပါတယ်။

အခြွေအရံ ပရိသတ် ပေါပါတယ်၊ စားသောက် ဝတ်ရုံနေထိုင်စရာ မပေါပါ။ အဲဒါ ဘာဖြစ်လို့ မပေါတာလဲဆိုတော့ မိမိကိုယ်တိုင်တော့ မလှူပါ၊ သူများတွေကို လှူဒါန်းပါဦး၊ ပေးကမ်းပါဦး စသည်ဖြင့် တိုက်တွန်းခဲ့တဲ့အတွက် အခြွေအရံ ပရိသတ် ပေါတာပါ။

အဲဒီပုဂ္ဂိုလ်လဲ မကောင်းသေးပါ။ သူ့မှာ စားသောက်ဝတ်ရုံ သုံးစွဲနေထိုင်မယ့် ပုဂ္ဂိုလ်တွေ အခြွေအရံတွေ ပေါပါတယ်။ စားသောက်ဝတ်ရုံနေထိုင်သုံးစွဲစရာ ပစ္စည်းဥစ္စာ မရှိပါ။ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီးရှိပါတယ်။ နောက်တစ်ခါ ဆိုကြည့်ပါ။

*၃။ မိမိမလှူ၊ သူများမှု၊ မလှူစေခဲ့ပါ၊*

*၄။ ဥစ္စာ၊ ခြွေရံ ရှားနှစ်တန် ဖြစ်ပြန်ဘဝမှာ။*

ဥပါသကာ ဒါယကာတို့၊ အချို့သော ပုဂ္ဂိုလ် သတ္တဝါ

တွေက မိမိလဲမလှူပါ၊ မပေးကမ်း မစွန့်ကြဲပါ၊ သူများကိုလဲ လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြဲပါဦးလို့ မတိုက်တွန်းပါ၊ အဲဒီအတွက်ကြောင့် သူ့မှာ ကောင်းတာ ဘာမှမရှိပါ။

အေး၊ ကိုယ်တိုင်ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုလဲ မရှိပါ။ သူများကို လှူဒါန်းပါဦး စသည်ဖြင့် တိုက်တွန်းခဲ့တဲ့ ကုသိုလ်ကောင်းမှုလဲ မရှိပါ။

အဲဒီပုဂ္ဂိုလ်မှာ ကုသိုလ်နှစ်မျိုးလုံး မရှိတဲ့အတွက် ဖြစ်လေရာရာ ဘဝတိုင်းမှာ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးလဲ ဆင်းရဲပါတယ်။ အခြွေအရံ ပရိသတ်လဲ မရှိပါ။ တစ်ကောင်ကြွက်တစ်မျက်နှာ ဆင်းရဲစွာ နေရရှာပါတယ်။

**အသိုက်ထဲက ငှက်လို**

အေး၊ အဲဒီပုဂ္ဂိုလ်အကြောင်းကို ပြောဟောလို့ရှိရင် ဘုန်းကြီးရဲ့ မျက်စိထဲမှာ မပျောက်နိုင်အောင် ပေါ်ပေါ်လာတဲ့ အဘွားကြီးတစ်ယောက်ရှိပါတယ်။ ဟိုလွန်ခဲ့တဲ့ ၁၃၂၈ ခုနှစ်ဆီလောက်ကပေါ့။ ဘုန်းကြီး အင်္ဂပူမြို့နယ်၊ လေးကြီးရွာ၊ ရွှေဂူတောရမှာ ပထမဦးဆုံး တောရဆောက်တည်ပါတယ်။

အဲဒီ တောရကျောင်းရဲ့ ပတ်ဝန်းကျင်မှာ ရွာခုနစ်ရွာလောက် ဆွမ်းခံထွက်လို့ရပါတယ်။ ဘုန်းကြီးက တစ်ရွာကိုသုံးရက် သုံးရက် အဓိဋ္ဌာန်နဲ့ ဆွမ်းခံထွက်ပါတယ်။

ရွာတစ်ရွာကို ဆွမ်းခံထွက်တဲ့အခါ အိမ်တစ်အိမ်ကို သတိပြုမိပါတယ်။ အိမ်က ဝင်းနဲ့ ခြံနဲ့ သပ်သပ်ရပ်ရပ်ပါ၊ အိမ်ကလဲ

သွပ်မိုး ပျဉ်ထောင်အိမ်ပါပဲ၊ အိမ်ခြံထဲမှာလဲ အမှိုက်သရိုက် မရှိပါ။ ပြောင်လို့ ရှင်းလို့ပါ။

အေး၊ ဘုန်းကြီးဆွမ်းရပ်တဲ့ ခြံစည်းရိုးထောင့်နားမှာတော့ အိမ်လေးတစ်အိမ် ရှိပါတယ်။ အိမ်လေးက လေးတိုင်စင်လေးပါ။ လှည်းပေါင်းမိုးလို အပေါ်က ကုပ်ကုပ်ကလေး မိုးထားပါတယ်။

အဲဒီ လှည်းပေါင်းမိုးလို အိမ်ကလေးထဲမှာ အဘွားကြီး တစ်ယောက် အိမ်ပေါက်ဝမှာ ငုတ်တုတ်ကလေးထိုင်လို့၊ အိမ် ကြည့်လိုက်တော့ အိုးတစ်လုံး၊ ဖျာတစ်ချပ်၊ အဘွားကြီးကလဲ စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပေပေ၊ အင်္ကျီတစ်ထည် လုံချည် တစ်ထည်ပဲ။

ဒီအဘွားကြီးက ဘုန်းကြီးဆွမ်းရပ်တဲ့ ရှေ့တည့်တည့် မှာ ဖြစ်နေတော့ မကြည့်ဘဲနဲ့ မြင်နေရပါတယ်။ အဘွားကြီး ထိုင်နေပုံက ငှက်ကလေးများ အသိုက်ထဲက ခေါင်းကလေး ပြူ ထွက်နေသလိုပါပဲ။

ဘုန်းကြီးက ဒီအဘွားကြီးကို မြင်တယ်ဆိုရင်ပဲ အဘွား ကြီး အကြောင်းကို သိချင်လိုက်တာ၊ အိမ်ခြံဝင်းဘက်ကို ကြည့် လိုက်တော့ အိမ်ကလူတွေက သန့်သန့်ပြန့်ပြန့်ပြန့်ပါ၊ အိမ် ကလဲ ကောင်းကောင်းမွန်မွန်ပါ၊ ဒီအဘွားကြီးက စုတ်စုတ် ပြတ်ပြတ်။

ဘယ်လိုလဲ၊ အဘွားအရွယ်၊ အမိအရွယ်၊ အိမ်ပေါ်မှာ မထားဘဲနဲ့ ဘာဖြစ်လို့ ဒီခြံစည်းရိုးနားမှာ အိမ်စုတ်ကလေးနဲ့

အိပ်စေ နေစေရတာလဲ၊ ဘုန်းကြီးက ဆွမ်းခံရင်း သိချင်နေပါ တယ်။

အေး၊ သိချင်ပေမယ့်လို့ ကိုယ်က ဆွမ်းခံရပ်တဲ့ ကိုယ်တော်ဆိုတော့ ဘယ်လိုမှ သိလို့မရပါ။ အဲဒီရွာမှာ သုံးရက်ပြည့်တော့ နောက်တစ်ခါ တစ်ရွာသွား၊ နောက်တစ်ခါ တစ်ရွာသွားနဲ့ ဒီအဘွားကြီးအကြောင်း မေ့သွားပါတယ်။

အဲဒီလိုနဲ့ တစ်လလောက်ကြာတော့ အဲဒီရွာက ဒကာတစ်ယောက် ဘုန်းကြီးနေတဲ့ တောရကျောင်းကို ရောက်လာပါတယ်။ ဘုန်းကြီးကလဲ သိချင်တာနဲ့ အဲဒီအဘွားကြီးအကြောင်းပဲ ဦးစွာ မေးပါတယ်။

အဲဒီလိုမေးတဲ့အခါ အဲဒီဒကာက 'ဦးပဥ္စင်းဘုရား၊ အဲဒီ အိမ်ကလူတွေနဲ့ အဲဒီအဘွားကြီးနဲ့က ဘာဆွေဘာမျိုးမှ မတော်စပ်ကြပါ။ အဲဒီအဘွားကြီးမှာ ဆွေမရှိ၊ မျိုးမရှိ၊ ကျွေးမယ့် မွေးမယ့်လူမရှိလို့ သနားလို့ အဲဒီအိမ်ကလူတွေက အဲဒီအဘွားကြီးကို အိမ်ခြံထောင့်မှာ တဲကလေးဆောက်ပေးထားတာပါ။

'အဝတ်အစားနဲ့ ပတ်သက်လို့ သူတို့ရဲ့ ထမင်းကြွင်း၊ ဟင်းကျန်ကလေးများကို အဘွားကြီးကျွေးမွေး၊ သူတို့ရဲ့ အဝတ်ကျတွေကို အဲဒီအဘွားကြီးကို ပေးဝတ်စေပြီး မွေးထားပါတယ် ဘုရား'လို့ လျှောက်ပါတယ်။

အေး၊ အဲဒီအဘွားကြီးကို ကြည့်ရင် မိမိကိုယ်တိုင်လဲ မလှူခဲ့သူ၊ သူများကိုလဲ လှူဒါန်းပါဦး၊ ပေးကမ်းပါဦး စသည်

ဖြင့် မတိုက်တွန်းသူလို့ ပြောနိုင်ပါတယ်။ ဒါမျိုးတွေ အများကြီး ရှိပါတယ်။ ဘုန်းကြီးကတော့ တိုက်ရိုက် မျက်စိနဲ့ မြင်ခဲ့ရတော့ ဒီပုဂ္ဂိုလ်လေးမျိုးအကြောင်းဟောရင် ဒီအဘွားကြီးပဲ မျက်စိထဲ မြင်ယောင်မြင်ယောင်လာပါတယ်။ ဒီအဘွားကြီးအကြောင်းပဲ ခဏခဏပြောဖြစ်ပါတယ်။ နောက်တစ်ခါ တစ်ယောက်ကို ဆိုကြည့်ပါ။

*၄။ မိမိလဲလှူ၊ သူများမှု၊ ပေးလှူစေခဲ့ပါ၊*

*၅။ ဥစ္စာခြွေရံ၊ ပေါများလျှံ၊ ဖြစ်ပြန်ဘဝမှာ။*

ဥပါသကာ ဒကာတို့၊ အချို့သော ပုဂ္ဂိုလ်သတ္တဝါတွေက ကိုယ်ကိုယ်တိုင်လဲ ပေးကမ်းစွန့်ကြဲ လှူဒါန်းပါတယ်။ သူများတွေကိုလဲ လှူဒါန်းပါဦး၊ ပေးကမ်းစွန့်ကြဲပါဦး စသည်ဖြင့် တိုက်တွန်းပါတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှု နှစ်ခုပြုတဲ့အတွက်ကြောင့် ဖြစ်လေရာရာ ဘဝတိုင်းမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပါတယ်။ အခြွေအရံ ပရိသတ်လဲ ပေါပါတယ်။

အေး၊ ပစ္စည်းလဲ ပေါ၊ အခြွေအရံပရိသတ်လဲ ပေါတယ်ဆိုတော့ အစစအရာရာမှာ အဆင်ပြေပါတယ်။ ပစ္စည်းသာပေါပြီး အခြွေအရံပရိသတ်မရှိရင်လဲ အဆင်မပြေပါ၊ အခြွေအရံ ပရိသတ်သာ ရှိပြီး ပစ္စည်းမရှိရင်လဲအဆင်မပြေပါ၊ အခြွေအရံပရိသတ်လဲ မရှိ ပစ္စည်းလဲ မရှိရင်တော့ ဆိုဖွယ်ရာမရှိ၊ ဘာမှ အဆင်မပြေနိုင်တော့ပါ။

**တောင်းလို့ မရ**

ပုဂ္ဂိုလ်လေးမျိုးမှာ ပစ္စည်းလဲ ရှိ၊ အခြေအရံပရိသတ်လဲ ပေါတဲ့ ပုဂ္ဂိုလ်သည် အကောင်းဆုံးပါ၊ အဆင်အပြေဆုံးပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ ဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်ချင်လဲမေးရင် နံပါတ်(၄) ပုဂ္ဂိုလ် ဖြစ်ချင်ပါတယ်ဘုရားလို့ ဖြေမှာသေချာပါတယ်။ သတ္တဝါတွေဟာ အကောင်းတော့ ကြိုက်ကြပါတယ်။ အကောင်းကြိုက်ကြတော့ ဘုရားရှင်ရှေ့ သံဃာတော်တွေရှေ့ ရောက်ရင် ဆုတောင်းကြတယ်။ ကဲ ပေးလိုက်ပါပြီတဲ့ 'ဖြစ်ပါစေသတည်း၊ ပြည့်စုံပါစေသတည်း'လို့၊ ဖြစ်မလား၊ ပြည့်စုံမလား၊ မဖြစ်ပါ၊ မပြည့်စုံပါ။

ဘယ်လိုမှ ဖြစ်မှာလဲ၊ ပြည့်စုံမှာလဲမေးရင် ကိုယ်တိုင်လုပ်ယူမှ ဖြစ်မှာ၊ ပြည့်စုံမှာပါ။ အများအားဖြင့် ဘုန်းကြီးတို့ ပရိသတ်တွေ အချောင်ကတော့ ကြိုက်ကြတယ်။ တန်ခိုးကြီးဘုရား၊ နာမည်ကြီး ဆရာတော်တွေဆီသွားသွားပြီး လက်အုပ်ကလေး ချီကာချီကာ လက်ကလေးဖြန့်ကာဖြန့်ကာနှင့် 'ပေးပါဦးဘုရား၊ ပေးပါဦးဘုရား'နှင့် တောင်းလိုက်ကြတာ၊ ရကြပါရဲ့လား၊ မရကြပါ။

အဲဒါတောင် ဘုန်းကြီးတို့ပရိသတ်တွေ မရိပ်မိကြသေးပါ။ တကယ်လို့သာ တောင်းတိုင်းရနေရင် လူဆင်းရဲ လူမွဲမရှိတော့ပါ၊ ရာထူးဂုဏ်ထူးမရှိတဲ့လူ မရှိတော့ပါ၊ ပညာမတတ်တဲ့လူလဲ မရှိတော့ပါ၊ အခြေအရံပရိသတ်မရှိတဲ့ ပုဂ္ဂိုလ်လဲ မရှိတော့ပါ။

အားလုံးအကုန်လုံး လူချမ်းသာ၊ ရာထူးရှိ၊ ဂုဏ်ထူးရှိ ပညာတတ်၊ အခြွေအရံ ပရိသတ်ပေါ၊ ရုပ်ချောတွေ အကုန်ဖြစ်မှာ ပေါ့။ အဲဒီလို မဖြစ်တာဟာ တောင်းတိုင်း မရလို့ပေါ့။

**ဖြစ်အောင် လုပ်မယ်**

အဲဒီပုဂ္ဂိုလ်လေးမျိုး တရားတော်ကို ဘုန်းတော်ခြောက်ပါး သခင် ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီးက စုပေါင်းဆွမ်း ကျွေးပွဲမှာ ဟောတာပါ။ အေး၊ တရားနာတော့ ပရိသတ်တွေ အများကြီး နာကြတာပါပဲ၊ ဒါပေမယ့်လို့ တစ်ယောက်တည်းပဲ သဘောပေါက်ပါတယ်။

ဘယ်လိုသဘောပေါက်သွားလဲဆိုတော့ 'ဪ ကြည့်စမ်း ကြည့်စမ်း၊ ဒီလောကကြီးထဲမှာ ပုဂ္ဂိုလ်သတ္တဝါတွေ အများကြီး ရှိတယ်။ အဲဒီပုဂ္ဂိုလ်သတ္တဝါတွေကို တူရာတူရာပေါင်းလိုက် ရင် လေးမျိုးတည်းရှိပါတယ်။ အဲဒီလေးမျိုးထဲမှာ နံပါတ်(၄) ပုဂ္ဂိုလ်သည် အကောင်းဆုံး၊ ငါသည် နံပါတ်(၄) ပုဂ္ဂိုလ်မျိုးဖြစ် အောင် လုပ်မယ်'လို့ ဆုံးဖြတ်ချက်ချပါတယ်။

'ကဲ– ဂုန်နီစက်ရုံက ဦးပဥ္စင်းကြီးတွေ ဘယ်လိုဆုံးဖြတ် ချက် ချကြမလဲ ? ဟင်– သူတို့ ဘယ်လိုမှ ဆုံးဖြတ်ချက်မချ နိုင်ဘဲ ဒီလိုပဲ ငုတ်တုတ်နာနေကြတာပါလား၊ တရားနာတာချင်း တူပေမယ့်လို့ အသိဉာဏ်ချင်း မတူကြတော့ ဆုံးဖြတ်ချက် ချနိုင်သူ၊ မချနိုင်သူရယ်လို့ ကွာပါတယ်။

ဟိုက အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့ ယောကျ်ားက 'ငါ

သည် နောက်နောက်ဘဝမှာ နံပါတ်လေး ပုဂ္ဂိုလ်မျိုးဖြစ်အောင် လုပ်မယ်'လို့ တရားနာရင်း စဉ်းစားပြီး ဆုံးဖြတ်ချက် ချနိုင်ပါတယ်။

## ကွာခြားချက်

အေး၊ တရားနာတာချင်း အတူတူ ဆုံးဖြတ်ချက်မချနိုင်တဲ့ ပုဂ္ဂိုလ်တွေက အများကြီးပါ။ ဆုံးဖြတ်ချက် ချနိုင်တဲ့ ပုဂ္ဂိုလ်က တစ်ယောက်တည်းပါ။ ဆုံးဖြတ်ချက်ချနိုင်တဲ့ တစ်ယောက်နဲ့ ဆုံးဖြတ်ချမချနိုင်တဲ့ အများကြီးမှာ ဘယ်လို ကွာခြားချက်ရှိလဲဆိုတော့ တရားပွဲလဲပြီးရော ဆုံးဖြတ်ချက်မချနိုင်တဲ့ ပုဂ္ဂိုလ်တွေက ဘုရားကို ကျောပေးပြီး ပြန်ကြပါတယ်။ ဆုံးဖြတ်ချက် ချနိုင်တဲ့ ပညာရှိတဲ့ ယောကျ်ားကတော့ သူများတွေ ဦးသွားမှာစိုးလို့ ဆိုပြီး ပရိသတ်ကို ကျောပေးကာ ဘုရားရှင်ကို မျက်နှာမူပြီး ဘုရားရှင်ထံ ပြေးပါတယ်။

အေး- အဲဒီမှာကြည့်ပါ၊ ဘုရားရှင်ကို မျက်နှာမူသူက တစ်ယောက်တည်းပါ။ ဘုရားရှင်ကို ကျောပေးတဲ့ ပုဂ္ဂိုလ်တွေက အများကြီးပါ၊ ဦးပဥ္စင်းကြီးတွေလဲ မေးရဦးမယ်၊ တရားစခန်းပွဲပြီးလို့ ပြန်ကြရတဲ့အခါ ဘုရားရှင်ကို ကျောပေးမလား၊ မျက်နှာမူမလား'

'မျက်နှာမူပါမယ်ဘုရာ.'

အင်း၊ နက်ဖြန်လူထွက်ပြီး အိမ်က ဘုရားရှင်ကို မျက်နှာမူရင်တော့ တော်သေးတာပေါ့၊ ဟိုပညာရှိ ယောကျ်ားကတော့

ဘုရားရှင်ထံမှောက် ရောက်တယ်ဆိုရင်ပဲ ဘုရားရှင်ကို ရှိခိုးပြီး 'မြတ်စွာဘုရား၊ မနက်ဖြန်နံနက်အချိန်မှာ ဘုရားတပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား'လို့ လျှောက်ထားပါတယ်။

**ပင့်ပုံ မစုံ**

အေး၊ ဆွမ်းစားပင့်တတ်ဖို့ကလဲ အရေးကြီးပါတယ်။ ယခု ဒီဒကာဆွမ်းစားပင့်တာ မပြည့်စုံပါ၊ ဆွမ်းကို အလှူခံသို့သာ ပင့်ပါတယ်။ ဘယ်နှစ်ပါးရယ်လို့ မပါပါ။ ဒါကြောင့် ဘုရားရှင်က 'ဒကာ– ရှင် ရဟန်း ဘယ်မျှလောက် အလိုရှိပါသလဲ၊ ဘယ်နှစ်ပါး ပင့်ချင်ပါသလဲ'လို့ ပြန်မေးရပါတယ်။

အဲဒီလို မေးတော့မှ ဒကာက တစ်ဖန်ပြန်ပြီး 'မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားတို့မှာ ရှင်ရဟန်းအခြံအရံ မည်မျှလောက် ရှိပါသလဲ ဘုရား'လို့ လျှောက်ထားတဲ့အခါ ပဿပဘုရားရှင်က 'ရဟန်းနှစ်သောင်း အခြံအရံရှိပါတယ်'လို့ ဖြေကြားလိုက်ပါတယ်။

**အကုန်ကြွပါဘုရား**

အဲဒီလို အမိန့်ရှိတဲ့အခါ ပညာရှိယောက်ျားက 'မြတ်စွာဘုရား၊ မနက်ဖြန်နံနက်အချိန်အခါမှာ မြတ်စွာဘုရားနှင့်တကွ အလုံးစုံသော ရဟန်းနှစ်သောင်းပါ ဘုရားတပည့်တော်၏ ဆွမ်းကို အလှူခံတော်မူကြပါဘုရား'လို့ ပင့်လျှောက်ပါတယ်။

သတ္ထာ – လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ တုဏှီဘာဝေန – ဆိတ်ဆိတ်နေသော

အားဖြင့်၊ အဓိဝါသေသိ– ပညာရှိ အမျိုးကောင်းသား မင်းယောကျ်ားပင့်တဲ့ ဆွမ်းစားကို ကောင်းစွာမသွေ လက်ခံလိုက်လေတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

**ချက်ချင်း အသုံးချပါ**

ဘုန်းကြီးတို့ ပရိသတ်တွေ တရားနာတာ ဘာလုပ်ဖို့နာတာလဲလို့မေးရင် အသိအလိမ္မာ၊ ဉာဏ်ပညာတွေရဖို့ နာတာပါ။ အဲဒီရရှိတဲ့ အသိအလိမ္မာ ဉာဏ်ပညာတွေကို မီးခံသေတ္တာထဲထည့်ပြီး သော့ခတ်ထားရမှာလား။ မဟုတ်ပါ၊ ဘာလုပ်ရမှာလဲ အသုံးချရမှာပါ။

ဘယ်တော့ အသုံးချရမှာလဲ။....... ပြီးရော... ဟိုပညာရှိယောကျ်ားက ချက်ချင်း အသုံးချလို့ ပုဂ္ဂိုလ်လေးမျိုးမှာ ငါသည်နောက်ဆုံး နံပါတ်(၄) ပုဂ္ဂိုလ်မျိုး ဖြစ်အောင် လုပ်မယ်လို့ ဆုံးဖြတ်ချက် ချပြီး ဘုရားရှင်ထံ သွားလျှောက်တာပါ။

ဘုန်းကြီးတို့ပရိသတ်တွေ တရားနာတဲ့အခါ ဒီတရားတော်ကို ကိုယ်မှာကပ်ဆောင်ပြီးတော့ နာကြားပါ။ အသုံးချစရာရှိရင် ချက်ချင်းအသုံးချပါ။ ရှောင်စရာရှိရင် ချက်ချင်းရှောင်ပါ။ အဲဒီတော့မှ တရားနာကြားရကျိုးရှိပါတယ်။

အများအားဖြင့် လူတွေ မည့်ကြပါ။ လိမ္မာကြပါတယ်။ အဲဒီ အသိအလိမ္မာတွေကို မီးခံသေတ္တာထဲထည့်ပြီး သော့ခတ်ထားသည့်ပမာ အသုံးမချတော့ အကျိုးကျေးဇူး မရကြတာပါ။

ဦးပဥ္စင်းကြီးတွေ ယခုခုနစ်ရက်တိုင်တိုင် နာကြားမှတ်သား ကျင့်ကြံပွားများအားထုတ်လို့ရတဲ့ အသိအလိမ္မာဉာဏ်ပညာတွေ ကို အိမ်ရောက်ရင် မီးခံသေတ္တာထဲထည့်ပြီး သော့ခတ်ထားသည့် ပမာ ပစ်ထားပြီး အရက်ဆိုင်တော့ မပြေးနဲ့နော်။

'မပြေးတော့ပါဘုရား'

**စိတ်ရှည်ရတယ်**

အေး၊ ပညာရှိအမျိုးကောင်းသား မင်းယောကျ်ားဟာ ဘုရားရှင် ဆွမ်းစားကို လက်ခံတော်မူမှန်းသိတယ်ဆိုရင်ပဲ ဘုရား ရှင်ကို ရှိခိုးဦးချပြီး ဇာရာဏသီပြည်ထဲ ပြေးရပါတယ်။

ဘာဖြစ်လို့ ပြေးရလဲ၊ သူပင့်ထားတာက သံဃာတော် နှစ်သောင်းအကုန်လုံး ပင့်ထားတာပါ။ သူတစ်ယောက်တည်း မကပ်လှူနိုင်ပါ၊ သူကလဲ သူတစ်ယောက်တည်း ကပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပင့်တာ မဟုတ်ပါ။

ပုဂ္ဂိုလ်လေးမျိုးမှာ နောက်ဆုံးပုဂ္ဂိုလ်မျိုးဖြစ်အောင် လုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်အတိုင်း 'ငါကိုယ်တိုင်လဲ လှူဒါန်းမယ်၊ သူများတွေကိုလဲ လှူဒါန်းဖို့ရာ တိုက်တွန်းမယ်'ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ပင့်တာပါ။

ပင့်တဲ့အတိုင်း မြတ်စွာဘုရားရှင် လက်ခံမှန်းသိတဲ့အခါ စာရင်းစာရွက်တွေယူပြီး ဇာရာဏသီပြည်ထဲသို့ ဝင်ကာ၊ တစ်လမ်း ဝင်၊ တစ်လမ်းထွက်၊ တစ်အိမ်ဆင်း၊ တစ်အိမ်တက်နှင့် အရွယ် အမျိုးမျိုး၊ လူအမျိုးမျိုးကို အရွယ်အလိုက်၊ လူအလိုက်ခေါ်ဝေါ်

ကာ 'အို အမေတို့၊ အဖေတို့၊ ကျွန်တော်သည် မနက်ဖြန် နံနက်အချိန်မှာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်နှစ်သောင်း ကို စာရေးတံမဲချပြီး လှူဒါန်းဖို့ရာ ပင့်ဖိတ်ခဲ့ပါတယ်၊ အမေတို့၊ အဖေတို့အိမ်က သံဃာတော်ဘယ်လောက် ယူနိုင်၊ လှူနိုင်ပါ သလဲ၊ ယူနိုင်သလောက် လှူနိုင်သလောက် ယူကြပါ၊ လှူကြပါ' လို့ ပြောပြီး နှိုးဆော်တိုက်တွန်းပါတယ်။

နိဗ္ဗာန်ဆော်ဆိုတာက ယဉ်ကျေးသိမ်မွေ့ရပါတယ်၊ လိမ္မာ ပါးနပ်ရပါတယ်၊ စိတ်ရှည်၊ ဇွဲသန် သည်းခံရပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ လူက အမျိုးမျိုးရှိပါတယ်၊ နှိုးဆော်တိုက်တွန်း ရမှာ လှူဒါန်းဖို့ရာဖြစ်တော့ လှူချင်တဲ့လူရှိသလို၊ မလှူချင်တဲ့လူလဲ ရှိပါတယ်။

မလှူချင်တဲ့လူတွေက အမျိုးမျိုးပိုးစိုးပက်စက် ပြောမယ့် ဒဏ်ကို နှိုးဆော်တိုက်တွန်းသူက ခံနိုင်ရည်ရှိရပါတယ်၊ ခံနိုင် ရည် ရှိပြီး အဲဒီလို ပြောသူကိုလည်း စိတ်၊ စေတနာ၊ သဒ္ဓါ တရား ထက်သန်စွာနဲ့ လှူဒါန်းချင်စိတ်ပေါက်လာအောင် ပြော ရ ဟောရပါတယ်။

အေး၊ နိဗ္ဗာန်ဆော်က မာနကြီးတစ်ခွဲသားနဲ့ ဟေ့၊ လှူ ချင် လှူ၊ မလှူချင်နေ၊ ဘာမှပြောမနေနဲ့လို့ ဒီလိုပြောရင် တစ် ဦးမှ လှူမယ့်လူ ရမှာမဟုတ်ပါ။

နိဗ္ဗာန်ဆော်ဆိုတာ စိတ်ရှည်စွာနဲ့ အဘိုးအရွယ် အဘိုး၊ အဘွားအရွယ် အဘွား၊ အမေအရွယ် အမေ၊ အဖေအရွယ်

အဖေ၊ ဦးအရှယ် ဦး၊ အဒေါ်အရွယ် အဒေါ်၊ အစ်မအရွယ် အစ်မ၊ နှမအရွယ် နှမ၊ အစ်ကိုအရွယ် အကို၊ ညီအရွယ် ညီ ခေါ်ပြီး အလှူခံရတာပါ။

ဆိုပါတော့ 'ဦးတို့၊ အဒေါ်တို့ ကျွန်တော်သည် နက်ဖြန် နံနက်အချိန်မှာ ကဿပမြတ်စွာဘုရားနှင့်တကွ သံဃာတော် နှစ်သောင်းကို စာရေးတံမဲချပြီး ဆွမ်းကပ်ဖို့ရာ ဗာရာဏသီမြို့ ထဲသို့ ပင့်လျှောက်ထားပါတယ်။

'ဦးတို့၊ အဒေါ်တို့အိမ်က သံဃာဘယ်လောက် လှူဒါန်း နိုင်ပါသလဲ' စသည်ဖြင့် နှိုးဆော်ရပါတယ်။ အဲဒီလို နှိုးဆော် တဲ့အခါ မြို့သူမြို့သား လူများအပေါင်းက မိမိတို့ရဲ့ သဒ္ဓါအင်အား၊ ပစ္စည်းအင်အားကိုမှတ်သားပြီး 'ငါတို့ သံဃာတော်ဆယ်ပါး လှူကြပါကုန်အံ့၊ ငါတို့က နှစ်ဆယ်၊ ငါတို့က တစ်ရာ၊ ငါတို့ က ငါးရာ' စသည်ဖြင့် ဝန်ခံပြောဆိုတဲ့အခါ အလုံးစုံသော မြို့သူမြို့သားတွေရဲ့ စာရင်းစကားကို အစမှစ၍ သူ့စာရင်းထဲ ထည့်သွင်း ရေးမှတ်ထားပါတယ်။

**မဟာဒုဂ်နှင့် တွေ့ခြင်း**

အဲဒီလို လှည့်လည်ပြီး နိဗ္ဗာန်ဆော်လုပ်ကာ အလှူရှင် စာရင်းကောက်နေတဲ့အချိန်အခါမှာ အဲဒီဗာရာဏသီမြို့ထဲမှာ အလွန်ဆင်းရဲသည့် အဖြစ်ကြောင့်သာလျှင် မဟာဒုဂ်လို့ ထင်ရှား တဲ့ လူသိများတဲ့ ယောကျ်ားတစ်ယောက် ရှိပါတယ်။

အလွန်ဆင်းရဲတာကို 'အတိဒုဂ္ဂတ' ခေါ်ပါတယ်။ များစွာ

ဆင်းရဲတာကို 'မဟာဒုဂ်'လို့ ခေါ်ပါတယ်။ အေး၊ အလွန်ဆင်းရဲ၊ အကြီးအကျယ် အများကြီးဆင်းရဲလို့ 'မဟာဒုဂ်'လို့ ခေါ်ပါတယ်။

အဲဒီ မဟာဒုဂ်က နိဗ္ဗာန်ဆော် ပညာရှိ မင်းယောကျာ်း ဆီသို့ ရှေ့ရှုလာတာကို နိဗ္ဗာန်ဆော်ကမြင်တဲ့အခါ ယဉ်ကျေးစွာနဲ့ 'အဆွေမဟာဒုဂ်၊ ကျွန်တော် မနက်ဖြန်ခါ နံနက်အချိန်အခါမှာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော် နှစ်သောင်းကို ဆွမ်းဘုဉ်းပေးဖို့ရာ ပင့်ဖိတ်ထားခဲ့ပါတယ်။

'အဆွေမဟာဒုဂ်၊ နက်ဖြန် နံနက်အချိန်အခါမှာ ဗာရာဏသီ မြို့သူမြို့သားတွေ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား အလှူဒါနပြုကြပါလိမ့်မယ်၊ အဆွေ သံဃာတော် ဘယ်နှစ်ပါး ဆွမ်းကျွေးနိုင်ပါမလဲ'လို့ မေးပါတယ်။

အေး၊ မသိတဲ့လူဆိုရင်တော့ ဒီနိဗ္ဗာန်ဆော်ဟာ မဟာဒုဂ်ကို သက်သက်မဲ့ အရွဲ့တိုက်တယ်လို့ ထင်ချင်ထင်မှာပါ' ဘာဖြစ်လို့လဲဆိုတော့ မဟာဒုဂ်မှာ စုဆောင်းထားပြီး ဆန်၊ ဆီ၊ ဆား စသည် ဘာမှျမရှိပါ။

အလုပ်ရှာလို့ အလုပ်ရတဲ့အခါ အဲဒီလုပ်ခ ရမှ လုပ်ခကလေးနှင့် နံနက်စာ နံနက်မှာ၊ ညစာ ညမှာ ဝယ်ယူပြီး ချက်ပြုတ် စားသောက်ရတာပါ။ အလုပ်ရှာလို့ ဘယ်လိုမှ မရတဲ့အခါ ကျောင်းသို့သွားပြီး ဆွမ်းကြွင်းဆွမ်းကျန်တွေကို စားသောက်နေရတယ်ဆိုတာ နိဗ္ဗာန်ဆော်လဲ သိပါတယ်။

## မဟာဒုဂ်အပြော

အေး၊ နိဗ္ဗာန်ဆော်က အဲဒီလို မေးတဲ့အခါ မဟာဒုဂ်က 'အရှင် ကျွန်တော့်အဖို့ရာမှာ ရဟန်းသံဃာတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရဟန်းသံဃာတော်တွေဆိုတာ ဥစ္စာရှင်၊ ပစ္စည်းရှင် တို့၏ အကျိုးပါ၊ ဥစ္စာရှင်၊ ပစ္စည်းရှင်တို့အတွက်ပါ၊ ကျွန်တော့် အတွက် မဟုတ်ပါ။

'အရှင်၊ ကျွန်တော့်အဖို့အရာမှာ နက်ဖြန်နံနက်အတွက် ယာဂုကျိုသောက်ဖို့ရာ ဆန်ကလေး တစ်ကွမ်းစားမျှလောက် တောင် မရှိသေးပါ။

'အရှင်၊ ကျွန်တော်ဟာ သူများတွေအထံမှာ အခစားပြု လုပ်ပြီးတော့ အသက်မွေးရပါတယ်။ ကျွန်တော့်အတွက်တာ ရဟန်းသံဃာတော်တွေဖြင့် အဘယ်အကျိုးရှိပါအံ့နည်း' လို့ ပြော ပါတယ်။

## နိဗ္ဗာန်ဆော်ဆိုတာ

အေး၊ တိုက်တွန်းနှိုးဆော် နိဗ္ဗာန်ဆော်ဆိုတာ ယဉ်ကျေး သိမ်မွေ့ လိမ်မာတဲ့လူ ဖြစ်သင့်ပါတယ်တဲ့၊ ဒါကြောင့် ပညာရှိ အမျိုးကောင်းသား မင်းယောကျ်ားဟာ မဟာဒုဂ်က မလှူနိုင် ပါလို့ ပြောသော်လည်း မမြွက်သံခြွေ ဆိတ်ဆိတ်မနေဘဲ နှိုး ဆော်ပါတယ်။

ဘယ်လိုနှိုးဆော်လဲဆိုတော့ အဆွေမဟာဒုဂ်၊ ဒီမြို့ထဲမှာ ကောင်းမွန်တဲ့ အစားအသောက်တွေကို စားသောက်ပြီး၊ သိမ်

ခမွေ့နူးညံ့တဲ့ အဝတ်တွေကို ဝတ်ရုံဆင်မြန်းပြီး၊ အထူးထူးမြတ်သော တန်ဆာတွေကို ဆင်မြန်းကာ ကျက်သရေမင်္ဂလာရှိတဲ့ အိပ်ရာနေရာမှာ နေထိုင်ကြကုန်လျက် များစွာသော သူဌေး၊ သူကြွယ်တွေဟာ စည်းစိမ်ချမ်းသာတွေကို ခံစားစံစားနေကြရပါတယ်။

'အဆွေမဟာဒုဂ်၊ အဆွေ့မှာတော့ တစ်နေကုန် အခစားရှာသုပ်ပြီး တစ်ဝမ်းပြည့်ရုံမျှတောင် မရပါတဲ့၊ အဲဒီလို ဖြစ်နေတာတောင် အဆွေမဟာဒုဂ်ဟာ ဩော်၊ ငါသည် ရှေးရှေးဘဝများစွာက ကောင်းမှုကုသိုလ် မပြုခဲ့တဲ့အတွက်ကြောင့် စားသောက်ဝတ်ရုံ နေထိုင်စရာ တစ်စုံတစ်ခုမျှ မရပါလားလို့ မသိဘူးလား' လို့ မေးတော့ မဟာဒုဂ်က သိပါတယ်အရှင်တဲ့။

အဲဒီလို ပြောတဲ့အခါ နိဗ္ဗာန်ဆော်က 'အဆွေမဟာဒုဂ်၊ အဲဒီလို သိပါတယ်ဆိုရင် အဆွေဟာ ယခုအခါမှာ အဘယ့်ကြောင့် ကောင်းမှုကို မပြုဘဲနေပါအံ့နည်း၊ အဆွေမဟာဒုဂ်ဟာ ကောင်းမှု ကုသိုလ်ကို ပြုသင့်ပါတယ်။

'အဆွေမဟာဒုဂ်၊ အဆွေဟာ ပျိုနုပါသေးတယ်၊ အားခွန်ဗလနှင့် ပြည့်စုံပါသေးတယ်၊ ဘယ့်နှယ့်လဲ အဆွေမဟာဒုဂ်ရယ်၊ အခစားပြုပြီးတော့ ရတဲ့အခနှင့် မိမိစွမ်းအားရှိသလောက် အလှူဒါနကို ပြုသင့်တယ် မဟုတ်လား'လို့ နှိုးဆော်ပါတယ်။

**မဟာဒုဂ် သံဝေဂ ရ**

အေး၊ လူတွေဟာ ကြွားစရာရှိရင် ငါ့မှာ ဘယ်ရွှေ့ဘယ်မျှရှိပါတယ် စသည်ဖြင့် ရှိတာထက်ပိုပြောပြီး ကြွားတတ်ကြပါ

တယ်တဲ့၊ အေး၊ လှူစရာ၊ စွန့်ကြဲစရာအကြောင်းကြုံလာရင်တော့ မရှိဘူးလို့ ပြောတတ်ကြပါတယ်တဲ့၊ ယခု မဟာဒုဂ်ကတော့ အဲဒီလိုမဟုတ်ပါ။ မရှိလို့ကို မရှိဘူးလို့ ပြောတာပါတဲ့။

နိဗ္ဗာန်ဆော်က ကျိုးကြောင်းပြပြီး နှိုးဆော်လိုက်တော့လဲ နှိုးဆော်စဉ်မှာပဲ သံဝေဂရခြင်းသို့ရောက်ပြီး 'အရှင် ဒီလိုဆိုရင် ကျွန်တော့်အတွက်လဲ သံဃာတော်တစ်ပါး စာရင်းတင်လိုက်ပါ၊ တစ်စုံတစ်ခုသော အခစားအလုပ်ကိုလုပ်ပြီး ရဟန်းတော်တစ်ပါး အား လှူဒါန်းကျွေးမွေးဆက်ကပ်ပါအံ့'လို့ ဝန်ခံပြောဆိုပါတယ်။

**စာရင်း မတင်**

အေး၊ ဒီနေရာမှာ နိဗ္ဗာန်ဆော်များ သတိထားပါ၊ သူများ တော့ နှိုးဆော်တိုက်တွန်းပြီး ကိုယ့်ဘက်က မချတ်ယွင်းစေကြ ပါနှင့်၊ မီးပြသမား တွင်းကျွံများသို့ မဖြစ်ကြပါစေနဲ့၊ နိဗ္ဗာန် ဆော်ဆိုတာ စိတ်ရှည်ရတယ်၊ သည်းခံရတယ်၊ ယဉ်ကျေးသိမ်မွေ့ ရပါတယ်။

ယခု ဒီနိဗ္ဗာန်ဆော်က ဆော်သြောတုန်းက ဆော်သြော် ပြီး ကျွန်တော့်အတွက် သံဃာတစ်ပါး စာရင်းတင်လိုက်ပါလို့လဲ မဟာဒုဂ်ကပြောရော ဝမ်းသာရမယ့်အစား ဝမ်းမသာဘဲ 'သံဃာ တစ်ပါးတည်း စာရင်းတင်သဖြင့် ဘာအကျိုးရှိအံ့နည်း၊ စာရင်း ရှုပ်တယ်၊ စာရင်းမတင်ဘူးဆိုပြီး မတင်ပါ'

သူ့စရင်းထဲမှာ ဆယ်ပါးက အောက်ထစ်ဆုံး ဖြစ်နေတော့ သူကလဲ စာရင်းရှုပ်တယ်ပေါ့၊ မဟာဒုဂ်ဘက်ကို ကြည့်ရင်

အိမ်မှာ ဆန်နို့ဆီဘူး နှစ်လုံးမျှတောင်မရှိတာ သံဃာတစ်ပါး ဆွမ်းကျွေးမယ် အာမခံတာ သာမန်စေတနာသဒ္ဓါတရား မဟုတ်ပါ။

**မဟာဒုဂ်အိမ်ပြန်**

အေး၊ နိဗ္ဗာန်ဆော်က စာရင်းမတင်သော်လဲ မဟာဒုဂ်က စာရင်းတင်တယ်ဆိုတဲ့ အမှတ်နဲ့ အိမ်သို့ ခပ်သုတ်သုတ်ပြန်သွားပြီး ဇနီးမယားကို 'ရှင်မ၊ နက်ဖြန်နံနက်အချိန်အခါမှာ မြို့သူမြို့သားတွေ စားရေးတံမဲချပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်မလို့တဲ့။

'ငါ့ကိုလဲ နိဗ္ဗာန်ဆော်လုပ်တဲ့ ပညာရှိ ယောကျာ်း အမျိုးကောင်းသားက အဆွေ မဟာဒုဂ်၊ သင်လဲ သံဃာတစ်ပါး ဆွမ်းကပ်ပါလားလို့ တိုက်တွန်းနှိုးဆော်လို့ ကပ်မယ်လို့ အာမခံခဲ့ပါတယ်၊ ရှင်မ ငါတို့လဲပဲ မနက်ဖြန်နံနက် အများနည်းတူ သံဃာတစ်ပါး စားရေးတံဆွမ်းကပ်ကြရအောင်ပါ'လို့ ပြောပါတယ်။

အဲဒီလို ပြောတဲ့အခါ မဟာဒုဂ်ရဲ့ ဇနီးအလိမ္မာကလေးမို့ မဟာဒုဂ်ကို 'အရှင့်သားရယ် ကျွန်မတို့မှာ ဆင်းဆင်းရဲရဲနဲ့ ဘယ်လိုလုပ်ပြီး သံဃာတစ်ပါး ဆွမ်းကပ်မလဲ၊ အဘယ့်ကြောင့် အရှင့်သားဟာ သံဃာတစ်ပါးကို ဝန်ခံရတာလဲ'လို့ မဆူဘူးတဲ့။

အား၊ မလိမ္မာတဲ့ ဇနီးဆို ဆူမှာတဲ့၊ 'ဘယ့်နှယ့်တော်၊

ညနေစာတောင် ဘယ်လိုစားရမှန်း မသိသေးတာ၊ နက်ဖြန်အတွက် သံဃာတစ်ပါး ဆွမ်းကပ်ဖို့ရာ ရှင်မို့လို့ လက်ခံရဲတယ်၊ ရှင်ပဲ ကပ်ပါ၊ ကျွန်မတော့မကပ်နိုင်ပါ'လို့ ဆူမှာတဲ့။ ဦးပဥ္စင်းကြီး တွေ အဆူခံရဖူးလား။

**ဇနီးလိမ္မာ**

အေး၊ မဟာဒုဂ်ရဲ့ အလိမ္မာဇနီးကတော့ မဆူဘဲ 'အရှင့်သား၊ အရှင့်သားဟာ နက်ဖြန်နံနက် ဆွမ်းကပ်ဖို့အတွက် သံဃာ တစ်ပါး လက်ခံခဲ့ခြင်းသည် ကောင်းသော လက်ခံခဲ့ခြင်းပါ၊ အရှင့်သား၊ ကျွန်မတို့ဟာ အတိတ်ရှေးအခါတုန်းက တစ်စုံတစ်ခု ကိုမျှ မလှူဒါန်း၊ မပေးကမ်း မစွန့်ကြဲခဲ့လို့ ယခုကာလ ဤ ဘဝမှာ ဆင်းရဲမွဲတေနေကြတာပါ။

'ဒါကြောင့် အရှင့်သားဟာ သံဃာတစ်ပါး ဝန်ခံခဲ့တာ ကောင်းပါတယ်။ သံဃာတော်တစ်ပါး ဆွမ်းကပ်ဖို့ရာ ကျွန်မ တို့မှာ ဘာဆိုဘာမျှ မရှိသေးတော့ ပေါ့ပေါ့နှင့်တော့ မကပ်နိုင်ပါ။

'လာပါ အရှင့်သား၊ ရှင်ရော၊ ကျွန်မပါ နှစ်ယောက်စလုံး တို့ဟာ ဒီနေ့ အခစားအလုပ်ရှာပြီး လုပ်ခရတဲ့ ပစ္စည်းနှင့် သံဃာတစ်ပါး ဆွမ်းကပ်ရမှာပါ၊ အလုပ်ရှာထွက်ကြပါစို့'လို့ ယောကျ်ားကို နှိုးဆော်တိုက်တွန်းပြီး ဇနီးမောင်နှံနှစ်ယောက်လုံး တို့ဟာ အိမ်မှထွက်ပြီး အလုပ်ရမည့်အရပ်သို့ သွားကြပါတယ်။

အေး၊ လက်ထဲမှာ ဘာမှ လှူဒါန်းပစ္စည်း မရှိသေးဘဲနဲ့ သံဃာတော်တစ်ပါး ဆွမ်းကပ်ဖို့ရာ တာဝန်ယူနိုင်တယ်ဆိုတဲ့ စေတနာဟာ နည်းတဲ့စေတနာ မဟုတ်ပါ။

ဇနီးကလည်း လိမ္မာတော့ အလုပ်ရှာထွက်စို့လို့ နှိုးဆော်ပြီး နှစ်ယောက်သား ထွက်အလာ လမ်းရောက်တော့ 'အရှင့်သား၊ အရှင့်သားက တစ်လမ်းသွားပါ၊ ကျွန်မက တစ်လမ်းသွားပါ့မယ်၊ အလုပ်မြန်မြန်ရလို့ အခရမှ ဆွမ်းကပ်ဖို့ရာ သေချာမယ်'တဲ့။

**ကြိုးစားအားထုတ်လုပ်**

အလုပ်ရှာထွက်လာတဲ့ ဇနီးမောင်နှံ လမ်းခွဲအပြီးမှာ သူဌေးကြီးတစ်ယောက်က မဟာဒုဂ်ကို တွေ့မြင်ပြီး 'ဘယ်လိုလဲ အမောင်မဟာဒုဂ်၊ အခစားလုပ်မလို့လား'လို့ မေးတဲ့အခါ မဟာဒုဂ်ကလဲ ရေတွင်းထဲကျတာနှင့် ရေငတ်တာနှင့် အတော်ပဲဆိုတာ လိုဖြစ်ပြီး အားရဝမ်းသာစွာနဲ့ 'အရှင်၊ အခစားလုပ်ပါ့မယ် ခင်ဗျာ'လို့ ပြန်ကြားလိုက်တယ်။

အဲဒီလို ပြန်ကြားတဲ့အခါ သူဌေးကြီးက 'အမောင်မဟာဒုဂ်၊ မင်းဘာအလုပ်လုပ်မလဲ'တဲ့၊ အဲဒီလို ထပ်မေးတော့ မဟာဒုဂ်က 'အရှင်သူဌေးကြီး၊ အရှင်တို့ခိုင်းချင်တာ ခိုင်းပါ၊ ခိုင်းတဲ့အလုပ်ကို လုပ်ပါ့မယ်'တဲ့။ အေး၊ အလုပ်ပေါပါတယ်၊ အလုပ်မရှားပါ။

ဘယ်လို အလုပ်ပေါလဲ၊ ခိုင်းသမျှလုပ်ရင် အလုပ်ပေါပါတယ်၊ အလုပ်ရွေးနေရင် အလုပ်မပေါပါ၊ အလုပ်လုပ်တာ ဘာရဖို့လဲ၊ ပိုက်ဆံရဖို့ပါ။ ဘာအလုပ် လုပ်လုပ် ပိုက်ဆံရရင် ပြီးတာပဲ၊ အလုပ်ကြောင့် သူဌေးဖြစ်သွားတဲ့အခါ ဂုဏ်ဟာ အလိုလို ရောက်လာတာပါ။

အမှန်အတိုင်းပြောရရင် အလုပ်ဆိုတာ ဂုဏ်ပါပဲ။ အလုပ်မရှိတဲ့လူနဲ့ အလုပ်ရှိတဲ့လူ ဘယ်သူက ဂုဏ်ရှိလဲ ကြည့်ပါ။ အလုပ်လက်ရှိ လုပ်နေတဲ့လူဟာ ဂုဏ်ရှိပါတယ်။ ဘာအလုပ်မှ မလုပ်၊ ဘာအလုပ်မှ မရှိတဲ့လူဟာ ဂုဏ်မရှိပါ။ ကျက်သရေမင်္ဂလာလဲ မရှိပါ။

မဟာဒုဂ်ဟာ ဒီအချိန်မှာ မစင်ကိုကျုံးခိုင်းတောင် ကျုံးမှာပါ။ ဘာဖြစ်လို့လဲ။ သူ့မှာ အလုပ်က လုပ်ခရမှ ဆွမ်းကပ်ရမှာဖြစ်လို့ အလုပ်မရွေးနိုင်ပါ။

**သံဃာနှစ်ရာသုံးရာ**

ဘယ်အလုပ်ပဲဖြစ်ဖြစ် အလုပ်တစ်ခုခုကို ဇောက်ချပြီးလုပ်ရင် ဒီအလုပ်ဟာ အထွတ်အထိပ် ရောက်သွားတာပါ၊ ကြီးပွားတာပါ။ အလုပ်ရွေးနေလို့ မကြီးပွားကြတာပါ။ မဟာဒုဂ်က ခိုင်းသမျှလုပ်ပါ့မယ်ဆိုတော့ 'ဒီလိုဆိုရင် တို့ မနက်ဖြန်နံနက်မှာ သံဃာနှစ်ရာသုံးရာ ဆွမ်းကပ်လှူဒါန်းမလို့ပါ၊ လာပါ၊ ဒီထင်းတွေ ခွဲပေးပါ'လို့ပြောပြီး ပုဆိန်ဓားမကို ထုတ်ပေးပါတယ်။

မဟာဒုဂ်ဟာ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ကြီးစွာသော လုံ့လဝီရိယနှင့် ပုဆိန်နှင့် ပေါက်ခွဲလိုက်၊ ပုဆိန်ချပြီး ဓားမနှင့်ခွဲလိုက်နှင့် အားကြိုးမာန်တက် ခွဲနေပါတယ်။

သူဌေးကြီးက မဟာဒုဂ် အားကြိုးမာန်တက် ထင်းခွဲနေတာကို မြင်တဲ့အခါ 'အမောင် မဟာဒုဂ်၊ သင် ဒီနေ့ အလွန်လျှင် အားတက်ခြင်းသို့ ရောက်ပြီး အလုပ်လုပ်နေပါလား၊

ဘယ်အကြောင်းကြောင့် ဒီလောက် ကြိုးစားလုပ်နေတာလဲ’လို့ မေးပါတယ်။

‘အရှင်၊ ကျွန်တော်လဲ နက်ဖြန် နံနက်မှာ ရဟန်းတော်တစ်ပါး ဆွမ်းကျွေးမလို့ ကြိုးစားလုပ်နေပါတယ်’လို့ ပြောပါတယ်။

အဲဒီစကားကို ကြားတဲ့အခါ သူဌေးကြီးက ကြည်ညိုသဒ္ဓါဖြစ်သွားပြီး ‘သြော်၊ ဒီမဟာဒုဂ်သည် ခဲယဉ်းတဲ့အမှုကို ပြုပါပေစွတကား၊ ငါဆင်းရဲတယ်လို့ ဆိတ်ဆိတ်မနေဘဲ အခစားအလုပ်လုပ်ပြီး ရဟန်းတစ်ပါးကို ဆွမ်းကျွေးမလို့တဲ့’ လို့ စဉ်းစားပါတယ်။

အလုပ်ပြီးသွားတဲ့အခါ သူဌေးကြီးသည် မဟာဒုဂ်အား ‘အမောင် မဟာဒုဂ်၊ ဒါက သင်ရဲ့ အလုပ်လုပ်ခပါ၊ ဒါက သင် သံဃာတော်တစ်ပါး ဆွမ်းကပ်မယ်ဆိုလို့ နှစ်သိမ့်ဆုပါ’လို့ ပြောပြီး သလေးဆန်များ၊ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ပျား စသည်များပါ ပေးပါတယ်။

**မဟာဒုဂ် ဇနီး**

မဟာဒုဂ်ဇနီးလည်း လမ်းတစ်လမ်းကို သွားတဲ့အခါ သူဌေးကတော်ကြီးက မြင်လျှင် ‘အမိ၊ သင် ဘာအလုပ်လုပ်မလဲ’ လို့ မေးတဲ့အခါ ‘အရှင်မတို့ ခိုင်းချင်တာခိုင်းပါ၊ ခိုင်းသမျှ လုပ်ပါမယ်’လို့ ပြောတဲ့အခါ မောင်းရုံထဲသို့ ခေါ်သွင်းပြီး ကျည်ပွေ့၊ ဆန်ကော စသည်တို့ကို ပေးပါတယ်။

မဟာဒုဂ် ဇနီ လဲ အလုပ်ရပြီဖြစ်၍ ဆွမ်းကပ်ရတော့မည်လို့ တွေးပြီး ကတော့မည်၊ ခုန်တော့မည်ကဲ့သို့ နှစ်သက်ရွှင်လန်း ဝမ်းသာစွာနှင့် ဆန်ဖွတ်လိုက်၊ ဆန်ပြာလိုက်နဲ့ ကြိုးစားလုပ်နေပါတယ်။

ထိုအခါ မဟာဒုဂ်ဇနီးကို သူဌေးကတော်ကြီးက 'အမိ၊ သင်အလွန်လျှင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာနဲ့ အလုပ်လုပ်နေပါလား၊ ဘယ်အကြောင်းကြောင့် ဒီလောက်ကြိုးစားလုပ်နေတာလဲ'လို့ မေးပါတယ်။

အဲဒီလို မေး တဲ့အခါ မဟာဒုဂ်ဇနီးက 'အရှင်မ၊ ကျွန်မတို့လဲပဲ ဒီက လုပ်ခရတဲ့အခါ အဲဒီလုပ်ခနှင့် ရဟန်းတစ်ပါး ဆွမ်းကပ်မလို့ပါ'လို့ ပြောပါတယ်။

အဲဒီစကား ကြားတယ်ဆိုရင်ပဲ သူဌေးကတော်ကြီးက 'ဩော်၊ ဒီအမိဟာ ခဲယဉ်းတဲ့အမှုကို ပြုပါပေစွ'လို့ ကြည်ညိုသဒ္ဓါဖြစ်ပြီး မဟာဒုဂ်ဇနီးအား ဆန်ဖွတ်ခ၊ ဆန်ပြာခ သတ်သတ်ပေးပြီး သံဃာတစ်ပါးဆွမ်းကပ်ဖို့ဆိုပြီး သလေးဆန်နှင့် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တွေပါ ဆုချလိုက်ပါတယ်။

**ဇနီးမောင်နှံ အိမ်ကိုပြန်**

မဟာဒုဂ်နှင့် ဇနီးတို့ဟာ လှူဖွယ်ပစ္စည်းရပြီဟု အားရဝမ်းသာစွာနှင့် အိမ်ပြန်လာကြပါသည်။ သင်က ဘာရလဲ၊ အရှင်က ဘာရလဲနှင့် အပြန်အလှန် မေးမြန်းကြပြီး ဒါက ဆွမ်းအတွက်၊ ဒါက ဟင်းအတွက်ဆိုလျှင် အားလုံး ပြည့်စုံလုံလောက်ပြီလို့

ပြောပြီး သူတို့ဇနီးမောင်နှံ နှစ်ယောက်ဟာ 'တို့တော့ လှူဖွယ် ပစ္စည်းပြည့်စုံပြီ'လို့ အားပါးတရ ဝမ်းပန်းတသာနှင့် ပေါ့လေ။

ဟုတ်ပါတယ်။ သူတို့နှစ်ယောက်မှာ မနက်ဖြန် ဘယ်လို ချက်မယ်၊ ဘာတွေချက်မယ်၊ ဘယ်လိုချက်မယ်နဲ့ တစ်ညလုံး အိပ်လို့တောင် မပျော်ရှာပါ။ နံနက်မှာလဲ အစောကြီးထကာ ဇနီးဖြစ်သူက မဟာဒုဂ်ကို 'အရှင့်သား၊ ဈေးသို့ အမြန်သွားပါ၊ ချက်ပြုတ်စရာ ဟင်းလျာဝယ်ပါချေ'လို့ ခိုင်းပါတယ်။

မဟာဒုဂ်လဲ စောစောထပြီး ဈေးထဲသို့ ဟင်းလျာသွား ဝယ်ပါတယ်။ အေး၊ သံဃာတော်နှစ်သောင်း မြို့ထဲမှာ ဆွမ်းကပ် မှာဆိုတော့ သူ့ထက်ဦးသူတွေက ဝယ်သွားလို့ မဟာဒုဂ်ခမျာ ဘာမှ ဝယ်မရတဲ့အတွက် မြစ်ကမ်းနားသို့သွားပြီး 'ဒီနေ့တော့ တို့ သံဃာတစ်ပါး ဆွမ်းကပ်ရပြီ'လို့ တွေးကာ ဝမ်းသာရွှင်လန်း စွာနှင့် သီချင်းဆိုလျက် ဟင်းရွက်ခူးနေပါတယ်။

**မဟာဒုဂ်နှင့် တံငါသည်**

အဲဒီအချိန်မှာ မြစ်ထဲ၌ ကွန်ပစ်နေတဲ့ တံငါသည်က မဟာဒုဂ်ရဲ့ အသံကိုကြားတဲ့အခါ အသံမှတ်မိပြီး 'ဒီအသံဟာ မဟာဒုဂ်ရဲ့ အသံနှင့် တူတယ်'လို့ တွေးပြီး မဟာဒုဂ်ကို ခေါ် မေးပါတယ်။

'အဆွေ မဟာဒုဂ်၊ သင်သည် အလွန်လျှင် နှစ်သက် ရွှင် လန်း ဝမ်းသာသောစိတ် ရှိသည်ဖြစ်၍ သီချင်းဆိုနေတယ်၊ အကြောင်းကား ဘယ်လိုလဲ'

'အဆွေ၊ ဟင်းရွက်ခူးနေပါတယ်'

'ဘာလုပ်ဖို့ ဟင်းရွက်ခူးနေတာလဲ'

'ရဟန်းတစ်ပါး ဆွမ်းကပ်ဖို့ရာ ဟင်းရွက်ခူးနေတာပါ'

'အမယ်လေး၊ မိုက်လိုက်ပါဘိ မဟာဒုဂ်ရယ်၊ ရဟန်းသံဃာတွေက ချမ်းချမ်းသာသာ စားသုံးနေကြတာပါ၊ အဲဒီရဟန်းတော်တွေက သင့်ရဲ့ ဟင်းရွက်ဟင်းတွေကို ဘယ်မှာစားသုံးမှာလဲ'

'အဆွေရယ်၊ မစားသုံးလဲ ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ့်ရတဲ့ ဟင်းရွက်နဲ့ပဲ ဆက်ကပ်ရမှာပေါ့'

'အဆွေမဟာဒုဂ်၊ ဒီလိုဆိုရင် ဒီကိုလာပါ'

'အဆွေ၊ ဘာလုပ်ရမှာလဲ'

'ဒီငါးကြီးတွေကိုယူပြီး တစ်မတ်တန်၊ ငါးမူးတန်၊ တစ်ကျပ်တန်ရယ် အသီးသီး ကြိုးနဲ့သီပြီး ရောင်းပါ'

မဟာဒုဂ်သည် 'ကောင်းပါပြီ အဆွေ'ဟု ဝန်ခံကာ ပြောတိုင်း ပြုကာ ငါးရောင်းနေလေ၏။

မဟာဒုဂ်ရောင်းသော ငါးတို့ကို မြို့သူမြို့သားတို့သည် မိမိတို့ ပင့်ဖိတ်ထားသော ရဟန်းသံဃာတော်တို့အတွက် ဝယ်ယူသွားကြကုန်၏၊ မဟာဒုဂ် ငါးရောင်းနေစဉ် ဆွမ်းစားပင့်ချိန်ရောက်လာပြီ။

မဟာဒုဂ်သည် ဆွမ်းစားပင့်ချိန်ကို မှတ်ပြီး 'အဆွေ၊ ကျွန်တော် သွားတော့မယ်၊ ဒီအချိန်ဟာ ရဟန်းတော်တွေ အိမ်ကြွတဲ့အချိန်ပဲ'လို့ ပြောလေ၏။

'အဆွေမဟာဒုဂ်၊ ငါးများနည်းနည်းပါးပါး ရှိသေးလား'

'အဆွေ၊ မရှိတော့ပါ၊ ရှိသမျှ ငါးအားလုံး ကုန်ပါပြီ'

'အဆွေမဟာဒုဂ်၊ ဒီလိုဆိုရင် ကျွန်တော်သည် ကျွန်တော့် အတွက် သဲထဲမှာ မြှုပ်ထားတဲ့ ငါးကြင်းလေးကောင် ရှိပါတယ်၊ တစ်ကယ်လို့ အဆွေဟာ ဆွမ်းကျွေးလိုပါတယ်ဆိုရင် ဒီငါးကြင်း လေးကောင်ကို ယူသွားပါ'လို့ ပြောပြီး တံငါသည်သည် ငါး ကြင်း လေးကောင်တို့ကို မဟာဒုဂ်အား ပေးလိုက်ပါတယ်။

## ဉာဏ်တော်နှင့် ကြည့်

မြတ်စွာဘုရားသည် တစ်နေ့လျှင် နှစ်ကြိမ်ကျ သတ္တ လောကကို ကြည့်လေသည်။ နံနက်တစ်ကြိမ်၊ ညဥ့်တစ်ကြိမ် ကြည့်ရာ ထိုနေ့၌ကား မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်ဝယ် သတ္တလောကကို ကြည့်သည်ရှိသော် မဟာဒုဂ်ကို မိမိ၏ ဉာဏ်တော်ကွန်ယက်၌ ဝင်သည်ကိုမြင်၍ မဟာဒုဂ် ဘယ်လိုဖြစ်မှာလဲလို့ ကြည့်ပြန်ပါသည်။

ထိုသို့ ကြည့်ရှုတဲ့အခါ မဟာဒုဂ်သည် ရဟန်းတစ်ပါး ဆွမ်းကျွေးမယ်လို့ ဇနီးနှင့်တကွ ဟိုယမန်နေ့က အခစားအလုပ် လုပ်လေ၏။ မဟာဒုဂ်တို့ အဘယ်ရဟန်းကို ရပါအံ့နည်းလို့ ဆက်ပြီး ကြည့်ပြန်ပါသည်။

ယင်းသို့ ကြည့်ရှုတော်မူသည်ရှိသော် လူများအပေါင်း သည် မိမိတို့ စာရင်းပေးထားသည့်အတိုင်း ရဟန်းတော်တို့ကို ပင့်၍ မိမိတို့ နေအိမ်တို့၌ ပင့်ဖိတ်၍ သီတင်းသုံးစေကုန်ပြီ

မဟာဒုဂ်သည် ငါဘုရားကို ဖယ်ထား၍ အခြားသော ရဟန်း သံဃာကို မရလတ္တံ့လို့ စူးစမ်းဆင်ခြင်မိပါသည်။

'ဗုဒ္ဓါ ကိရ ဒုဂ္ဂတေသု အနုကမ္ပ ကရောန္တိ'။ ကိရ-ကြားရဖူးသည်ကား၊ ဗုဒ္ဓါ - သစ္စာလေးပါး၊ တရားသိမြင် ဘုရားရှင်တို့သည်၊ ဒုဂ္ဂတေသု - သူဆင်းရဲတို့၌၊ အနုကမ္ပ - အစဉ် သနားစောင့်ရှောက် ချီးမြှောက်ခြင်းကို၊ ကရောန္တိ - ပြုတော်မူကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

**ဗုဒ္ဓချီးမြှောက်**

မဟာဒုဂ် ဘာဖြစ်လို့ ဘယ်သံဃာမှမရလဲဆိုရင် စာရင်း ရှုပ်တယ်ဆိုပြီး နိဗ္ဗာန်ဆော်က စာရင်းမတင်ထားလို့ပါ။ ဘုရား ရှင်က 'မဟာဒုဂ် ဘယ်သံဃာမှ မရလို့တော့ မဖြစ်ပါ၊ ရင်ကွဲ နာကျ သေလိမ့်မယ်၊ ငါချီးမြှောက်မယ်'ဆိုပြီးတော့ ဘုရားရှင် သည် နံနက်စောစောကပင် ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ပြုပြီးအခါ မဟာဒုဂ်ကို ချီးမြှောက်ရန် ဂန္ဓကုဋိတိုက်ထဲဝင်၍ သီတင်းသုံးနေတော်မူပါတယ်။

**သိကြားမင်းနေရာ ပူပြင်းရှာ**

မဟာဒုဂ်ရဲ့ စေတနာသဒ္ဒါတရားဟာ အင်မတန် ကြီး ကျယ်ပါတယ်။ ဘုရားရှင်ကလဲ သိပြီး ချီးမြှောက်မယ်တဲ့။ မဟာဒုဂ်လဲ ငါးကြင်းလေးကောင်တို့ကို ယူပြီး အိမ်သို့ ပြန်တဲ့ အခါမှာ သိကြားမင်းထိုင်နေရာ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ ဟာ ပူသောအခြင်းအရာပြပါတယ်။

အဲဒီလို ပူတဲ့အခါ သိကြားမင်းသည် 'အကြောင်းကား အဘယ်နည်း'လို့ ကြည့်သည်ရှိသော် ယမန်နေ့က မဟာဒုဂ်သည် ရဟန်းတစ်ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းမယ်လို့ မိမိဇနီးမယားနှင့်တကွ အခစားအလုပ် လုပ်တယ်။

'ဘယ်ရဟန်းကို မဟာဒုဂ်ရမည်လဲဟု ဆက်ပြီးကြည့်သော် ဩော်၊ မဟာဒုဂ်အတွက် ရဟန်းတစ်ပါးမှ မရှိပါလား၊ မြတ်စွာဘုရားသည်ကား မဟာဒုဂ်အား ချီးမြှောက်အံ့လို့ နှလုံးသွင်းပြီး ကန္ဒကုဋိကျောင်း၌ သီတင်းသုံးနေသည်။

'မဟာဒုဂ်ဟာ သူတို့ ချက်တတ်ပြုတ်တတ်သလို ချက်ပြုတ် စားသောက်သလို ယာဂုဆွမ်း၊ ဟင်းရွက်ဟင်းလျာတွေကို ချက်ပြုတ်ပြီး လှူဒါန်းလိမ့်မယ်၊ ဒီလိုဆိုရင် ကောင်းမှာမဟုတ်ပါ'

ဟုတ်ပါတယ်။ မဟာဒုဂ်တို့ဟာ ဖြစ်သလို နေထိုင် စားသောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ ဘယ်မှာ ချက်တတ်ပြုတ်တတ်ရှိမှာလဲ၊ ပန်းကန်ခွက် စသည်တွေလဲ ဘယ်မှာ ပြည့်ပြည့်စုံစုံ ရှိမှာလဲ။

အဲဒါကို သိတဲ့ သိကြားမင်းက 'ငါသည် မဟာဒုဂ်ရဲ့ အိမ်သို့သွားပြီး ထမင်းချက်တဲ့အလုပ်ကို လုပ်ရပါမူကား ကောင်းလေစွ' စဉ်းစားကြံစည်ပြီး မထင်ရှားတဲ့ အသွင်အပြင်နဲ့ မဟာဒုဂ်ရဲ့ အိမ်အနီးသို့ သွားပြီး 'တစ်စုံတစ်ယောက်မှာ အခကြေးငွေဖြင့် ခိုင်းစရာ အမှုကိစ္စရှိပါသလား'လို့ မေးမြန်းနေပါတယ်။

## ဝေယျာဝစ္စ ကိုယ်တန်ဆာ

မဟာဒုဂ်ကလဲ ငါးကြင်းလေးကောင်ယူပြီး အိမ်ပြန်အလာ သိကြားမင်းကို မြင်တဲ့အခါ 'အဆွေ အဘယ်အမှုကို ပြုပါအံ့နည်း' လို့ မေးပါတယ်။ အဲဒီလို မေးတဲ့အခါ သိကြားမင်းက 'အရှင်၊ ကျွန်တော်က အလုံးစုံအကုန်တတ်သူပါ၊ ကျွန်တော် မသိတဲ့၊ မတတ်တဲ့ အတတ်ဆိုတာ မရှိပါ၊ ယာဂုထမင်း စသည်တို့ကို ကောင်းမွန်စွာ ကျိုတတ်ချက်ပြုတ်တတ်ပါတယ်'လို့ ပြောပါ တယ်။

အဲဒီလို ပြောတဲ့အခါ မဟာဒုဂ်က 'အဆွေရယ်၊ ကျွန်တော် သည် အဆွေ့ရဲ့ ယာဂုကျိုခြင်း၊ ထမင်းချက်ခြင်းအမှုဖြင့် အလို ရှိပါတယ်၊ ဒါပေမယ့်လို့ အဆွေ့ကို ပေးစရာ တစ်စုံတစ်ရာ အခကြေးငွေ မရှိပါ၊ မပေးနိုင်ပါ'လို့ ပြောပါတယ်။

'အဆွေ့မှာ ဘာလုပ်စရာကိစ္စရှိနေပါသလဲ'လို့ သိကြား မင်းက မေးတဲ့အခါ မဟာဒုဂ်က 'အဆွေရယ်၊ ရဟန်းတစ်ပါး ဆွမ်းကပ်လှူလိုပါတယ်၊ အဲဒီရဟန်းတစ်ပါး ဆွမ်းကပ်ဖို့ရာ ယာဂုကျိုခြင်း၊ ထမင်းချက်ခြင်း အစီအရင်အတွက် ရှိပါတယ်' လို့ ပြောပါတယ်။

'ဘယ့်နှယ့် အဆွေရယ်၊ ရဟန်းတစ်ပါးအား ဆွမ်းဆက် ကပ်လှူဒါန်းမှာဆိုရင် ကျွန်တော့်မှာ အခကြေးငွေဖြင့် အလိုမရှိပါ၊ ဘယ့်နှယ့်လဲ အဆွေရယ်၊ ကျွန်တော့်အတွက် ကောင်းမှုရရင် တော်ပါပြီ'လို့ သိကြားမင်းက ပြောတဲ့အခါ မဟာဒုဂ်က 'အဆွေ

ရယ်၊ ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ်၊ ကောင်းပါတယ်၊ အိမ်ထဲ ဝင်ပါ'လို့ ပြောပါတယ်။ အေး၊ ဝေယျာဝစ္စဆိုတာ ကုသိုလ်အခကို ယူတာပါ။ ဝေယျာဝစ္စကုသိုလ် ဆိုတာ အင်မတန်အကျိုးကြီးပါတယ်၊ ဆိုကြည့်ပါ။

*ဝေယျာဝစ္စ၊ ကိုယ်တန်ဆာ၊ လွန်စွာလှပသည်။*

ဝေယျာဝစ္စလုပ်တယ်ဆိုတာ တစ်ကိုယ်လုံးနဲ့ လုပ်ရတာပါ။ ချီစရာရှိတာ ချီရပါတယ်။ မ,စရာရှိတာ မ,ရပါတယ်။ ခုတ်စရာရှိတာ ခုတ်ရပါတယ်။ သယ်စရာရှိတာ သယ်ရပါတယ်။ ဖွတ်ရလျှော်ရ၊ ဆေးကြောရ၊ ချက်ပြုတ်ရ၊ ပြေးရလွှားရ စသည်ဖြင့် တစ်ကိုယ်လုံး အင်္ဂါအစိတ်အပိုင်းအစုံနဲ့ လုပ်ရတာပါ။

ဝေယျာဝစ္စသမားတွေဟာ စိတ်ပါလက်ပါနဲ့ အစောကြီးထကြရပါတယ်။ သူတို့ကြည့်လိုက်ရင် အမြဲတမ်းပဲ ရွှင်ပြုံးတက်ကြွနေတာပဲ၊ ဦးပဥ္စင်းကြီးတွေ တရားထိုင်တော့ လာကြည့်ရင်တော့ ငိုက်လို့ပဲလား မသိပါ။ ဟိုမှာ ငိုက်ချိန်မရပါ။

ဝေယျာဝစ္စဆိုတာ တကယ် စေတနာသန်သန်နဲ့ တစ်ကိုယ်လုံးနဲ့ လုပ်ရတာပါ။ အဲဒါကြောင့် ဝေယျာဝစ္စလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ တစ်ကိုယ်လုံး အင်္ဂါအစိတ်အပိုင်းအစုံနှင့် ပြုရတာဖြစ်၍ ဖြစ်လေရာရာ ဘဝတိုင်းမှာ တစ်ကိုယ်လုံး အင်္ဂါအစိတ်အပိုင်းအစုံ လှပါတယ်။

အများအားဖြင့် လှတယ်ဆိုတာ အစိတ်အပိုင်းတစ်ခုနှစ်ခုလောက်သာ လှတာများပါတယ်။ ဟုတ်ပါတယ်။ အချို့

မျက်လုံးသာ လှပါတယ်။ အချို့မှာ မျက်နှာသာ လှပါတယ် စသည်ဖြင့် တအားဝတယ်၊ တအားပိန်တယ်၊ တအားရှည်တယ်၊ တအားပုတယ်လို့ အမျိုးမျိုးပါ။

အလုံးစုံ ဆိုစရာမရှိ လှတယ်ဆိုတဲ့သူဟာ ရှားပါတယ်။ ဘာဖြစ်လို့ရှားလဲဆိုတော့ ဝေယျာဝစ္စလုပ်တဲ့ ပုဂ္ဂိုလ်က ရှားလို့ပါ။ အေး၊ အလှူတွေမှာ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် လုပ်ချင်သူတွေ ပေါ်ပေမယ့်လို့ ဝေယျာဝစ္စလုပ်သူ ရှားပါတယ်။

ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကြည့်လိုက်ရင် ပြင်ဆင်တော့ထားပါတယ်၊ နှုတ်ခမ်းကစူတူတူနဲ့၊ ဝေယျာဝစ္စသမားက ပြုံးလို့၊ ဦးပဥ္စင်းကြီးတွေလဲ ဟိုလှူဝတ်တုန်းက ခေါင်းပေါင်းစ တစ်ထောင်ထောင် လက်ဖက်ခွက်နေကြမှာပါ။

နောက်ဆိုရင် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ဝေယျာဝစ္စသာ ဝင်လုပ်ပါ။ ဝေယျာဝစ္စဆိုတာ အညစ်အကြေးပါ ဆေးကြောတာဖြစ်ခြင်းကြောင့် ဖြစ်လေရာဘဝတိုင်း တစ်ကိုယ်လုံး လှပါတယ်။ မတ်တပ်ရပ်ရင်လဲ ဖြောင့်လို့ ကွေးကောက်ကော့လန်မနေပါ။ ယခု မဟာဒုဂ်အိမ်ကို သိကြားမင်းကတောင် ဝေယျာဝစ္စ လာလုပ်ရတာကြည့်ပါ။

ယခု မဟာဒုဂ်နှင့် သိကြားမင်းတို့ အခကြေးငွေ ဘယ်လောက်နဲ့ တည့်သွားလဲမေးရင် ကုသိုလ်အခနဲ့ တည့်သွားပါတယ်။ ယခု ဂုန်နီစက်ရုံ မိသားစုတို့ရဲ့ ခုနစ်ရက်စခန်းပွဲမှာ ဝေယျာဝစ္စ လုပ်သူတွေဟာလဲ ကုသိုလ်အခယူလုပ်ကြတာပါ။

**သွားပင့်ပါချေ**

အဲဒီလို ကုသိုလ်အခန့် ဈေးတဲ့သွားတဲ့အခါ သိကြားမင်းက မဟာဒုဂ်ဆီက ငါးကြင်းလေးကောင်ကို လှမ်းယူပြီး မဟာဒုဂ် အိမ်ထဲသို့ ဝင်ကာ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသည်တို့ ကို ပြစေ၊ ယူစေကာ 'အဆွေ မဟာဒုဂ်၊ ဒီအချိန်ဟာ သံဃာ တွေကို အိမ်သို့ပင့်ချိန်ရောက်နေပါပြီ၊ အမြန်သွားပါချေ၊ အဆွေ့ အိမ်ရောက်မယ့်၊ ကျမယ့် သံဃာကို သွားပင့်ပါချေ'လို့ ပြောပြီး မဟာဒုဂ်ကို သံဃာပင့်ခိုင်းပါတယ်။

အေး၊ သဏ္ဌာန်လုပ် သရုပ်တူစေဆိုတာ ဒါမျိုးပေါ့၊ သိကြားမင်းဟာ မဟာဒုဂ် သံဃာမရဘူးဆိုတာ သိပါတယ်၊ မပြောပါ။ သူ့ကိုယ်ကိုလဲ သိကြားလို့ မသိစေပါ။ သူတော်စင် တို့သည် ဂုဏ်ကို လျှို့ဝှက်ပါတယ်၊ မသူတော်တို့သည် ဂုဏ် ဖော်ပါတယ်၊ မတူပါ။

အေး၊ မဟာဒုဂ်က သံဃာသွားပင့်ပါတယ်။ သိကြားမင်း က အိမ်ထဲဝင် မီးဖိုချောင်ထဲဝင်ပြီး အားလုံး နတ်တို့တန်ခိုးနဲ့ ချက်ပြုတ်လိုက်တယ်ဆိုရင်ပဲ တစ်ခဏချင်း ပြီးသွားမှာပေါ့။

မဟာဒုဂ်က သံဃာပင့်ရအောင် သွားတဲ့အခါမှာ ဟို နိဗ္ဗာန်ဆော်ကလဲ သူ့စာရင်းမှာ တင်ထားတဲ့အတိုင်း ထိုထို အိမ်တို့သို့ လာပင့်ကြသူတွေကို ပေးလိုက်တော့ သံဃာကုန်နေ ပါပြီ။

## မဟာဒုဂ် ငိုပြီ

မဟာဒုဂ်သည် နိဗ္ဗာန်ဆော်ထံသွားပြီး 'အရှင်၊ ကျွန်တော့် အိမ် ကျရောက်တဲ့ သံဃာကို ကျွန်တော့်အားပေးပါ'လို့ တောင်းတဲ့ ထိုခဏမှာမှ နိဗ္ဗာန်ဆော် သတိရပြီး 'အဆွေမဟာဒုဂ်၊ အဆွေ့ အတွက် သံဃာတစ်ပါးကို ကျွန်တော်မေ့ပြီး စာရင်းမတင်မိပါ' လို့ ပြောတယ်၊ နိဗ္ဗာန်ဆော် ညာတယ်နော်။

နိဗ္ဗာန်ဆော်က အဲဒီလိုပြောတဲ့အခါ ထက်လှစွာသော ဓားဖြင့် ဝမ်းကို ထိုးဆွလိုက်ဖြတ်သကဲ့သို့ ဖြစ်ပြီး 'အရှင်၊ အဘယ့်ကြောင့် အကျွန်ုပ်ကို ဖျက်ဆီးပါသလဲ၊ ကျွန်တော့်ကို အရှင်သည် ယမန်နေ့က တိုက်တွန်းတဲ့အတွက် ဇနီးမယားနှင့် တကွ တစ်နေ့လုံး အခစားလုပ်ပြီး ယနေ့နံနက်စောစောမှာ ဟင်းရွက်အလို့ငှာ မြစ်ကမ်းနားဌ် လှည့်လည်၍ လာခဲ့ပါတယ်၊ အရှင်၊ ကျွန်တော့်အတွက် သံဃာတစ်ပါးကို ပေးပါ'လို့ တောင်းပြီး လက်မောင်းနှစ်ဖက်မြှောက်ကာ ငိုကြွေးပါတော့သည်။

ဟုတ်ပါတယ်၊ မဟာဒုဂ် ရင်ကွဲနာကျပြီး သေဖို့ပဲရှိပါ တော့တယ်။ သူ့ခမျာ နံနက်စာညစာတောင် မလုံလောက်ရှာဘဲ ဆွမ်းကပ်ရတာ။

မဟာဒုဂ် အော်ငိုတဲ့အသံကြားတဲ့အခါ လူအများ စုဝေး ရောက်ရှိလာပြီး 'မဟာဒုဂ် အဘယ့်ကြောင့် ငိုနေပါသလဲ'လို့ ဝိုင်းမေးကြပါတယ်။ မဟာဒုဂ်ကလဲ အစမှ အဆုံး အကုန်ပြောပြ ပါတယ်။

**ကောင်းမှုရှိရင် ရမယ်**

အဲဒီလိုပြောကြတဲ့အခါ ရောက်လာသူလူများက 'အဆွေ နိဗ္ဗာန်ဆော်၊ အဆွေသည် ဒီမဟာဒုဂ်ကို အခစားလုပ်ခိုင်းပြီး သံဃာတစ်ပါး ဆွမ်းကပ်ခိုင်းတယ်ဆိုတာ မှန်ပါသလား'လို့ မေးတဲ့အခါ မှန်ကန်ကြောင်း ဝန်ခံပါတယ်။

'ဩော် အဆွေနိဗ္ဗာန်ဆော်ရယ်၊ အဆွေဟာ ဝန်းလေးတဲ့ အလုပ်ကို လုပ်ပါပေစွ၊ ဟုတ်ပါတယ်၊ အဆွေဟာ ဒီမျှလောက် သံဃာတော်နှစ်သောင်းတောင် စာရေးတံချပါလျက် ဒီမဟာဒုဂ် အတွက် သံဃာတစ်ပါးကလေးတောင် မပေးတာတော့ အလွန် မသင့်ပါ'လို့ ပြောကြပါတယ်။

နိဗ္ဗာန်ဆော်ခမျာလဲ ရောက်လာသူလူအများရဲ့ စကား ကြောင့် မျက်နှာမသာမယာဖြစ်ပြီး 'အဆွေမဟာဒုဂ်၊ အဆွေ ဟာ ကျွန်တော့်ကို မဖျက်ဆီးပါနဲ့'တဲ့။ သူ့ကိုများ ဘယ်သူက ဖျက်ဆီးလို့လဲ၊ သူ့ဟာသူဖျက်နေပြီးတော့။

'အဆွေမဟာဒုဂ်၊ အဆွေ့ရဲ့အကြောင်းကြောင့် ကြီးစွာ သော ပင်ပန်းခြင်းသို့ ရောက်ခဲ့ပါပြီ'တဲ့။ လူများဟာ ကိုယ့်အပြစ် ကိုယ် မြင်နိုင်ခဲတယ်ဆိုတာ မှန်ပါတယ်။ သူမဟုတ်လို့ ပင်ပန်း ရတာကိုပဲ အဆွေ့ကြောင့်တဲ့။

အေး၊ နိဗ္ဗာန်ဆော်က လူအများတို့သည် သူတို့စာရင်း တင်ထားသည့်အတိုင်း သူတို့ပင့်ရမည့် သံဃာတော်တွေကို သူတို့အိမ်တို့သို့ ပင့်သွားကြပါပြီး မိမိတို့အိမ်သို့ ရောက်ရှိနေတဲ့

သံဃာတော်တွေကို ထုတ်တောင်းပြီး သူများအိမ်သို့ ပေးရိုးထုံးစံ မရှိပါ။

'အဆွေ မဟာဒုဂ်၊ မြတ်စွာဘုရားရှင်ကတော့ နံနက်စော စောထဲက မျက်နှာတော်သစ်ပြီး ဂန္ဓကုဋီကျောင်းတော်၌သာ လျှင် သီတင်းသုံးနေတော်မူပါတယ်။

'မင်းကြီး၊ အိမ်ရှေ့မင်း၊ စစ်သေနာပတိ၊ သူဌေးသူကြွယ် စသည်တို့ကလဲ မြတ်စွာဘုရားရှင်ရဲ့ သပိတ်တော်ကို ယူပြီးတော့ သွားကြမယ်လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂန္ဓ ကုဋီကျောင်းတော်မှ အထွက်ကို စောင့်ကြည့်နေကြတာကလဲ ကျောင်းဝိုင်းအပြည့်ပါပဲ။

'ဗုဒ္ဓါနာမ – သစ္စာလေးပါး၊ တရားသိမြင် ဘုရားရှင်တို့ မည်သည်ကား၊ ဒုဂ္ဂတေ – သူဆင်းရဲတို့၌၊ အနုကမ္ပံ – အစဉ်သနား စောင့်ရှောက်ချီးမြှောက်ခြင်းကို၊ ကရောန္တိ – ပြုတော်မူကြပါပေ ကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

'အေး၊ အဆွေမဟာဒုဂ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ က သူဆင်းရဲတို့ကို အစဉ်သနားစောင့်ရှောက်ချီးမြှောက်တော်မူတာ ဖြစ်ခြင်းကြောင့် အဆွေမဟာဒုဂ်ဟာ ကျောင်းတော်သို့သွားပြီး 'မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဒီမြို့မှာ အဆင်းရဲ ဆုံးပါ၊ တပည့်တော်အောက်ဆင်းရဲသူ မရှိတော့ပါ။ ဒါကြောင့် တပည့် တော်ကို အများက မဟာဒုဂ်လို့ ခေါ်ကြပါတယ်။

'တပည့်တော် ဆွမ်းကပ်ဖို့ရာ စာရင်းမပါလို့ သံဃာတစ်ပါး မှ မရပါ။ တပည့်တော်ကို အစဉ်သနားစောင့်ရှောက်ချီးမြှောက် သောအားဖြင့် တပည့်တော်အိမ်ကြွပါလို့ ပင့်ပါ၊ မြတ်စွာဘုရား ကို ရှိခိုးပါ၊ အကယ်၍ အဆွေမဟာဒုဂ်မှာ ဘုဉ်းကံရှိရင် ကေန် ရပါလိမ့်မယ်' တဲ့။

အင်း၊ နိဗ္ဗာန်ဆော်ရဲ့ စကားက အားရှိစရာပဲ၊ ကျောင်း ထဲမှာလဲ ပင့်ဖို့ရာ စောင့်နေတဲ့လူတွေက မင်းမှစ၍ သူဌေးသူ ကြွယ်တွေ ပြည့်နေတယ်၊ 'အဆွေကံကောင်းရင် ရမယ်'တဲ့။

**မဟာဒုဂ် သပိတ်ရပြီ**

အေး၊ မဟာဒုဂ်မှာလဲ နိဗ္ဗာန်ဆော် ပြောပြတဲ့နည်းလမ်းမှ တစ်ပါး တခြားသံဃာရစရာ နည်းလမ်းမရှိတော့၊ ခေါင်းလေး ငိုက်စိုက်ငိုက်စိုက်နဲ့ ကျောင်းတော်သို့သွားရှာပါတယ်။

အေး၊ သွားတော့ အခြားနေ့တွေမှာ မဟာဒုဂ်အလုပ်ရှာ လို့ မရလို့ ပိုက်ဆံမရရင် ကျောင်းသွားပြီး ဆွမ်းကျန်ကွမ်းကျန် တောင်းစားတယ် တစ်မြို့လုံးက သိမြင်နေကြတော့ ဒီကနေ့ မဟာဒုဂ် ကျောင်းလာတာ မြင်တဲ့အခါ မင်း၊ အိမ်ရှေ့မင်း စသည်တို့က ဆွမ်းကျန်ကွမ်းကျန်တောင်းစားရအောင် လာတယ် ထင်လို့ 'မဟာဒုဂ် ဆွမ်းစားချိန် မဟုတ်ပါ၊ သံဃာတွေ တစ်ပါးမှ ကျောင်း၌ ဆွမ်းမစားပါ၊ အဘယ့်ကြောင့် အသင် လာတာလဲလို့ ပြောကြပါတယ်'

မဟာဒုဂ်က ခါတိုင်းလာသလို တောင်းစားရအောင်

လာသူမဟုတ်ပါ။ ဒီကနေ့က ဆွမ်းဒကာ မဟာဒုဂ်ပါ၊ ဒါကြောင့် သူကလဲ ခပ်တည်တည်နဲ့ 'အရှင်တို့ ဒီအချိန်ဟာ ဆွမ်းစားချိန် မဟုတ်ဘူး၊ ဒီကနေ့ ကျောင်းမှာ သံဃာတော်တွေ တစ်ပါးမှ ဆွမ်းမစားဘူးဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော် မြတ်စွာ ဘုရားရှင်ကို ရှိခိုးမလို့ လာတာပါ'လို့ ပြောပါတယ်။

အဲဒီလို ပြန်ပြောပြီး မဟာဒုဂ်ရှေ့ဆက်သွားကာ ဂန္ဓကုဋိ ကျောင်းရောက်တယ်ဆိုရင်ပဲ တံခါးခုံပေါ် ဦးခေါင်းတင်ပြီး တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးကာ 'မြတ်စွာဘုရား၊ ဘုရားတပည့် တော်သည် ဒီဇာရာဏသီပြည်မှာ အဆင်းရဲဆုံးဖြစ်လို့ ဘုရား တပည့်တော်ကို အများက မဟာဒုဂ်လို့ ခေါ်ဝေါ်ပညတ်ကြပါ တယ် ဘုရား၊ ဘုရားတပည့်တော်အောက် ဆင်းရဲသူမရှိပါ ဘုရား၊ ဘုရားတပည့်တော် သံဃာတစ်ပါး စာရင်းသွင်းထား တာ မရပါဘုရား။

'မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားသည် ဘုရားတပည့် တော်ကို အစဉ်သနားတော်မူသောအားဖြင့် ဘုရားတပည့်တော် ရဲ့ မှီခိုကိုးစား အားထားရာဖြစ်တော်မူပါ ဘုရား၊ ဘုရားတပည့် တော်အား အစဉ်သနား စောင့်ရှောက် ချီးမြှောက်တော်မူပါဘုရား' လျှောက်ထားလိုက်ပါတယ်။

အဲဒီလို လျှောက်ထားလိုက်တယ်ဆိုရင်ပဲ ရှင်တော်မြတ် ဘုရားသည် ဂန္ဓကုဋီကျောင်းတော်တံခါးကိုဖွင့်ပြီး သပိတ်တော် ကို ထုတ်ဆောင်၍ မဟာဒုဂ်လက်ထဲသို့ သပိတ်ကို ထည့်ပေးလိုက်

ပါတယ်။ မဟာဒုဂ်သည် စကြဝဠာမင်းရဲ့ အသရေတော်သို့ ရောက်ဘိသကဲ့သို့ ဖြစ်သွားပါတယ်။

**သပိတ်ဝယ်ကြသည်**

အေး၊ အဲဒီမှာ တံခါးဖွင့်တယ်ဆိုတာနှင့် ပတ်သက်၍ ပြောရပါဦးမည်။ တံခါးကို မြတ်စွာဘုရားရဲ့ လက်တော်နဲ့ ဖွင့်ရတာ မဟုတ်ပါ။ မြတ်စွာဘုရားက တံခါးဆီသို့ လက်တော် ဆန့်တန်းလိုက်တယ် ဆိုရင်ပဲ တံခါးက ပွင့်သွားပါတယ်။

အလိုလိုပွင့်သွားတာ မဟုတ်ပါ။ ဘဝများစွာ ကမ္ဘာများစွာ သံသရာအဆက်ဆက်က ဘုရားရှင် ဖြည့်ဆည်းပူးခဲ့တဲ့ ဒါနပါရမီ အစွမ်းကြောင့် ပွင့်သွားတာပါ။

ဒါနပါရမီတော်က 'ရှင်တော်မြတ်ဘုရား၊ အရှင်ဘုရား လက်တော် အပင်ပန်းမခံပါနှင့်၊ ဘုရားတပည့်တော် ဖွင့်ပေးပါမယ်' ဆိုတဲ့ သဘောနဲ့ ဖွင့်ပေးလိုက်တာပါ။

ဒါနဆိုတာ လိုရာဖြည့်ပေးတဲ့ ကုသိုလ်ဖြစ်ခြင်းကြောင့် ယခု တံခါးဖွင့်လိုတဲ့နေရာမှာ ဒါနက လာဖွင့်ပေးပါတယ်။ အေး၊ ဒါနမပါရင် လိုရာမပြည့်ဝနိုင်ပါ။

**ဇာတ်သဘင်စကား**

အေး၊ မဟာဒုဂ် သပိတ်ရသွားတာ မဲပေါက်လို့ရသွားတာ မဟုတ်ပါ၊ ဇာတ်စကားက မဲပေါက်ယောင်ယောင် လုပ်ပါတယ်။ ပြီးတော့ မဟာဒုဂ်သပိတ်ရတဲ့အခါ သီချင်းဆိုပြီးတော့ ကတယ်လို့လဲ မဟုတ်လုပ်ကြံ ဆိုကပြပါတယ်၊ မဟုတ်ပါ။

ဓာတ်သဘင်စကားဟာ မမှန်တစ်ဝက်၊ မှန်တစ်ဝက်နဲ့မို့ သဘင်သည်သေရင် ပဟာသငရဲရောက်တယ်လို့ ဘုရားရှင် ဟောတာပါ။ သဘင်သည်ရဲ့အပြစ်က သိပ်ကြီးပါတယ်။ 'မုဆိုးတစ်သက်- တောမီးတစ်ကွက်- သဘင်သည်တစ်ရက်' တဲ့။ ကြောက်စရာ အင်မတန်ကောင်းပါတယ်။

'မုဆိုးတစ်သက်လုံး လုပ်တဲ့ အကုသိုလ်ကံနှင့် တောမီး ကလေးတစ်ကွက်ရှို့တဲ့ကံနှင့် တူတယ်'တဲ့၊ ဟုတ်ပါတယ်၊ မုဆိုးတစ်သက်လုံး လုပ်ပေမယ့်လို့ သူသတ်တဲ့ အကုသိုလ် ကံက အကောင်ရေ မများပါ။

တောမီးတစ်ကွက် ရှို့တဲ့ အကုသိုလ်ကံက အကောင်ရေ များပါတယ်။ အဲဒီ မုဆိုးတစ်သက် တောမီးတစ်ကွက်အကုသိုလ် ကံနဲ့ သဘင်သည် တစ်ရက် က,တဲ့ အကုသိုလ်ကံက ကြီးပါ တယ်။ ဘာဖြစ်လို့လဲလို့မေးရင် မုဆိုးတစ်သက်၊ တောမီးတစ် ကွက် အကုသိုလ်ကံက ခံရရင် သူတို့ပဲ ခံရမှာပါ။ အခြားလူ မခံ ရပါ။ သဘင်ရဲ့ အကုသိုလ်ကံက လာပြီး ကြည့်ရှုနားထောင် သူ အားလုံး ခံရပါတယ်။

မုဆိုးက သူ့အကုသိုလ်ကံကို သူတစ်ပါးတွေအား ခွဲဝေ မပေးနိုင်ပါ။ သဘင်သည်က လာသမျှပရိသတ်တွေအား အကု သိုလ် ခွဲဝေပေးနိုင်ပါတယ်။ ဒါကြောင့် အပြစ်ကြီးတာပါ။

**ငွေယူ သပိတ်ပေးပါ**

အေး၊ မဟာဒုဂ်လဲ ဘုရားရှင်ရဲ့ သပိတ်ကို ရသွားတယ်

ဆိုရင်ပဲ မင်း၊ အိမ်ရှေ့မင်း စသူတွေဟာ အချင်းချင်း တစ်ယောက်ရဲ့ မျက်နှာ တစ်ယောက် ကြည့်ကြပါတယ်။ အင်း၊ ဒီမဟာဒုဂ်တော့ ဘယ်လိုများ ဆွမ်းကပ်မှာလဲဆိုတဲ့ သဘောနဲ့ပေါ့။

မြတ်စွာဘုရားရှင် ပေးလိုက်တဲ့ သပိတ်တော်ကိုလည်း မည်သူတစ်စုံတစ်ယောက်ကမှ အစိုးတရ နိုင်ထက်မှုတဲ့ အစွမ်းဖြင့် ယူခြင်းငှာ စွမ်းနိုင်သူ မရှိပါတဲ့။

အဲဒီလို မယူနိုင်တော့ 'အဆွေမဟာဒုဂ်၊ မြတ်စွာဘုရားရဲ့ သပိတ်ကို ငါတို့အား ပေးပါ။ သင့်အား ငါးရာပေးပါ့မယ်၊ တစ်ထောင်ပေးပါ့မယ်၊ သင်ဆင်းရဲနေတာပဲ ငွေယူပါ၊ သင့်အဖို့အရာ သပိတ်ဖြင့် ဘာအကျိုးရှိမှာလဲ'လို့ ဝိုင်းပြောကြပါတယ်။

မဟာဒုဂ်ကလဲ 'တစ်စုံတစ်ယောက်သောသူကိုမှ သပိတ်ကို မပေးနိုင်ပါ၊ အကျွန်ုပ်မှာလဲ ဥစ္စာဖြင့် အလိုမရှိပါ။ မြတ်စွာဘုရား ကိုသာလျှင် ဆွမ်းဆက်ကပ်လှူဒါန်းပါအံ့'လို့ ပြန်ပြောပါတယ်။

**မင်းကြီးလိုက်သွား**

အေး၊ အများပြည်သူတွေက သပိတ်မရတော့လဲ အိမ်မှာရထားတဲ့ သံဃာတွေပဲ ဆွမ်းကပ်ရတာပေါ့ဆိုပြီး ပြန်သွားကြသော်လည်း ဗာရာဏသီပြည့်ရှင်မင်းကြီးကတော့ မဟာဒုဂ်ကိုကြည့်ပြီး 'ကြည့်စမ်း၊ ဒီမဟာဒုဂ်ဆိုတဲ့ အကောင်က သပိတ်တောင်းဝယ်တော့လဲမရောင်း၊ ဒီမဟာဒုဂ်သည် မြတ်စွာဘုရားရှင်ကို ဘာဆွမ်း၊ ဘာဟင်းတွေနဲ့ ဆက်ကပ်မလဲ မသိ။မကောင်း

တဲ့ ဆွမ်းဟင်းတွေနဲ့ ဆွမ်းကပ်ရင်တော့ မြတ်စွာဘုရားရှင်ရဲ့ သပိတ်တော်ကိုယူ၊ မြတ်စွာဘုရားရှင်ကို ပင့်ပြီး နန်းတော်မှာ ချက်ပြုတ်ထားတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်ကို လှူဒါန်းပါအံ့’ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြတ်စွာဘုရားရှင်နှင့်တကွသာလျှင် လိုက်သွားပါတယ်။

· နတ်တို့ သေဌ်နင်း သိကြားမင်းကလဲ ယာဂု၊ ခဲဖွယ်၊ ဆွမ်း၊ ဆွမ်းဟင်း၊ အသီးအရွက်၊ အချိုပွဲစသည်တွေ မြိုင်ဆိုင်စွာ စီမံချက်ပြုတ်ပြီးတော့ မြတ်စွာဘုရားရှင်နှင့် ထိုက်တန်တဲ့ အသုံးအဆောင် ပရိဘောဂ အခင်းအကျင်းတွေ ခင်းကျင်းပြီး စောင့်ကြိုနေပါတယ်။

**မဟာဒုဂ်အိမ်ကလေး**

ဘုန်းကြီးတို့ ပရိသတ်တွေ၊ မဟာဒုဂ်ရဲ့ အိမ်ကလေးကို အာရုံပြုကြည့်ပါ။ တိုက်အိမ်ကလေးပါ။ သူလိုကိုယ်လို ပုဂ္ဂိုလ် တွေ ဝင်သွားရင် အမှတ်တမဲ့ဝင်သွားက ခေါင်းအတိုက်ခံရလို့ တိုက်အိမ်ခေါ်တာပါ။ အိမ်ကလေးက နိမ့်နိမ့်ကလေးပါ။

မဟာဒုဂ်ကလဲ ဘုရားရှင်ကိုပင့်သွားပြီး ‘မြတ်စွာဘုရား အိမ်ထဲကြွတော်မူပါဘုရား’လို့ ပင့်လျှောက်တဲ့အခါ အိမ်က နိမ့်လေတော့ အမှန်တကယ်ပင် ခါးမကုန်း၊ ခေါင်းမငုံ့ဘဲနှင့် ဝင်လို့မရပါ၊ ဝင်ရင် တိုက်မှာပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ကတော့ လေးအသချေ နဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တွေ

ကို ဖြည့်ကျင့်ဆည်းပူးခဲ့တာဖြစ်ခြင်းကြောင့် မဟာဒုဂ်ရဲ့အိမ်ကို ဝင်တဲ့အခါမှာ ခေါင်းမငုံ့၊ ခါးမကုန်းရဘဲ ဝင်ကြပါတယ်တဲ့။

အေး၊ လမ်းကြွသွားတဲ့အခါမှာကတည်းက ခလုတ်ကန်သင်းတွေက ရှောင်လွှဲသွားရတယ်၊ နိမ့်နေတဲ့ မြေကြီးက အပေါ်သို့ မြင့်တက်လာရပါတယ်၊ မို့နေတဲ့မြေကြီးက အောက်သို့ နိမ့်ဆင်းသွားရပါတယ်။

ယခု မဟာဒုဂ်ရဲ့ အိမ်သို့ ဝင်ကြွတဲ့အခါမှာ အောက်အခင်းက အောက်သို့နိမ့်ကျပေးပြီး အပေါ်အမိုးက အပေါ်သို့ မြင့်တက် ပေးပါတယ်။ အဲဒီလိုဖြစ်ခြင်းဟာ ရှင်တော်မြတ်ဘုရားတို့ရဲ့ ကောင်းစွာလှူဒါန်းခဲ့တဲ့ အလှူဒါနရဲ့ အကျိုးဆက်ပါတဲ့။

မြတ်စွာဘုရားရှင်တို့ ပြန်ကြွသွားတဲ့အခါမှာ အိမ်ကလေးဟာ မူလအတိုင်း ပြန်ဖြစ်သွားပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်သည် ရပ်လျက်သာလျှင် မဟာဒုဂ် အိမ်သို့ ဝင်၍ သိကြားမင်းခင်းထားအပ်တဲ့နေရာမှာ သီတင်းသုံးပါတယ်။

**ပြစမ်းမဟာဒုဂ်**

အေး၊ မြတ်စွာဘုရားရှင် မဟာဒုဂ်အိမ်မှာ ထိုင်နေတော်မူပြီးလျှင် မင်းကြီးက 'အမောင်မဟာဒုဂ်၊ သူများတွေက သပိတ်တောင်းဝယ်တော့လဲ မရှောင်းပါ၊ ငါတို့တောင်းဝယ်တော့လဲ သပိတ်ကို မရှောင်းပါ၊ ကဲ အမောင်မဟာဒုဂ်၊ အမောင့်ရဲ့ဟင်းတွေ၊ ဆွမ်းတွေ ပြစမ်းပါ၊ အမောင်ဟာ ဘာဟင်း၊ ဘာ

ဆွမ်းတွေနဲ့ မြတ်စွာဘုရားရှင်အား ဆက်ကပ်မှာလဲ’လို့ မေးပါတယ်။

အဲဒီလိုမေးတဲ့အခါ သိကြားမင်းက ခပ်ကြွားကြွားနဲ့နေမှာပေါ့လေ။ ‘ကြည့်ပါ– ကြည့်ပါ အရှင်မင်းကြီး၊ ဒီယာဂု၊ ဒီခဲဖွယ်၊ ဒီဘောဇဉ်စသည်တို့နှင့် ကပ်မှာပါ’ဆိုပြီး သူချက်ပြုတ်စီမံထားတဲ့ ခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတွေကို ဖွင့်ပြပါတယ်။

ဒီလို ဖွင့်ပြလိုက်တဲ့အခါ အဲဒီခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာအဖြာဖြာတို့ရဲ့ မွှေးလှိုင်သင်းပျံ့ကြိုင်ရနံ့ဟာ ဗာရာဏသီ တစ်မြို့လုံး လွှမ်းဖုံးသွားပါတယ်တဲ့။

မင်းကြီးဟာ မဟာဒုဂ်ရဲ့အိမ်က ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်စသည်တို့ကို ကြည့်ရှုပြီး မြတ်စွာဘုရားရှင်ကို ‘မြတ်စွာဘုရား၊ တပည့်တော်သည် မဟာဒုဂ်ရဲ့ လှူဖွယ်ပစ္စည်းတွေဟာ ဘယ်လိုလဲ၊ ဘုရားရှင်နှင့် ထိုက်မထိုက် ကြည့်ဖို့ရာ လိုက်လာပါတယ်ဘုရား၊ အကယ်၍ မဟာဒုဂ်ရဲ့ လှူဖွယ်ပစ္စည်းတွေဟာ ဘုရားရှင်နှင့် မထိုက်တန်ပါလျှင် တပည့်တော် ဘုရားရှင်ကို နန်းတော်သို့ ပင့်သွားပြီး တပည့်တော် စီမံချက်ပြုတ်ထားတဲ့ ခဲဖွယ်ဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိုက်လာခဲ့ပါတယ်ဘုရား။

‘မြတ်စွာဘုရား ယခုတော့ တပည့်တော်ရဲ့ အထင်နှင့်အမြင်လွဲပါတယ်ဘုရား၊ တပည့်တော်သည် ဤသို့ သဘောရှိသော

ခဲဖွယ်ဘောဇဉ်အာဟာရတွေကို ရှေးက မြင်တောင်မမြင်ခဲ့ဖူးပါ ဘုရား။

'မြတ်စွာဘုရား၊ တပည့်တော် ဒီမှာနေမယ်ဆိုရင် မဟာဒုဂ် အနေအထိုင်ခက်ခဲ ပင်ပန်းဆင်းရဲနေပါမယ်ဘုရား၊ တပည့်တော် သွားပါတော့မယ် ဘုရား' လို့ လျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးပြီး ဖဲခွာသွားပါတယ်။

သိကြားမင်းနှင့် မဟာဒုဂ်တို့ ဇနီးမောင်နှံလဲ မြတ်စွာဘုရားရှင်ကို ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ် ရသာ အစရှိသည်တို့ဖြင့် ရိုသေစွာဆက်ကပ်လှူဒါန်းကြပါတယ်။

**ကိုယ်တိုင်ကပ်ပါ**

အေး၊ မဟာဒုဂ်တို့ ဇနီးမောင်နှံဟာ မြတ်စွာဘုရားကို ကိုယ်တိုင် ကိုယ့်လက်နဲ့ သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းကြပါတယ်၊ လှူဒါန်းတဲ့အခါမှာ သာဟတ္ထိကမြောက်ဖို့က အရေးကြီးပါတယ်။

အချို့က ကိုယ်တိုင်မကပ်လှူပါ။ အေး၊ ယခုဘ၀ လက်ရှိတုန်းမှ ကိုယ်တိုင်မကပ်ရရင် နောက်နောင်ဘ၀လက်မပါရင် ဘယ့်နှယ့်လုပ်မလဲ၊ ရှိခိုးသင့်တဲ့နေရာမှာ ရှိခိုးလို့၊ ကပ်သင့်တဲ့နေရာမှာ ကိုယ်တိုင် ကိုယ့်လက်နဲ့ ကပ်ပါ။ ဘ၀များစွာသံသရာမှာ ကိုယ်တိုင် ကိုယ့်လက်နဲ့ ကပ်ချင်ပါလျက်နဲ့ လက်မပါလို့ ကိုယ်တိုင် မကပ်ရတဲ့ဘ၀တွေ အများကြီးပါ။

ကိုယ်တိုင် ကိုယ့်လက်နဲ့ ရှိခိုးချင်ပါရဲ့ လက်မပါလို့

ရှိမခိုးရတဲ့ဘဝတွေလဲ ရှိပါတယ်။ လက်တော့ပါပါရဲ့ လက်မသန်လို့ ရှိမခိုးရတဲ့ဘဝတွေလဲ ရှိပါတယ်။ ဒါကြောင့် လက်ရှိတဲ့ အခါမှာ လက်ကို အသုံးချသောအားဖြင့် ကပ်လှူပါ၊ ရှိခိုးပါ။

ဘုန်းကြီးတို့ ဒါနကို ကိုယ်တိုင် ကိုယ့်လက်နဲ့ လှူတဲ့ သာဟတ္ထိကဒါန၊ သူများတွေကိုသွားပြီး လှူခိုင်းတဲ့ အာဏတ္တိက ဒါနရယ်လို့ နှစ်မျိုးရှိပါတယ်။ အဲဒီနှစ်မျိုးမှာ အာဏတ္တိက ဒါနထက် သာဟတ္ထိကဒါနက မြတ်ပါတယ်။

**ရတနာမိုးရွာ**

ကဿပဘုရားရှင်သည်လဲ ဆွမ်းဘုဉ်းခြင်းကိစ္စ ပြီးဆုံးတဲ့ အခါမှာ မဟာဒုဂ်ဇနီးမောင်နှံနှင့် သိကြားမင်းအမှူးရှိတဲ့ ပရိသတ်တို့အား အနုမောဒနာတရားဟောပြီး မဟာဒုဂ်အိမ်နေရာမှထကာ ပြန်ကြွတော်မူပါတယ်။ သိကြားမင်းကလဲ မဟာဒုဂ်ကို မြတ်စွာဘုရား သပိတ်တော်ပိုက်ပြီး ကျောင်းတော်သို့ လိုက်ပို့ဖို့ရာ အမှတ်သညာပေးပါတယ်။

မဟာဒုဂ်လဲ မြတ်စွာဘုရားရှင်ရဲ့ သပိတ်တော်ကိုပိုက်ပြီး မြတ်စွာဘုရားရှင်ကို ကျောင်းတော်သို့ လိုက်ပို့ပါတယ်။

သိကြားမင်းသည် အနည်းငယ်လိုက်ပို့ပြီး ပြန်လာကာ မဟာဒုဂ်ရဲ့ အိမ်တံခါးမှာရပ်တည်ပြီး ကောင်းကင်သို့ မော်ကြည့်ပါတယ်။ ကောင်းကင်မှာလဲ ရတနာမိုးရွာဖို့ရာ နက္ခတ်နှင့် ကြုံနေပါတယ်။

သိကြားမင်းသည် ကောင်းကင်မှ ရတနာခုနစ်ပါးမိုးကို မဟာဒုဂ်အိမ်သို့ ရွာသွန်းစေလျက် မဟာဒုဂ်အိမ်နှင့် အလုံးစုံ ရှိသမျှသော အိုးခွက်တို့ကို ပြည့်စေကာ တစ်အိမ်လုံးကို ပြည့်စေပါတယ်။ မဟာဒုဂ်အိမ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေ၍ နေစရာတောင်မရှိပါ။ အေး၊ သိကြားမင်းလဲ သူ့ကိစ္စပြီးပြီမို့ နတ်ပြည်ပြန်သွားပြီပေါ့။

မဟာဒုဂ်ရဲ့ ဇနီးဟာ သားသမီးတွေကို လက်ဆွဲပြီး အိမ်ပြင်ထွက်ထိုင်နေရပါတယ်။ မဟာဒုဂ်လဲ မြတ်စွာဘုရားရှင်ကို အစဉ်လိုက်ပို့ပြီး ပြန်လာတဲ့အခါ ဇနီးမယားနှင့် သားသမီးတွေ အိမ်အပြင်ထွက်ထိုင်နေတာတွေ့ရတော့ 'ဘယ်လိုဖြစ်လို့ အိမ်အပြင် ထွက်ထိုင်နေရတာလဲ'လို့ မေးပါတယ်။

မဟာဒုဂ်ရဲ့ ဇနီးက အရှင်၊ ကျွန်မတို့ တစ်အိမ်လုံး ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေပါတယ်။ အိမ်ထဲမှာ ဝင်နေစရာ နေရာမရှိတော့ပါလို့ ပြောပါတယ်။

**ချက်ချင်းအကျိုးပေး**

မဟာဒုဂ်သည် အေး၊ ငါရဲ့ အလှူဒါနသည် ယနေ့ပင်လျှင် ချက်ချင်းအကျိုးပေးပါပေါ့လားလို့ ကြံစည်ပြီး အင်း၊ ဒီလောက်များပြားလှတဲ့ ရတနာခုနစ်ပါးတွေကို ဖုံးလွှမ်းပြီး သိဝှက်ကာ သုံးဆောင်လို့ မဖြစ်နိုင်ပါ၊ မင်းကြီးကိုသွားပြီး သံတော်ဦးတင်မှပဲလို့ စဉ်းစားပါတယ်။

စဉ်းစားပြီး သွားမယ်လို့ ဆုံးဖြတ်ချက်ချကာ မင်းကြီးထံ

သွားကာ ရှိခိုးတည်နေတဲ့အခါ မင်းက 'အမောင်မဟာဒုဂ်၊ အဘယ့်ကြောင့် လာပါသလဲ'လို့ မေးသည်ရှိသော် 'အရှင်မင်းကြီး၊ ကျွန်တော်ရဲ့အိမ်မှာ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေပါပြီ၊ ထိုရတနာတွေကို အရှင်မင်းကြီး ယူတော်မူပါ'လို့ သံတော်ဦး တင်ပါတယ်။

အဲဒီအခါ မင်းကြီးက 'သစ္စာလေးပါး တရားသိမြင်ဘုရားရှင်တို့အား လှူဒါန်းရတဲ့ အလှူဒါနသည် သြော်– အံ့ဖွယ်ရှိပါပေစွ၊ ယနေ့ပင်လှူတယ်၊ ယနေ့ပင်လျှင် ကောင်းကျိုးအထွတ်အထိပ် ရောက်ပါပေ၏'လို့ ကြံစည်ပြီး မဟာဒုဂ်ကို အမောင်မဟာဒုဂ်၊ သင်ဘာတွေ ရချင်ပါသလဲလို့ မေးတဲ့အခါ အရှင်မင်းကြီး၊ အဲဒီရတနာခုနစ်ပါးတွေကို သယ်ဆောင်ဖို့ရာ လှည်းတစ်ထောင်လောက် လိုချင်ပါတယ်လို့ လျှောက်ပါတယ်။

**သူဌေးအရာပေး**

မင်းကြီးသည် မဟာဒုဂ်အိမ်သို့ လှည်းတစ်ထောင်စေလွှတ်ပြီး ဥစ္စာတွေကို မင်းရဲ့နန်းတော်ရင်ပြင်မှာ ပုံထားစေပါတယ်။ ရတနာအစုအပုံဟာ ထန်းပင်တစ်ပင်အမြင့်ပမာဏမျှ ရှိပါတယ်။

မင်းကြီးသည် မြို့တွင်းရှိ သူဌေးအားလုံးကို စည်လည့်ခေါ်စေပြီး 'ဒီမြို့ထဲမှာ တစ်စုံတစ်ယောက်သော သူဌေးမှာ ဒီမျှလောက်သော ဥစ္စာရှိပါသလား'လို့ မေးတဲ့အခါ မရှိပါ အရှင်မင်းကြီးလို့ ဖြေကြပါတယ်။

'အဲဒီလိုဖြစ်သည်ရှိသော် ဒီလိုများသော ဥစ္စာရှိတဲ့ မဟာဒုဂ်အား ဘယ်အမှုကို ပြုသင့်ပါသလဲ'လို့ မေးလျှင် အရှင်မင်းကြီး၊ သူဌေးအရာပေးသင့်ပါတယ်လို့ ပြောကြသဖြင့် မင်းကြီးသည် မဟာဒုဂ်အား များစွာသော ပူဇော်သက္ကာရတွေပြုပြီး သူဌေးရာထူးကို ပေးလိုက်ပါတယ်။ အေး၊ အဆင်းရဲဆုံးဘဝမှ အချမ်းသာဆုံး ဘဝသို့ ရောက်သွားပါတယ်။ မဟာဒုဂ်မှ မဟာဓနသေဋ္ဌိ ဖြစ်သွားပါတယ်။

**ပစ္စည်းတွေ ထပ်ရပြန်**

မဟာဒုဂ်က အရှင်မင်းကြီး၊ အရှင်မင်းကြီးက ကျွန်တော်မျိုးကို သူဌေးဘွဲ့ထူးဖြင့် ချီးကျူးပါသော်လည်း ကျွန်တော်မျိုးမှာ နေစရာအိမ်တောင် မရှိသေးပါလို့ သံတော်ဦးတင်လိုက်ပါတယ်။

အဲဒီလို သံတော်ဦးတင်တဲ့အခါ မဟာဒုဂ်အား ရှေးက သူဌေးဟောင်းတစ်ယောက်ရဲ့ အိမ်နေရာကို ညွှန်ပြပြီး ဒီအိမ်ဝင်းထဲမှာ ပေါက်ရောက်နေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီး အိမ်ဆောက်နေပါလော့လို့ ပြောပါတယ်။

မဟာဒုဂ်သည် အဲဒီအိမ်နေရာကို ရှင်းလင်း၍ မြေကိုညီအောင် ညှိတဲ့အခါ မြေကြီးကို တူးတဲ့အခါ အိုးအချင်းချင်းထိလျက် ခြံစည်းရိုးအပြည့် ရွှေအိုး၊ ငွေအိုးတွေ ပေါ်ထွက်လာပါတယ်။

မဟာဒုဂ်သည် အဲဒီဥစ္စာရွှေငွေအိုးတွေ ပေါ်ထွက်လာတဲ့

အကြောင်းကို မင်းကြီးအား လျှောက်ကြားတဲ့အခါ မင်းကြီးက 'အမောင်မဟာဒုဂ်၊ သင့်ဘုန်းကံကြောင့်ဖြစ်တာ သင်သာလျှင် ယူတော့'လို့ မိန့်လိုက်ပါတယ်။

**အလှူအကျိုးကြီးခြင်း**

အေး၊ အလှူဒါနပြုလုပ်တဲ့အခါ အကျိုးကြီးခြင်းအကြောင်း တရား ငါးပါးရှိပါတယ်။ အဲဒီငါးပါးကို ဘုန်းကြီးတို့ ပရိသတ်တွေ သိထားဖို့လိုပါတယ်။ ဆိုကြည့်ပါ။

*အလှူ့ရှင်မှာ၊ ကျင့်သီလာ၊ ကောင်းစွာပြည့်ဝရပေမည်။*

လှူတဲ့အခါ အလှူ့ရှင်မှာ အကျင့်သီလရှိရပါမယ်၊ အနည်းဆုံး အလှူရှင်မှာ ငါးပါးသီလ ရှိရပါမယ်။ တတ်နိုင်ရင်တော့ ရှစ်ပါးသီလ၊ ကိုးပါးသီလ ရှိရပါမယ်။ ယခု မဟာဒုဂ်ဟာ သူများပစ္စည်းတွေ ခိုးလားဝှက်လား၊ လိမ်လားညာလား မလုပ်ပါ။ ရိုးသားစွာနဲ့ ကြိုးစားပြီး အလုပ်ရှာလုပ်လို့ရတဲ့ပိုက်ဆံနဲ့ လှူတာပါ၊ တရားသဖြင့် ရှာဖွေရတဲ့ပိုက်ဆံနှင့် လှူတာပါ။ အဲဒါကြောင့် အကျင့်သီလရှိနေပါတယ်။ နောက်တစ်ခု ဆိုကြည့်ပါ။

*အလှူခံလဲ၊ ထို့တူပဲ၊ အမြဲသီလရှိရမည်။*

အေး၊ မဟာဒုဂ်ရဲ့ အလှူခံပုဂ္ဂိုလ်ဟာ ကဿပဘုရားရှင်ပါ၊ အကျင့်သီလဆိုစရာမရှိတော့ပါ။ ယခု ဘုန်းကြီးတို့ ပရိသတ်၊ ဂုန်နီစက်ရုံမိသားစုတွေ လှူဒါန်းကြတဲ့ အလှူဒါနကို ပြန်ကြည့်ပါ။

မိမိတို့ ခွေးနည်းစာလခထဲက နည်းနည်းချင်းစုပြီးတော့ အလှူ လှူကြတာပါ။ ကိုယ့်လုပ်အားနဲ့ ကိုယ်ရတဲ့လှူဖွယ်ပစ္စည်းတွေပါ။ တစ်ခါ မိမိတို့ ကိုယ်တိုင်က ရှင်၊ ရဟန်း၊ သီလရှင်တွေ ဝတ်လိုက်ကြတယ်ဆိုတော့ ဆိုဖွယ်ရာမရှိတော့ပါ၊ အကျိုးအင်မတန်ကြီးသွားပါပြီ။

မိမိတို့ဟာ အလှူရှင်လဲ ဟုတ်တယ်၊ အလှူခံလဲ ဟုတ်နေပါတယ်။ အတော်ကံထူးတယ်လို့ ဆိုရပါမယ်။ ဟုတ်တယ်လေ၊ နေ့စဉ် နေ့စဉ် ရှင် ရဟန်း သီလရှင်တွေကို နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အဖျော်ရည် ဆက်ကပ်လှူဒါန်းနေကြပါတယ်၊ အလှူခံနေကြပါတယ်။

အလှူခံသီလရှင်တွေမှာ ရှစ်ပါးသီလ ရှိပါတယ်၊ ရှင်သာမဏေတွေမှာ တစ်ရာကျော်သောသီလ၊ ရဟန်းတွေမှာ အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သောသီလ၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သီလတွေရှိနေကြပါတယ်။

အေး၊ သီလနှင့် ပတ်သက်လို့ ပြောရမယ်ဆိုရင် ရိုးရိုးငါးပါး၊ ရှစ်ပါး၊ ရှင် ရဟန်း သီလ၊ ဝတ်အကျင့်နှင့် ပြည့်စုံတဲ့ ငါးပါး ရှစ်ပါး၊ ရှင် ရဟန်း သီလနှင့် တရားအားထုတ်နေကြတဲ့ ငါးပါး၊ ရှစ်ပါး၊ ရှင် ရဟန်း၊ သီလရယ်လို့ သုံးမျိုးရှိပါတယ်။

အဲဒီသုံးမျိုးဟာ တစ်မျိုးထက် တစ်မျိုးမြတ်ပါတယ်။ ဒီကနေ့ မိမိတို့ လှူနေကြရတာဟာ တကယ့် တရားဓမ္မကျင့်ကြံ ကြိုးကုတ် အားထုတ်နေကြတဲ့ သီလနဲ့ပြည့်စုံတဲ့အချိန် အမြတ်ဆုံးအလှူခံတွေ ဖြစ်နေပါတယ်။

အလှူရှင်တွေမှာ အကျင့်သီလရှိသလို အလှူခံပုဂ္ဂိုလ်တွေမှာတော့ ဆိုစရာမရှိ၊ သီလရှိနေတာ မိမိတို့အသိပါ။ အေး၊ ဒီမှာ တစ်ပါးကို လှူရတာနှင့် အပြင်မှာ တစ်ထောင်လှူရတာနှင့်တောင် မတူပါ၊ ဘာကွာတာလဲလို့မေးရင် အလှူခံပုဂ္ဂိုလ် ကွာတာပါ။

ဟုတ်ပါတယ်၊ အလှူခံပုဂ္ဂိုလ်ဆိုတာ လယ်မြေနဲ့တူပါတယ်။ လယ်မြေကောင်းရင် မျိုးစေ့နည်းနည်းလေး စိုက်ပျိုးတာ နဲ့ အသီးအနှံများစွာရပါတယ်။ ယခု အလှူခံ ရှင် ရဟန်း သီလရှင်တွေမှာ နေ့စဉ် တရားနှစ်ကြိမ်နာရတယ်၊ စာနှစ်ကြိမ်သင်ရတယ်၊ ငါးကြိမ် တရားအားထုတ်ရတယ်။

အေး ဦးပဉ္စင်းကြီးတွေ၊ စာသင်တာ၊ တရားနာတာက ပရိယတ္တိသာသနာ့တာဝန်ထမ်းတာပါ၊ တရားအားထုတ်တာက ပဋိပတ္တိသာသနာ့တာဝန်ထမ်းတာပါ၊ ဦးပဉ္စင်းကြီးတွေ သာသနာ့ဝန်ထမ်းအစစ် ဖြစ်နေပါတယ်။ အဲဒီလို ဝန်မထမ်းဘဲနဲ့ အိပ်လိုက်၊ စားလိုက်၊ ရေချိုးလိုက်၊ ထီးထမ်းပြီး မြို့ထဲ၊ ရွာထဲ လည်ပတ်လိုက်ဆိုရင်တော့ ဝန်ထုပ်ပါ။ သူ့အတွက် လေးပါတယ်။

ယခု ဦးပဉ္စင်းကြီးတွေမှာတော့ နိုင်ငံ့ဝန်ထမ်းဘဝကနေ ခွင့်ယူပြီး သာသနာ့ဝန်ထမ်းဘဝသို့ ပြောင်းလာခဲ့ကြတာပါ။ နိုင်ငံ့ဝန်ထမ်းလဲ ပီသခဲ့တယ်၊ ယခု သာသနာ့ဝန်ထမ်းလဲ ပီသပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေ လှူရတာဟာ အကျိုးအင်မတန် ကြီးလှပါတယ်။

တစ်နည်းပြောမယ်ဆိုရင် ဒီရှင်ရဟန်း၊ သီလရှင်တွေဟာ မိမိတို့သန္တာန်မှာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှစ်ရပ် တည်အောင် ပြုနေတဲ့ သာသနာပြုပွဲလို့ ခေါ်ရပါတယ်။

အေး၊ စာ နှစ်ကြိမ်သင်၊ တရား နှစ်ကြိမ်နာတာက ပရိယတ္တိ သာသနာတော်ကို ထမ်းဆောင်နေတာပါ၊ တရားငါးကြိမ် အားထုတ်တာက ပဋိပတ္တိသာသနာတော်ကို ထမ်းဆောင်နေတာပါ။

အေး၊ ရှင် ရဟန်း သီလရှင်တွေမှာ သာသနာတော်ကို ချီးမြှောက်တဲ့ ကုသိုလ်၊ သာသနာပြုတဲ့ကုသိုလ်တွေ ရသွားပါတယ်။ နောက်တစ်ခါ တစ်ပါးဆိုကြည့်ပါ။

*စေတနာသုံးတန်၊ စုံပြည့်လျှံ၊ ထက်သန်အောင်မြင်ရပေမည်။*

မလှူမီ စေတနာလဲ ထက်သန်အောင်မြင်ရမယ်၊ လှူနေဆဲ စေတနာလဲ ထက်သန်အောင်မြင်ရမယ်၊ လှူပြီးနောက်စေတနာလဲ ထက်သန်အောင်မြင်ရမယ်။ ယခု မိမိတို့ ရှင်ရဟန်း၊ သီလရှင် ဝတ်ကြမယ်ဆိုတော့ မနှစ်ကစပြီး စုခဲ့ကြတာဆိုတော့ မလှူမီ စေတနာ ထက်သန်ပါတယ်။

ယခုလှူနေဆဲမှာတော့ ဆိုဖွယ်ရာမရှိပါ။ ဦးပဥ္ဇင်းကြီးတွေ၊ ကိုရင်တွေ၊ သီလရှင်တွေ ဣန္ဒြေရစွာနဲ့ စာသင်လို့၊ တရားနာလို့၊ တရားအားထုတ်လို့နေတာ တွေ့မြင်ရတော့ အလှူရှင်တွေရဲ့ စေတနာဟာ ပိုပြီး ထက်သန်လာပါတယ်။

ဦးပဥ္စင်းကြီး ကိုယ်ကိုယ်တိုင် ကိုယ့်ဟာကိုယ် ပြန်ကြည့်စမ်းပါ။ ကိုယ့်ဟာကိုယ် ကြည့်ညိုလာပါလိမ့်မယ်၊ ဟုတ်ပါတယ်၊ ခါတိုင်း စားတာနှင့် ယခုစားတာနှင့် မတူပါ။ ယခုက မေတ္တာပို့ ရှုပွားအားထုတ်ပြီး စားကြရတာ။

**မှားလို့သွားမိတယ်**

ဘုန်းကြီးကိုယ်တိုင် ကွင်းကောက်မှာနေစဉ်က ဘုန်းကြီးရဲ့ ရဟန်းဒကာကြီး ဦးစိမ့်က ဦးပဥ္စင်းတို့ တရားတွေ နာကြားကာမှ နောက်ကနောက်က လှူခဲ့တာတွေ အားမရတော့ပါ။ တပည့်တော် ဒီတစ်ခါ အလှူဟာ နောက်ဆုံးဖြစ်ချင်ဖြစ်မှာ ဦးပဥ္စင်းအကျိုးရှိအောင် လှူပေးပါလို့ လျှောက်တယ်။

ဒကာကြီးက ဘာလှူမှာလဲ၊ အိမ်မှာလှူမှာလား၊ ကျောင်းမှာ လှူမှာလားလို့မေးတော့ ရှင်ပြုရဟန်းခံအလှူအိမ်မှာပဲ လှူမယ်တဲ့။

အိမ်မှာ လှူရင် ဦးပဥ္စင်း အကျိုးရှိအောင် မစီစဉ်ပေးနိုင်ပါလို့ ပြောတော့ ဦးပဥ္စင်း စီစဉ်ပေးတဲ့အတိုင်း လှူပါမယ်၊ အကျိုးရှိအောင် စီစဉ်ပေးပါတဲ့။

ဒါဖြင့် မဏ္ဍပ်ကြီးကြီးထိုး၊ အလှူလာသူတွေကို သီလပေး၊ တရားအားထုတ်ခိုးပြီးမှ ထမင်းကျွေး ဖြစ်မလားလို့မေးတော့ ဖြစ်ပါတယ်ဦးပဥ္စင်းရဲ့တဲ့၊ ဒါဖြင့်ရင် လုပ်လို့ ပြောလိုက်ပါတယ်။

အေး၊ အလှူရက်ရောက်တဲ့အခါ ရောက်လာတဲ့ ပရိသတ်တွေ သီလပေး၊ တရားအားထုတ်နည်း အကျဉ်းချုပ်ပြောပြီး

တရားအားထုတ်ခိုင်းထားတာ သူတို့ခမျာတွေ မျက်နှာတွေ မဲ့ရွဲ့လို့၊ အိုလို့၊ မျက်နှာမသာယာကြပါ။

ဟုတ်ပါတယ်၊ အလှူလာတာက တရားအားထုတ်ဖို့ လာတာမှ မဟုတ်တာဘဲ၊ အလှူရှင်ကို မျက်နှာပြဖို့၊ စားဖို့လာ တာပဲဟာ၊ ထမင်းစားရပြန်တော့လဲ ချက်ချင်းမစားရသေးပါ။ လူစုံအောင်စောင့်ပြီး ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာ ပွားများပြီးမှ စားရတာ။

စားပြီးတော့ တရားတစ်နာရီ အားထုတ်ပြီးမှ တရားဟော တရားနာရတာ၊ တရားကလဲ အနုမောဒနာတရားဆိုတော့ အလှူ့ ရှင် ဝမ်းမြောက်အောင် နှစ်နာရီလောက် ဟောရတာ ပရိသတ် တွေ ရှုံ့မဲ့တွန့်လိမ်နေကြတာပဲ။

ညနေ တရားပွဲလဲပြီးရော ဘုန်းကြီးတောင် မလျှပ်ထဲက မထွက်ရသေးပါ၊ ဘယ်လိုအသံကြားရလဲဆိုတော့ 'ကွာ- ငါ သူ့အလှူကို မသိလို့ သွားမိတာပါတဲ့၊ သိရင် ဘယ်သွားမလဲတဲ့၊ ကိုယ့်အိမ်မှာကိုယ် ငါးပိချက်နဲ့ စားမှာပေါ့'တဲ့။

'သူ့ထမင်းကလေး တစ်လုပ်စားဖို့ရာ ရှစ်ပါးသီလလဲ ယူရသေးတယ်၊ တရားလဲ အားထုတ်ရသေးတယ်၊ တော်ပြီ၊ နောက်ဆို ဘယ်တော့မှ မသွားတော့ဘူး'တဲ့၊ ဦးပဉ္ဇင်းတွေလဲ ဒီလိုမှန်းမသိလို့ ဝတ်မိတာ၊ နောက်ဆို ဘယ်တော့မှ မဝတ် တော့ဘူးလို့ ဖြစ်သွားလား မသိပါ။

ယခု ဦးပဉ္ဇင်းကြီးတွေက ဒီလိုမဟုတ်ပါ၊ မလှူမိလဲ

ထက်သန်၊ လှူဆဲလဲထက်သန်ပြီး၊ လှူပြီးနောက်မှာတော့ နောက်နှစ်ဆိုရင် တိုးပြီးလှူနိုင်အောင် တိုးပြီးစုမယ်တဲ့၊ ဒါကြောင့် စေတနာသုံးတန် စုံပြည့်လှူ ထက်သန် အောင်မြင်ပါတယ်၊ နောက်တစ်ခု ဆိုကြည့်ပါ။

*ဤလှူဖွယ်များပြား၊ ပစ္စည်းများ၊ တရားလျော်စွာရရမည်။*

အေး၊ ၁-၄-၉၅ နေ့မှာ ရှင်၊ ရဟန်း၊ သီလရှင်တွေ ဝတ်ကြပြီးတော့ အဲဒီနေ့ညမှာပဲ အားထုတ်ရင် အလုပ်ပေးတရားနာပြီး ၂-၄-၉၅ နေ့ နံနက်က စပြီး တရားအားထုတ်၊ တရားစာသင်၊ တရားနာကြတဲ့ ရှင်ရဟန်း၊ သီလရှင်တွေကို နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အဖျော်ရည် လှူကြပါတယ်။

အဲဒီလှူဖွယ်ပစ္စည်းတွေဟာ မိမိတို့ လစာထဲက ဂုန်နီစက်ရဲ့ မိသားစုဝို့ဟာ အချိုးကျစုထားတဲ့ ကိုယ့်ချွေးနဲ့ အရင်းတည်ထားတဲ့ ချွေးနည်းစာလှူဖွယ်ပစ္စည်းတွေပါ တရားနဲ့ လျော်ပါတယ်။

မဟာဒုဂ်အလှူကို ကြည့်ပါ၊ တရားနဲ့လျော်တဲ့ ပစ္စည်း တစ်ပါးစာကလေးလှူဟာ အကျိုးအများကြီး ကြီးပါတယ်။ မိမိတို့ လှူဖွယ်တွေလဲ တရားနဲ့ညီတဲ့ လှူဖွယ်တွေပါ၊ နောက်တစ်ခါ ဆိုကြည့်ပါ။

*ကံနှင့် ကံကျိုး၊ မြတ်တနိုး၊ အားကိုး ယုံကြည်ရပေမည်။*

အဲဒီ နောက်ဆုံးအချက်က သိပ်ပြီးတော့ အရေးကြီးပါတယ်။ မဟာဒုဂ်ဟာ ကံနှင့် ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူတာပါ။ ဟုတ်ပါတယ်၊ နိဗ္ဗာန်ဆော်က ကြွယ်ဝချမ်းသာတဲ့

လူတွေဟာ လှူခဲ့လို့သာ ချမ်းသာကြတာ၊ အမောင်မဟာဒုဂ်မှာ တော့ မလှူခဲ့လို့ အခုလို ဆင်းရဲရတာပါ၊ အခု မလှူရင် နောင် လဲ ဒီလိုပဲဖြစ်မှာပေါ့လို့ ပြောလို့ သံဝေဂဖြစ်ပြီး လှူတာဖြစ်လို့ ကံနှင့် ကံရဲ့အကျိုးကို သိပြီး လှူတာပါ။

**ရှင်မပြုဖူးသေးလို့**

အေး၊ သူများတွေ လှူလို့သာ လှူရတယ်၊ ဘယ်လိုမှန်း မသိပါဆိုရင် အကျိုးမကြီးပါ။ ယခု ရှင်ပြု၊ ရဟန်းခံ၊ သီလရှင် ဝတ်ကြတယ်၊ ရှင် ရဟန်း၊ သီလရှင် မဝတ်ဖူးသေးလို့ ဝတ် တာက တစ်မျိုး၊ သာသနာတော်နှင့် ကြုံတုန်း သာသနာ့နွယ်ဝင် သာသနာ့ ဝန်ထမ်းဖြစ်ချင်လို့ ရှင် ရဟန်း၊ သီလရှင်ဝတ်တာက တစ်မျိုးလို့ နှစ်မျိုးရှိပါတယ်။

အေး၊ ရှင် ရဟန်း၊ သီလရှင်မဝတ်ဖူးသေးလို့ ဝတ်တာက ဝတ်ပြီးရင် ပြီးသွားပြီ၊ ဘာမှလုပ်စရာမလိုပါ၊ ဝတ်ဖူးသွားပြီမို့ မဏ္ဍပ်ထဲမှာပဲ ထွက်ထွက် အောင်မြင်သွားပြီတဲ့၊ အဲဒီလိုဝတ် နည်းကား အကျိုးမများပါ၊ သာသနာလဲ အကျိုးမများပါ၊ ဒကာတွေမှာလဲ အကျိုးမများပါ၊ ရှင်ရဟန်း၊ သီလရှင်တွေ မှာလဲ အကျိုးမများပါ။

ယခု ဂုဏ်နီစက်ရုံမိသားစုတို့ရဲ့ ရှင် ရဟန်း၊ သီလရှင်ဝတ် ကြတာက သာသနာတော် ချီးမြှောက်ဖို့၊ သာသနာ့ဝန်ထမ်းဖို့၊ သာသနာ့အမွေခံဖို့ဝတ်တာဆိုတော့ သာသနာတော်ကို ချီးမြှောက် သောအားဖြင့် သင်တယ်၊ ကျင့်တယ်၊ အမွေခံသောအားဖြင့်

သင်တယ်၊ ကျင့်တယ်ဆိုတော့ အကျိုးရှိပါတယ်၊ အကျိုးကြီးပါတယ်။

**အင်္ဂါငါးပါးပြည့်**

အေး၊ မဟာဒုဂ် အလှူသည် ယခုပြောခဲ့ အင်္ဂါငါးပါးနဲ့ ပြည့်စုံလို့ အကျိုးကြီးသလို ယခု ဂုန်နီစက်ရုံမိသားစုတို့ အလှူလဲ အင်္ဂါငါးပါးနဲ့ပြည့်စုံပါတယ်။ အေး၊ မဟာဒုဂ်ရဲ့အမည်က ပါဠိလို 'မဟာဒုဂ္ဂတ'ပါ၊ မြန်မာလိုဆိုရင် အလွန်ဆင်းရဲသူ၊ အကြီးအကျယ် ဆင်းရဲသူပါ။

'မဟာဒုဂ္ဂတ' အလွန်ဆင်းရဲသူဘဝမှ ပစ္စည်းအရှိဆုံးဘဝသို့ ရောက်သွားတော့ 'မဟာဓနသေဋ္ဌိ'လို့ မင်းကြီးက ဘွဲ့ပေးလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ ပစ္စည်းဥစ္စာအများဆုံးရှိတဲ့ သူဌေးတဲ့။

*ထိုက်သူဖို့ရာ၊ မြတ်ဥစ္စာ၊ ရှာကာစုနေသည်။*

ဆိုတဲ့အတိုင်း မဟာဒုဂ်အတွက် မင်းကြီးက ရှေးသူဌေးဟောင်းရဲ့အိမ်နေရာကို ရှင်းလင်းနေဖို့ပေးလိုက်တဲ့အခါ အိမ်နေရာ ရှင်းလင်းရင်း အိမ်နေရာနှင့်အပြည့် ရွှေအိုး၊ ငွေအိုးတွေ ပေါ်လာပါတယ်။ အေး၊ ထိုက်သူ မဟာဒုဂ်အတွက် မထိုက်သူ ရှေးသူဌေးက ရှာပေးခဲ့ရပါတယ်။ ဘုန်းရှိကား စံ ဘုန်းမဲ့ ရှံ ဆိုတာလဲ ဒါပါပဲ။

'ဘုန်းမဲ့ကား ပျောက်၊ ဘုန်းရှိ ရောက်'တဲ့၊ ဘုန်းဆိုတာ 'ပုည'ဆိုတဲ့ ပါဠိကလာတဲ့စကားပါ။ ပုညဆိုတဲ့ ကုသိုလ်ကောင်းမှု

များရင် ဘုန်းကြီးတယ် ခေါ်ပါတယ်။ ကုသိုလ်နည်းရင် ဘုန်းနည်းတယ် ခေါ်ပါတယ်။

အဲဒါကြောင့် ဘုန်းကြီးချင်ရင် ကုသိုလ်များများ လုပ်ပါ။ ကုသိုလ်စုံအောင် လုပ်ပါ၊ ကုသိုလ်မရှိ၊ ဘုန်းမရှိပါ၊ ကုသိုလ်မကြီး ဘုန်းမကြီးပါ။

ယခု မဟာဒုဂ်ကနေပြောင်းပြီး မဟာဓနသေဋ္ဌိလို့ နာမည်ရသွားပါပြီ။ အဲဒီ မဟာဒုဂ်ရဲ့ အကျိုးပေးပုံကို ကြည့်ရင် နှစ်ပိုင်းတွေ့နိုင်ပါတယ်။

ရတနာခုနစ်ပါး မိုးရွာချပြီး သူဌေးဘွဲ့ထူးဂုဏ်ထူးတွေ ရတာက ယခုမျက်မှောက်မှာလှူတဲ့ အလှူကြောင့်ရတဲ့ အကျိုးကျေးဇူးတွေပါ၊ ဒိဋ္ဌဓမ္မဝေဒနီယကံပါ။

သူဌေးဘွဲ့ရပြီး အိမ်ဆောက်ဖို့ရာ မြေနေရာရှင်းတဲ့အခါ အိမ်ခြံဝင်းနှင့်အပြည့် ရွှေအိုး၊ ငွေအိုးတွေ ရတာက ဟိုအတိတ်ဘဝများစွာက ပြုခဲ့တဲ့ အပရာပရိယကံကြောင့် ရတာပါတဲ့။

ဘုန်းကြီးတို့ ပရိသတ်တွေ၊ ရေလာမြောင်းပေးဆိုတဲ့ စကားကို ကြားဖူးပါတယ်၊ ရေတွေက အများကြီးစီးဆင်းနေတယ်၊ အဲဒီ စီးဆင်းနေတဲ့ ရေတွေကို ကိုယ်လိုချင်တဲ့နေရာရောက်အောင် ဘာလုပ်ပေးရလဲ၊ မြောင်းသွယ်ပေးရပါတယ်။ ယခု သီးထပ်လယ် သို့မဟုတ် နွေစပါးစိုက်ကြတာ ကြည့်ပေါ့။

အဲဒီအတူပါပဲ၊ အတိတ်ဘဝက မိမိပြုခဲ့တဲ့ ကုသိုလ်ကံတွေ အများကြီး ရှိပါတယ်။ အဲဒီကုသိုလ်ကံတွေ အကျိုးပေးစေ

ချင်ရင် ကုသိုလ်ကံမြောင်းကလေး လုပ်ပေးလိုက်ပါ။ အဲဒီအခါ အတိတ်ကုသိုလ်ကံအကျိုးတွေဟာ ပစ္စုပ္ပန် ကုသိုလ်ကံ မြောင်းထဲ ဝင်လာသောအားဖြင့် အကျိုးများစွာ ပေးပါလိမ့်မယ်။

**အကုသိုလ်ရေမြောင်း**

အေး၊ ကုသိုလ်အတူပါပဲ၊ အတိတ်ဘဝများစွာက အကုသိုလ်တွေလဲ များစွာပြုခဲ့ပါတယ်။ အကုသိုလ်က ကုသိုလ်ထက် များမယ်ဆိုတာ သေချာပါတယ်။ အဲဒီ အကုသိုက်ကံတွေထဲမှာလဲ အပရာပရိယအကုသိုလ်ကံတွေ များစွာရှိပါတယ်။

အဲဒီအကုသိုလ်ကံတွေကလဲ အကျိုးပေးဖို့ရာ ချောင်းနေပါတယ်။ စီးဆင်းနေပါတယ်။ ဒီဘဝမှာ အကုသိုလ်ကံသစ် ပြုသောအားဖြင့် မြောင်းပေးလိုက်ရင် အဲဒီ အကုသိုလ်ကံမြောင်းထဲကို အတိတ်ဘဝက အပရာပရိယအကုသိုလ်က ရေတွေ စီးဝင်လာတော့ ဆင်းရဲဒုက္ခမျိုးစုံ ရောက်ပါတယ်။

အဲဒါကြောင့် အဲဒီသဘောကို သိတဲ့သူဟာ အကုသိုလ်ကံကို တံခါးပိတ်ရှောင်ပါ။ ကုသိုလ်ကံကျတော့ တံခါးဖွင့်ပေးထားပါ။ တော်ပြီ၊ တန်ပြီလို့ မရပ်လိုက်ပါနဲ့၊ ကုသိုလ်ရပ်ရင် ကောင်းကျိုးပေးတာလဲ ရပ်သွားမှာပါ။

အေး၊ အချို့က ကုသိုလ်တော့ ရပ်ပြီး အကုသိုလ်လမ်းဖွင့်သောအားဖြင့် အကုသိုလ်တွေ ပြုမယ်ဆိုရင်တော့ အတိတ်က အကုသိုလ်ကံတွေ ရေလာမြောင်းပေးသလို ဖြစ်ပြီး အကုသိုလ် အကျိုးပေးခွင့်တွေ ရသွားပါတယ်၊

အကုသိုလ်အကျိုးပေးခွင့် ရသွားရင်လဲ ကုသိုလ်အကျိုးပေးခွင့် ပြန်ရောက်ဖို့ မလွယ်ပါ၊ မြေနိမ့်ရာ လှံစိုက်ဆိုသလို မကောင်းကျိုးတွေ ဆက်ကရော။

ယခု မဟာဒုဂ်ဟာ ဆင်းရဲတုန်းက ဆင်းရဲခဲ့ပေမယ့်လို့ ယခု ပစ္စုပ္ပန်မှာ ကုသိုလ်ရေလာမြောင်းပေးလိုက်တော့ မျက်မှောက်ကံကလဲ အကျိုးပေး၊ အတိတ်ကုသိုလ်ကံတွေကလဲ အကျိုးပေးလိုက်တာ သုံးစွဲမကုန်၊ လှူဒါန်းမကုန်အောင် အကျိုးပေးပါတယ်။

**အိမ်တက်မင်္ဂလာ**

အေး၊ မဟာဒုဂ်သည် မဟာဓနသေဋ္ဌိဘွဲ့ရပြီး အိမ်ဆောက်ပြီးတဲ့အခါ အိမ်တက်မင်္ဂလာ သူဌေးထီးဆောင်း မင်္ဂလာကို ခုနစ်ရက်တိုင်တိုင် ကျင်းပပြီး ဘုရားအမှူးရှိတဲ့ သံဃာအားလုံးကို ခုနစ်ရက်တိုင်တိုင် မဟာဒါနလို့ခေါ်တဲ့ အလှူကြီးကို ပေးလှူပါတယ်။

အဲဒီ အိမ်တက်မင်္ဂလာ၊ သူဌေးထီးဆောင်းမင်္ဂလာပွဲကြီး ခုနစ်ရက်ပြီးစီး နောက်ပိုင်းမှာလဲ အသက်ထက်ဆုံး တည်လျက် ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကို ပြုလုပ်ပြီး အသက်ဆုံးတဲ့အခါ နတ်ပြည်ရောက်ပါတယ်။

အေး၊ နတ်ပြည်တစ်ပြည်က နတ်ပြည်တစ်ပြည်၊ နတ်ပြည်က လူ့ပြည်၊ လူ့ပြည်က နတ်ပြည်နှင့် လူ့ပြည်၊ နတ်ပြည် စုန်ချည် ဆန်ချည်နှင့် ဘုရားနှစ်ဆူတို့ရဲ့ အကြားမှာ အပါယ်သို့ တစ်ကြိမ်မှ မကျပါတဲ့၊ ဘယ်သူက ဆောင်ထားတာလဲလို့ မေးရင် ကုသိုလ်ကံက ဆောင်ထားတာပါ။

**လူ့ပင်္ဂိုသန္ဓေနေပြီ**

အေး၊ အဲဒီလို လူ၊ နတ်စည်းစိမ် အကြိမ်ကြိမ်ခံစားပြီး ဒီဂေါတမဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတဲ့အခါမှာ နတ်ပြည်ကနေ စုတေပြီး သာဝတ္ထိပြည် ရှင်သာရိပုတ္တအရှင်မြတ်ကို ပြုစုလုပ်ကျွေးနေတဲ့ အမျိုးအိမ် သူဌေးသမီးရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေပါတယ်။

အေး၊ ဘုန်းရှင်ကံရှင်များ ပဋိသန္ဓေတည်နေရင် အမေလုပ်တဲ့ ပုဂ္ဂိုလ်က ချက်ချင်း ပဋိသန္ဓေနေမှန်း သိပါတယ်တဲ့။ ဘုန်းမဲ့၊ ကံမဲ့တွေ ပဋိသန္ဓေနေရင် အမေက ချက်ချင်း မသိပါတဲ့။

ဘာဖြစ်လို့ မသိလဲဆိုတော့ အစဆုံး ပဋိသန္ဓေနေတော့ အင်မတန် သေးငယ်တော့ ချက်ချင်း မသိနိုင်ပါတဲ့။ အဲဒီလို မသိတော့ အင်မတန်ပူတဲ့ အစာတွေစားရင်လဲ အထဲက ကလေး သေပါတယ်၊ အင်မတန်စပ်တာတွေ၊ အင်မတန် အေးတာတွေ စားရင်လဲ အထဲက ကလေး သေပါတယ်။

အဲဒီလို အပူအအေး၊ အစပ်စသည်တို့ကို စားလို့ အထဲမှာ သေခဲ့ရတဲ့ ကလေးပေါင်းဟာ အများကြီးပါတဲ့။ အမိဝမ်းထဲမှာ ပဋိသန္ဓေတည်နေသလောက်သာ မွေးမယ်ဆိုရင် တစ်ခါမွေးရင် လေးငါးမြှာပူးတောင် မွေးနိုင်ပါတယ်တဲ့၊ အမျိုးသမီးတွေမှာ မြုတဲ့ အမျိုးသမီးဆိုတာ မရှိပါတဲ့။

လူတွေမှာ ပါဏာတိပါတကံက မလွတ်ခဲ့တော့ အဲဒီပါဏာတိပါတကံသမားတွေ ပဋိသန္ဓေနေရင် အထဲမှာ သေကုန်ကြပါတယ်။

ယခု ဘုန်းရှင်ကံရှင် ပဋိသန္ဓေတည်နေတော့ အမေက ချက်ချင်းသိပြီး ကိုယ်ဝန်တည်ကြောင်း ပြောပြတော့ ကိုယ်ဝန် အစောင့်အရှောက်ရပါတယ်။

ကိုယ်ဝန်အစောင့်အရှောက်ဆိုတာက ကြာကြာမထိုင်နဲ့၊ မပြေးနဲ့၊ မခုန်မပေါက်နဲ့၊ အင်မတန်ပူတာ၊ အင်မတန်အေးတာတွေ မစားနဲ့ စသည်ဖြင့် သတိပေးပြီး စောင့်ရှောက်တာကို ကိုယ်ဝန် အစောင့်အရှောက်လို့ ခေါ်ပါတယ်။

**ချင်ခြင်းတပ်သည်**

အေး၊ အမိဝမ်းထဲမှာ ပဋိသန္ဓေတည်နေတဲ့ကလေး ကိုယ်ဝန် သားရင့်ကျက်လာရင် အမေမှာ ချင်ခြင်းတပ်တတ်ပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ အမှတ်မဲ့မို့သာ မသိတာပါ။ အမှန်က အမျိုးသမီးတိုင်းပဲ ချင်ခြင်းတပ်ပါတယ်။ ယခု ဒီ အမျိုးသမီးမှာ ဘယ်လိုချင်ခြင်းတပ်လဲဆိုတော့ -

'ငါသည် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တအမှူး ရှိသော သံဃာငါးရာကို ငါးကြင်းသားဆွမ်းဟင်းနဲ့ အလှူဒါနပေး လှူပြီး ငါကိုယ်တိုင်ကလဲ ဖန်ရည်ဆိုးတဲ့ (ယောဂီဝတ်စုံ)အဝတ် တို့ကို ဝတ်ဆင်ပြီး သံဃာတော်အရှင်မြတ်တွေရဲ့ ဆွမ်းစားတဲ့ နေရာအစွန်အဖျားကနေ ထိုင်နေကြည်ညိုလျက် သံဃာတော် အရှင် မြတ်တွေရဲ့ ဆွမ်းကျန်ကွမ်းကျန်ဖြစ်တဲ့ ငါးကြင်းဟင်းနဲ့ ဆွမ်းကို စားရပါမူကား ကောင်းလေစွ'လို့ တပ်ပါတယ်။

အမျိုးသမီးက အမေ၊ အဖေတွေ၊ လင်ယောကျ်ားတွေ

ပြောပြတော့ အမေတွေ၊ အဖေတွေ၊ လင်ယောကျ်ားတွေက ဒီချင်ခြင်းဟာ တရားနှင့်လျော်တဲ့ ချင်ခြင်းပဲ၊ ပဋိသန္ဓေနေတဲ့ ကလေးဟာ ယောကျ်ားကလေးဖြစ်ရမယ်၊ အရွယ်ရောက်ရင် အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေဘဲ အိမ်ရာမထောင် ရဟန်းဘောင်ရောက်လိမ့်မယ်၊ အကျော်အမော် ဖြစ်လိမ့်မယ်လို့ နိမိတ်ဖတ်ကြပါတယ်။

အဲဒီလို နိမိတ်ဖတ်ပြီး အားရဝမ်းသာ ပီတိ၊ သောမနဿ ဖြစ်လှစွာနဲ့ ရှင်သာရိပုတ္တ အမှူးရှိတဲ့ သံဃာငါးရာကိုပင့်ပြီး ငါးကြင်းဟင်းနဲ့ ဆွမ်းကပ်ပါတယ်။

ဘာဖြစ်လို့ ငါးကြင်းဟင်းနဲ့ ဆွမ်းကပ်ချင်တာလဲဆိုတော့ ဟိုအတိတ် မဟာဒုဂ်ဘဝတုန်းက ငါးကြင်းဟင်းနဲ့ ဆွမ်းကပ် ခဲ့လို့ သူကိုယ်တိုင်လဲ ငါးကြင်းဟင်း ချင်ခြင်းတပ်တယ်၊ သံဃာ တွေကိုလဲ ငါးကြင်းဟင်းနဲ့ ကပ်ချင်ပါတယ်။

အေး ဦးပဥ္စင်းကြီးတွေ ကိုယ့်အကြိုက်ကိုကြည့်ပါ။ ကိုယ့် အကြိုက်က မကောင်းရင် ဟိုအတိတ်ဘဝက မကောင်းတာကို လှူခဲ့လို့ပါ။

အချို့က မုန့်ဟင်းခါးကြိုက်တယ်၊ ကိုယ်လှူရင်လဲ မုန့် ဟင်းခါးပဲ လှူပါတယ်။ အချို့က ခေါက်ဆွဲကြိုက်ပါတယ်၊ ကိုယ်လှူရင်လဲ ခေါက်ဆွဲပဲ လှူပါတယ်။

အေး၊ ကိုယ်လှူခဲ့တာကို ကိုယ်ကြိုက်ပါတယ်၊ ကိုယ်ကြိုက် တာကိုပဲ ကပ်လှူပါတယ်။ တစ်ယောက်နှင့် တစ်ယောက်

အကြိုက်ချင်း မတူကြပါ။ အဲဒီချင်ခြင်းကိုကြည့်ပြီး အဃဲက ကလေးရဲ့ အကောင်းအဆိုးကို မှန်းလို့ ရပါတယ်။

**အဇာတသတ်အမေ**

ဘုန်းကြီးတို့ ပရိသတ်တွေ ကြားဖူးကြတဲ့ အဇာတသတ် မင်း ပဋိသန္ဓေတည်နေစဉ်က သူ့အမေက သူ့ယောက်ျားဖြစ်တဲ့ ဘုရင်ဗိမ္ဗိသာရမင်းကြီးရဲ့ လက်မောင်းသွေး သောက်ချင်တယ် လို့ ချင်ခြင်းတပ်ပါတယ်။

မိဖုရားကြီးကလဲ ပညာရှိဆိုတော့ ဒီချင်ခြင်းဟာ မကောင်း ဘူးဆိုပြီး မင်းကြီးကို ပြောမပြပါ။ ပြောပြမှ သောက်ရမှာ ပြောမပြတော့ မသောက်ရသဖြင့် မိဖုရားကြီးမှာ ဘယ်လိုမှ မနေနိုင်ပါ။ ပိန်ပြီး အသားအရေတွေ ဖျော့တော့တော့ဖြစ်လာ ပါတယ်။

မင်းကြီးက မေးလဲ မပြောပါ။ နောက်ဆုံးတော့ မင်းကြီးက သန်လျက်ကိုင်ပြီး ငါ့မှမပြောရင် ဘယ်သူ့ပြောမလဲ၊ ကဲ၊ ပြော ရင် ပြော၊ မပြောရင် ဒီသန်လျက်နဲ့ ပိုင်းမယ်လို့ သန်လျက်နဲ့ ရွယ်ချိန်ပြီးမေးမှ ပြောပါတယ်။

'ပြောတော့ မင်းကြီးက၊ မိဖုရားမိုက်– ဒါများ ခက်ခက် ခဲခဲကြီးလုပ်လို့ မပြောရလားဆိုပြီး အဲဒီသန်လျက်နဲ့ပဲ လက် မောင်း သွေးကို ဖောက်ပြီး တိုက်လိုက်ပါတယ်။ ချင်ခြင်း ငြိမ် သွားပါတယ်။

အဲဒီအကြောင်း နိမိတ်ဖတ်တတ်သူတွေ ပြောပြတော့

သူတို့က ဒီမိဖုရားကြီး ဝမ်းတိုက်ထဲမှာ ပဋိသန္ဓေတည်နေတဲ့ ကလေးဟာ မွေးဖွားပြီး အရွယ်ရောက်တဲ့အခါ အဖေသတ်ပြီး နန်းတက်မယ်လို့ နိမိတ်ဖတ်ကြပါတယ်။

အဲဒါကြောင့် ဒီကလေးရဲ့ နာမည်ကို အဇာတသတ်လို့ မှည့်ပါတယ်။ အဇာတဆိုတာက မမွေးမီတဲ့၊ သတ္တုက ရန်သူပါ၊ မမွေးမီကပင် အဖရဲ့ ရန်သူဖြစ်လို့ အဇာတသတ္တု၊ အဇာတသတ်လို့ မှည့်တာပါ။ နောက် အဖသတ်ပြီး နန်းတက်တာပါပဲ။

**ချင်ခြင်းမကောင်းရင်**

အမျိုးသမီးတွေ သတိမထားလို့ပါ။ သူတို့ချင်ခြင်းတွေက မကောင်းရင် ကလေးမကောင်းပါ။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တွေ့ခဲ့တာ ပြန်အမှတ်ရပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ ဆေးပေါ့။ လိပ်ကြီးတွေ ရဲခနဲ ရဲခနဲဖွာပြီး တံတွေးနဲ့ ထွီထွီနဲ့ထွေးပြီး ဆေးလိပ်ပြာတွေ စားပါတယ်။ မွေးလာတော့ လမ်းသရဲကလေးတွေ၊ လမ်းတစ္ဆေကလေးတွေ မွေးလာပါတယ်။

အချို့ ကိုယ်ဝန်ဆောင်တွေက မီးဖိုချောင်ထဲ သွားပြီး မီးကျီခဲတွေ ရေဖျန်းပြီး မီးသွေးခဲတွေ စားပါတယ်။ အချို့က မြေကြီးတွေကောက်စားပါတယ်။ ချင်ခြင်းမကောင်းတော့ သူခိုးဓားပြတွေ မွေးပါတယ်။

ယခုချင်ခြင်းက ကောင်းပါတယ်။ အေး၊ သူ့မိဘတွေ၊ လင်ယောကျ်ားတွေက သူပြောတိုင်း ဆောင်ရွက်ပေးလိုက်တော့ သူ့ချင်ခြင်းဟာ ငြိမ်သွားပါတယ်။

**မင်္ဂလာတိုင်းမှာ**

အဲဒီချင်ခြင်းမှတစ်ပါး မွေးဖွားသည့်တိုင်အောင် အကြား ကြားမှာ ပြုတဲ့ မင်္ဂလာတို့၌လည်းကောင်း၊ ဆယ်လလွန်သဖြင့် သားဖွားတဲ့အခါမှာပြုတဲ့ မင်္ဂလာတို့၌လည်းကောင်း၊ ရှင်သာရိပုတ္တာ အမှူးရှိတဲ့ သံဃာတော်ငါးရာတို့အား ငါးကြင်းဟင်းနဲ့ပဲ ဆွမ်း ကပ်ပါတယ်။

အဲဒီလို မင်္ဂလာတိုင်း ငါးကြင်းဟင်းနဲ့ ဆွမ်းကပ်တာဟာ ဟိုအတိတ်ရှေးခါ မဟာဒုဂ်ဘဝနဲ့တုန်းက ငါးကြင်းဟင်းနဲ့ ဆွမ်းကပ်ခဲ့တဲ့ ဒါနရဲ့အကျိုးဆက်ကြောင့်ပါတဲ့။

**နာမည်မှည့်မင်္ဂလာ**

အေး၊ နောက်နာမည်မှည့် မင်္ဂလာပြုတဲ့နေ့မှာလဲ ရှင်သာ ရိပုတ္တာ အမှူးရှိတဲ့ သံဃာငါးရာပင့်ပြီး ငါးကြင်းဟင်းနဲ့ပဲ ဆွမ်းကပ်ပါတယ်။ ဒီနာမည်မှည့်မင်္ဂလာက အလွန်တရာအရေး ကြီးပါတယ်။ လောကသဘောနဲ့ ပြောရရင် ပညတ်သွားရာ ဓာတ်သက်ပါတဲ့။

ယခု နာမည်မှည့်ပွဲမှာ အမေလုပ်တဲ့ ပုဂ္ဂိုလ်က ကလေး ငယ်ကိုပွေ့ချီပြီး ပရိသတ်အားလုံးရဲ့ရှေ့ ရှင်သာရိပုတ္တာအရှင်မြတ် ရဲ့ ရှေ့သို့ အရောက်သွားပြီး 'အရှင်မြတ်ဘုရား၊ အရှင်ဘုရား ရဲ့ တပည့်ကို သိက္ခာပုဒ်တို့ကို ပေးသနားတော်မူကြပါဘုရား' လို့ လျှောက်ထားပါတယ်။

အမှန်အတိုင်း ရှင်းရှင်းပြောရရင် ကလေးကို သရဏဂုံ

တင်ခိုင်းတာပါ။ သီလပေးခိုင်းတာပါ၊ သရဏဂုံကို အဲဒီလို မွေးကတည်းက တင်ရမှာပါ။ သီလလဲ မွေးကတည်းက ယူစေရမှာပါ။

ဒီကလေးငယ်ကလေး ဘယ်လိုလုပ်ပြီး ဆိုတတ်မလဲလို့ ဆင်ခြေဟက်ချင်ကက်ပါ။ ကလေး ရင်ခွင်ထားပြီး အမေက ကလေးကိုပါ အာရုံပြုပြီး သရဏဂုံသီလယူရင် ကလေးရော အမေပါ ရပါတယ်တဲ့။ ကလေးမှာ သရဏဂုံ သီလ တည်သွားပါတယ်။

အဲဒီလို အမေက သီလတောင်းတော့ ရှင်သာရိပုတ္တာအရှင်မြတ်က 'ဒီကလေး နာမည် ဘယ်လိုခေါ်ပါသလဲ'လို့ မေးပါတယ်။ အဲဒီအခါ အမေလုပ်သူက အရှင်ဘုရား၊ ဒီကလေးပဋိသန္ဓေ တည်နေသော အချိန်မှစ၍ ဒီအိမ်မှာ ဆွံ့အတဲ့သူတွေ သိကြားလိမ်မာကုန်ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်သားကလေးရဲ့ အမည်က 'ပဏ္ဍိတ'ဆိုတဲ့ အမည်ပဲဖြစ်ပါလိမ့်မယ် ဘုရားလို့ လျှောက်ပါတယ်။

အေး၊ အဲဒီလို လျှောက်ထားခြင်းသည်ပင်လျှင် ကလေးကို အမည်ပေးလိုက်ခြင်းပါပဲ၊ ရှင်သာရိပုတ္တာအရှင်မြတ်ကလဲ ကလေးရော အမေပါ သိက္ခာပုဒ်တွေ ပေးပါတယ်။

နာမည်ဆိုတာ တိုလဲ တိုရပါတယ်၊ အနက်အဓိပ္ပာယ်လဲ ရှိရပါတယ်၊ မင်္ဂလာလဲရှိရပါတယ်၊ ခေါ်လို့လဲ ကောင်းရပါတယ်။ ဒါမှ နာမည်က အကျိုးပေးမှာပါ။

## ကိုရင်ဝတ်ချင်ပါတယ်

အေး၊ မောင်ပဏ္ဍိတကလေး မွေးသောနေ့မှစ၍ အမေ လုပ်သူမှာ 'ငါသည် ငါ့သား ကလေး ရဲ့ အလိုဆန္ဒကို ဘယ်တော့မှ မဖျက်ဆီးပါ'လို့ စိတ်ထဲမှာ ဖြစ်ပေါ်ဆုံ ဖြဟ်ထား ပါတယ်။

မောင်ပဏ္ဍိတကလေး ခုနစ်နှစ်အရွယ်ရောက်တဲ့အခါမှာ အမေလုပ်သူကို 'အမေ၊ ကျွန်တော်သည် ရှင်သာရိပုတ္တာအရှင် မြတ်ရဲ့ အထံတော်မှာ ကိုယ်ရင်ဝတ်ချင်ပါတယ်'လို့ ပြောပါတယ်။

အမေလုပ်သူက 'ချစ်သား၊ ကောင်းပါပေစွ၊ အမေဟာ သင်ချစ်သား မွေးသောနေ့မှစ၍ ငါ့သား ရဲ့ အလိုဆန္ဒကို ဘယ်တော့မှ မဖျက်ဆီးပါလို့ စိတ်ဖြစ်ခဲ့ပါတယ်၊ ချစ်သား ကိုရင်ဝတ်ရပါမယ်'လို့ အာမခံလိုက်ပါတယ်။

အဲဒီလို အာမခံပြီး ရှင်သာရိပုတ္တာအရှင်မြတ်ကို အိမ်သို့ ပင့်ဖိတ်ကာ 'အရှင်ဘုရား၊ အရှင်ဘုရား ရဲ့ တပည့် မောင်ပဏ္ဍိတ က အရှင်ဘုရားအထံတော်မှာ ကိုရင်ဝတ်ချင်ပါတယ်လို့ ပြော နေပါတယ်ဘုရား၊ တပည့်တော်တို့ ဘယ်လို ကိုရင်ဝတ်ပေး ရ၊ ဘယ်လို ရှင်ပြုပေးရပါ့မလဲဘုရား'လို့ လျှောက်ထား ပါတယ်၊ သြဝါဒခံယူပါတယ်။

## ရှင်ပြုအစီအစဉ်

အေး၊ ရှင်ပြုတယ်ဆိုတာ ထူးထူး ခြားခြား ကုန်စရာ၊ အပိုကုန်စရာမလိုပါ။ ရှင်ပြုတဲ့အခါ အဓိကလိုရင်းက ရှင့်ပရိက္ခရာ ရှစ်ပါးပြည့်စုံပြီး အင်္ဂါသုံးပါး ပြည့်စုံရင် ရှင်ပြုပွဲ ပြီးတာပါ။

သုံမျိုးမှာ တစ်နံပါတ်က ရှင်လောင်းကို တစပဥ္စက ကမ္မဝါနဲ့ သင်ပေးပြီး ဒီတစပဥ္စကကမ္မဋ္ဌာန်းကို ခေါင်းစရိတ်တဲ့ အချိန်က စပြီး ခေါင်းရိတ်ပြီးသည့်တိုင်အောင် ရွတ်ပွား ရှုပွား ခေါင်းရိတ်စေခြင်းသည် ပထမရှင်ပြုခြင်းပါ၊ ပါဠိလို 'ကေသစ္စဒနပဗ္ဗဇ'လို ခေါ်ပါတယ်။

အဲဒီအပိုင်းက အရေးအကြီးဆုံးပါ။ အဲဒီ တစပဥ္စက ကမ္မဋ္ဌာန်းမပေးဘဲနှင့် မိဘက သားသမီးကို ခေါင်းရိတ်ပေးသလို၊ ဆံပင်ညှပ်ဆိုင် ရိတ်သလို ဘာကမ္မဋ္ဌာန်း သင်မပေးဘဲ ခေါင်း ရိတ်ပေးပြီး ရှင်ပြုရင် ရှင်လောင်း ရဟန္တာဖြစ်မယ့် ပါရမီကို ဖျက်ဆီးပစ်ရာ ရောက်ပါတယ်တဲ့။

ရှင်းရှင်းပြောရရင် ရှင်ပြုကျိုး မရှိပါ။ အဲဒီတစပဥ္စက ကမ္မဋ္ဌာန်း မပေးဘဲနဲ့ ခေါင်းရိတ်ပြီး ရှင်ပြုပေးတဲ့ ဆရာလဲ ဆရာမိုက်တဲ့၊ ဖြစ်နိုင်ရင် စွမ်းနိုင်ရင် (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်း သင်ပြီး ခေါင်းရိတ်ပေးရမယ်တဲ့၊ အကုန်မစွမ်းနိုင်ရင် တစပဥ္စက ကမ္မဋ္ဌာန်းကို ကောန်သင်ပေးရပါမယ်တဲ့။

ဒီတစပဥ္စက ကမ္မဋ္ဌာန်းက အလုံးစုံသော ဘုရားတိုင်း မစွန့်တဲ့ ကမ္မဋ္ဌာန်းပါတဲ့၊ ခေါင်းရိတ်စဉ် ဒီကမ္မဋ္ဌာန်းကို စီးဖြန်း ရွတ်ပွား၊ ရှုပွားရိတ်လို့ ဆံပင်လို့ရှုကာမျှနှင့် ရဟန္တာအဖြစ်သို့ ရောက်ကြတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသကာမိန်းမ အရေအတွက်ဟာ အပိုင်းအခြား မပြုနိုင်ပါတဲ့။

ဒါကြောင့် ရှင်လောင်း ခေါင်းရိတ်ကဲ့အခါမှာ ဆံပင်မခံပါနှင့် ရှုပ်ပါတယ်။ တစပဥ္စက ကမ္မဋ္ဌာန်းကိုသာ ရှုမှတ်ပြီး ရိတ်စေပါ။ ဆံပင်ခံတာ အဓိပ္ပာယ်မရှိပါ။ ဆံပင်ခံပြီး စေတီကည်တာလဲ မဟုတ်ပါ။ လွှင့်ပစ်တာပါ၊ လွှင့်ပစ်ဖို့ ဆံပင်ခံခြင်းဖြင့် ရှင်လောင်း ကမ္မဋ္ဌာန်း စီးဖြန်းမှု မပျက်ပါစေနှင့်။

**တစပဥ္စက ကမ္မဋ္ဌာန်း**

တစပဥ္စက ကမ္မဋ္ဌာန်းဆိုတာ အရေလျှင်ငါးခုမြောက်ရှိတဲ့ ကမ္မဋ္ဌာန်းပါ။ လင်္ကာနဲ့လဲ ပွားနိုင်ပါတယ်။ စကားပြေနဲ့လဲ ပွားနိုင်ပါတယ်။ လင်္ကာနဲ့ဆိုရင် –

**'ငါ၏ကိုယ်မှာ နံ့သာမွှေးကြိုင်၊ မြခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာ ရှိ၊ အမွှေး ရှိ၍ ရှိသည် လက်သည်း၊ ခြေအသည်းနှင့် သွားလည်း တစ်ထွေ၊ အရေ တစ်မျိုး၊ ညှီနံ့ ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား'**

လို့ ပွားနိုင်ပါတယ်။ စကားပြေနဲ့ ပွားချင်ရင်လဲ –

'ငါ၏ကိုယ်မှာ နံ့သာ မရှိပါ၊ အမွှေးကြိုင် မရှိပါ၊ မြတာ ခိုင်တာ မရှိပါ၊ ကောင်းတာမှန်တာ မရှိပါ၊ ဆံပင်ရှိတယ်၊ အမွှေး ရှိတယ်၊ လက်သည်း ခြေသည်း ရှိတယ်၊ သွား ရှိတယ်၊ ညှီတယ်၊ နံတယ်၊ သိုးတယ်၊ ပုပ်တယ်'လို့လဲ ရှုမှတ်ဆင်ခြင်နိုင်ပါတယ်။ အဲဒီကမ္မဋ္ဌာန်းကို ရှုမှတ်ပြီး ခေါင်းရိတ်မြင် သည့်ပထမ ရှင်ပြုခြင်းပါ။ 'ကေသစ္ဆာဒနပဗ္ဗဇ'လို့ ခေါ်ပါတယ်။ အရေးအကြီးဆုံး အပိုင်းတစ်ပိုင်းပါ။

အဲဒီအပိုင်းပြီးသွားတော့ မိမိပိုင်ဆိုင်တဲ့ သင်္ကန်းပရိက္ခရာတို့ကို ဆရာသမားအား လှူဒါန်းပြီး ဆရာသမားထံက ပြန်တောင်းယူကာ ဆရာသမားက ရော့ဝတ်တော့လို့ သင်္ကန်းဝတ်ရခြင်းသည် ဒုတိယရှင်ပြုခြင်းပါ၊ 'ကာသာဝစ္ဆဒနပဗ္ဗဇ'လို့ ခေါ်ပါတယ်။

အဲဒီအပိုင်းနှစ်ပိုင်းပြီးသွားရင် 'အသွင်ရှင်' ဖြစ်သွားပါပြီ။ လူ၊ နတ် ဦးခိုက်ပူဇော်ထိုက်သွားပါပြီ၊ ဘုရား ရဟန္တာများနှင့် အသွင်တူသွားပါပြီ။

ရှင်ပြုတဲ့အပိုင်းနှစ်ပိုင်း ပြီးသွားပါပြီ။ ရွာထဲလှျောက်ပြီးလှည့်တာတွေ၊ နတ်ပြတာတွေ၊ အတီးအမှုတ် အကအခုန်တွေ မပါပါ။ ရှင်လောင်းဝှက်တာတွေ မပါပါ။

အေး၊ ဒုတိယအပိုင်း သင်္ကန်းဝတ်ခြင်းဖြင့် ရှင်ပြုပြီးတော့မှ ဆရာသမားထံ တစ်ခါပြန်သွားပြီး ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီး 'အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါ၏' လို့ တောင်းပန်ရပါတယ်။

အဲဒီလို တောင်းပန်တဲ့ အခါမှာ ဆရာသမားက ဥာန်၊ ကရိဏ်း၊ ပယတ်စသည်ပီပြင်စွာနှင့် သရဏ ချပေး၊ ရှင်လောင်းကလဲ ဥာန်၊ ကရိဏ်း၊ ပယတ်စသည် ပီပြင်စွာနှင့် သရဏဂုံယူလို့ ပြီးသွားရင် တတိယပိုင်း 'သရဏဂမနပဗ္ဗဇ္ဇ' ပြီးသွားပါတယ်။

အဲဒီအပိုင်းသုံးပိုင်း ပြီးသွားရင် ရှင်ပြုပွဲပြီ ပြီ၊ အေး၊ ရှင်ပြုတာနှင့် ပရိက္ခရာရှစ်ပါး သိထားဖို့ လိုပါတယ်။ ပရိက္ခရာ ရှစ်ပါးက –

၁။ သင်းပိုင်းသင်္ကန်း

၂။ ဧကသီ (ကိုယ်ရုံ)သင်္ကန်း

၃။ နှစ်ထပ် (ဒုကုဋ်)သင်္ကန်း

၄။ သပိတ်

၅။ ခေါင်းရိတ်ဓား

၆။ အပ်နှင့် အပ်ချည်

၇။ ခါးပန်းကြိုး

၈။ ရေစစ်

တို့ဖြစ်ပါတယ်။ ၎င်းရှစ်ပါးတို့တွင် ရှင်သာမဏေအတွက် သုံးနံ့ပါတ်နှစ်ထပ်(ဒုကုဋ်)သင်္ကန်း မပါသဖြင့် ပရိက္ခရာ ခုနစ်ပါးသာ ဖြစ်နေပါသည်။ ရှစ်ပါးလဲ ပြည့် လဲလို့လဲ ရအောင် သင်းပိုင်းတစ်ထည် ထပ်ထည့်ပါ။ ၎င်းပရိက္ခရာရှစ်ပါးတို့တွင် –

၉။ ယပ်တောင်

၁၀။ ထီး

၁၁။ ဖိနပ်

၁၂။ ထိုင်ခင်း

၁၃။ တောင်ဝှေး

တို့ ထည့်က ပရိက္ခရာအားလုံးအကုန်မှာ ၁၃ ပါး ဖြစ်

ပါတယ်။ ပရိက္ခရာထည့်တဲ့အခါမှာ မသုံးမဖြစ် အမှန်သုံးမည့် ပရိက္ခရာကို အဓိကထားပြီး ထည့်ပါ။

မှန်ပါသည်၊ အထက်ပါ အရေးကြီးသည့် မူရင်း ပရိက္ခရာ ရှစ်ပါးထဲ၌ ယပ်တောင်မပါပါ၊ ယခု ရှင်ပြုပွဲတွေနှင့် ယပ်တောင်ကို မပါမဖြစ်ထည့်နေကြပါတယ်။ အမှန်က ယပ်တောင်အစား ထိုင်ခင်းနှင့် ထီး၊ ဖိနပ်တို့က ပိုပြီးအသုံးမတည့်ပါသလော။

**ညနေကျောင်းပို့**

အေး၊ ရှင်သာရိပုတ္တအရှင်မြတ်က မောင်ပဏ္ဍိတရဲ့ မိဘများကို ရှင်ပြုတာနှင့် ပတ်သက်၍ အစီအစဉ်ပြောကြားပြီးတဲ့အခါ မိဘများက 'အရှင်ဘုရား၊ ဒီလိုဆိုရင် ကြွပါတော့ဘုရား၊ တပည့်တော်တို့ ဒီမောင်ပဏ္ဍိတကို ညနေမှာ ကျောင်းသို့ ပို့ပါမယ်ဘုရား' လို့ လျှောက်ထားတဲ့အခါ ရှင်သာရိပုတ္တအရှင်မြတ် ပြန်ကြွပါတယ်။

ညနေရောက်တဲ့အခါ ဆွေမျိုးသားချင်းများ စုဝေးစေပြီး 'ငါတို့သားအား လူ့ဘဝမှာ ပြုသင့်ပြုထိုက်တဲ့ ပူဇော်သက္ကာရကို ဒီနေ့ပဲ ပြုကြပါကုန်စို့' လို့ စဉ်းစားပြီး သူတို့မှာ ရှိသမျှ အကောင်းဆုံး အဝတ်များကို ဝတ်စေပြီး မောင်ပဏ္ဍိတကို ကျောင်းသို့ခေါ်ကာ 'အရှင်မြတ်ဘုရား၊ ဒီမောင်ပဏ္ဍိတကို ရှင်ပြုပေးတော်မူပါဘုရား' လို့ လျှောက်ထားပြီး ရှင်သာရိပုတ္တ အရှင်မြတ်အား ပေးအပ်ပါသည်။

အေး၊ အဲဒီမိသားစုတွေဟာ သူဌေးတွေပါ၊ အိမ်မှာမဏ္ဍပ်

တွေ အကြီးအကျယ်ထိုပြီး စည်တွေ၊ ဗြောတွေ၊ အတီးအမှုတ်၊ အကအခုန်တွေနှင့် စည်တန်းပြီး လှည့်ပတ်ပြနိုင်တဲ့သူတွေပါ။ အကြီးအကျယ် ကျွေးမွေးဧည့်ခံနိုင်တဲ့သူတွေပါ။

အရပ် အဆုံးအမ၊ ပါးစပ် အဆုံးအမကို မလိုက်နာဘဲ ဆရာသမားအဆုံးအမကို လိုက်နာကာ မြတ်စွာဘုရားသားတော် ရာဟုလာကို ရှင်ပြုသလို ပြုပေးတာကို ဆက်ရှုပါ။

**နိုင်းတာလုပ်ပါ့မယ်**

အေး၊ မိဘတွေက မောင်ပဏ္ဍိတကို ရှင်သာရိပုတ္တာ အရှင်မြတ်အား အပ်နှံလိုက်တဲ့အခါ အရှင်မြတ်က 'မောင်ပဏ္ဍိတ ရှင့်အဖြစ်ဆိုတာ ပြုနိုင်ခဲလှပါတယ်။ အပူလိုသော် အအေး ရတတ်ပါတယ်၊ အအေးလိုသော် အပူရတတ်ပါတယ်၊ ရှင်ရဟန်းတွေဆိုတာ ဆင်းရဲငြိုငြင်ပင်ပန်းစွာ အသက်မွေးကြရပါတယ်၊ သင်က ချမ်းသာစွာ ကြီးပွားလာရတဲ့ သူဌေးသားကလေးပါ၊ ဝတ်နိုင်ပါ့မလား၊ မေးပါတယ်။

'တောက်မယ့် မီးခဲ အလျှံနှင့်ရဲရဲ'ဆိုတဲ့အတိုင်း မောင်ပဏ္ဍိတ က 'အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် အရှင်မြတ်ဘုရားတို့ ပြောဆိုသမျှ နည်းအတိုင်း အလုံးစုံအကုန်ကျင့်နိုင်ပါတယ်ဘုရား'လို့ ရဲရဲတောက် လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားတဲ့အခါ ရှင်သာရိပုတ္တာအရှင်မြတ်က 'ကောင်းပြီ မောင်ပဏ္ဍိတ'လို့ ပြောပြီး မောင်ပဏ္ဍိတအား တစပဉ္စက ကမ္မဋ္ဌာန်း သင်ပေးကာ ခေါင်းရိတ်ပြီး ရှင်ပြုပေး

ပြီး ဆယ်ပါးသီလ သိက္ခာပုဒ်တို့၌ တည်စေပါတယ်။ ရှင်ပဏ္ဍိတ လို့ ဖြစ်သွားပါပြီ။

**ရှင်ဖြစ်ဆွမ်းကပ်**

အေး၊ ကိုရင့်မိဘတွေနှင့် ဆွေမျိုးသားချင်း တစ်စုတို့ဟာ ရှင်ဖြစ်ဆွမ်းအနေဖြင့် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာလျှင် နေထိုင် ကြကုန်လျက် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်း တို့အား ငါးကြင်းဟင်းနဲ့ပင် ဆွမ်းကပ်လှူဒါန်းလျက် ခုနစ်ရက် မြောက်တဲ့ ညနေချမ်းအချိန်ရောက်မှသာလျှင် အိမ်ပြန်သွားကြ ပါတယ်။

'အေး၊ အဲဒီလို ရှင်ပြုမျိုး ဒီခေတ်မှာ တွေ့ဖူးပါသလား မေးရင် မတွေ့ဖူးပါ၊ ဒီခေတ်မှာက အကြီးအကျယ် မဏ္ဍပ်ကြီး တွေကို ရှင်လောင်းတွေအတွက် ရှာထဲရှိသမျှ လက်ဝတ်တန်ဆာ တွေ ငှား၊ ပရက္ခရာဆိုင်မှာရှိသမျှတွေ ငှား၊ ဆင်တွေမြင်းတွေ ငှားပြီး အငှားတွေ ရှာလှည့် မြို့လှည့်ပြုကြပါတယ်၊ မူးကြ ရူးကြ ကကြခုန်ကြ ပျော်ပါးကြနှင့် ပျော်ပြီး ပြီးသွားပါတယ်။

ယခု ကိုရင်ပဏ္ဍိတ ရှင်ပြုပွဲဟာ အေးအေးဆေးဆေးကလေး ပါ၊ ဘယ်မှ မလှည့်မပြပါ။ ဆွေမျိုးသားချင်းတစ်စု ကျောင်းပို့ ရှင်ပြုပြီး ကျောင်းရှိသံဃာအားလုံး ခုနစ်ရက် ရှင်ဖြစ်ဆွမ်းကပ် ပါတယ်။ ကိုရင်ပဏ္ဍိတဟာ ခုနစ်ရက်ပတ်လုံးကျောင်းမှာ သင် စရာတွေ သင်နေရပါတယ်။ ဝတ်ပုံ စားပုံ၊ နေပုံ ထိုင်ပုံ၊ ကျင့် ကြံပုံတွေ သင်နေရပါတယ်။

**ဂုန်နီစက်ရုံ မိသားစု**

ယခု ဂုန်နီစက်ရုံမိသားစုတို့ကလည်း မိမိတို့ ရှင်တွေ၊ ရဟန်းတွေ၊ သီလရှင်တွေ ဝတ်တဲ့အခါမှာ ပဏ္ဍိတ သာမဏေကလေး ရှင်ပြုတဲ့နည်းအတိုင်းပဲ ဘယ်မှ လျှောက်ပြီး မလှည့်မပြ၊ ဆိုင်းမပါ ဗုံမပါ၊ ပကာသနမပါ၊ ဂုန်နီစက်ရုံမိသားစုတို့ ပေါက်စေတီ ဓမ္မရိပ်သာပို့ပြီး ရှင်ရဟန်း၊ သီလရှင် ဝတ်လိုက်ကြတယ်။

၁-၄-၉၅ နေ့မှာ ရှင်ရဟန်း၊ သီလရှင်ဝတ်ပြီး ညမှာ အလုပ်ပေးတရားနာကာ၊ နံနက် ၄နာရီမှာအိပ်ရာမှထကာ ၄း၃၀ နာရီမှစ၍ သူ့အချိန်နှင့်သူ ရှုပွားအားထုတ်လာတာ ယနေ့ ၇-၄-၉၅ နေ့ တိုင်အောင်ပဲပေါ့။

အဲဒီလို တရားအလုပ် ကြိုးစားအားထုတ်နေကြတဲ့ ရှင်ရဟန်း၊ သီလရှင်ကွေကို ဒီ ပေါက်စေတီ ဓမ္မရိပ်သာမှာရှိတဲ့ သံဃာများနှင့်တကွ ခုနစ်ရက်တိုင်တိုင် ရှင်ဖြစ်ဆွမ်း၊ ရဟန်းဖြစ်ဆွမ်း၊ သီလရှင်ဖြစ်ဆွမ်းတွေ၊ ညနေအဖျော်ရည်တွေ ဆက်ကပ် လှူဒါန်းခဲ့ကြပါတယ်။

အေး၊ ဂုန်နီစက်ရုံမိသားစုတို့ဟာ ကိုရင်ပဏ္ဍိတတို့ ရှင်ပြုတဲ့နည်းအတိုင်း ပြုပြီး၊ သူ့နည်းအတိုင်းပဲ လှူဒါန်းကာ၊ သူ့နည်းအတိုင်းပဲ ကျင့်ကြံခဲ့ကြတာ ခုနစ်ရက်ပြည့်သွားပါပြီ။

**သာသနာ့အမွေ**

အေး၊ ရှင်ပြုကြတယ်ဆိုတာ ဘာလုပ်ဖို့လဲ၊ သားတော်

ရာဟုလာကို မြတ်စွာဘုရား ရှင်ပြုပေးတာကို ပြန်ကြည့်ပါ။ သားတော် ရာဟုလာက မြတ်စွာဘုရားအထံမှာ လောကီအမွေ တောင်းပါတယ်။ မြတ်စွာဘုရားက သာသနာ့အမွေပေးမယ်ဆိုပြီး ရှင်ပြုပေးလိုက်ပါတယ်။

ရှင်ပြုပေးပြီး မြတ်စွာဘုရားက 'သားတော်ရာဟုလာ၊ သင့်ကို ငါဘုရား ရှင်ပြုပေးတာက သာသနာ့အမွေ ပေးဖို့ရာ ရှင်ပြုပေးတာ၊ ရော့ သာသနာ့အမွေ'လို့ ပြောပြီး လက်ထဲကို သာသနာ့အမွေ ထည့်မပေးနိုင်ပါ။

ရှင်လဲပြုပေးပြီးရော ကုမာရကပဥ္စ သုတ္တန် အစထားပြီး သုတ္တန်တရားများ ဟောပေး၊ ရှင်ရာဟုလာက ကျက်မှတ် ပြန်အံကျင့်နဲ့ ကျင့်ကြံအားထုတ်ရာ အသက်နှစ်ဆယ်ပြည့်တဲ့ နှစ်၊ ရဟန်းဖြစ်တဲ့ နှစ်ကျမှ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီး သာသနာ့အမွေကို ရပါတယ်။ ရှင်ရဟန်း၊ သီလရှင်ဖြစ်ရုံနဲ့ သာသနာ့အမွေ မရနိုင်ပါ၊ သင်အံ ကျင့်ကြံ အားထုတ်ယူမှ ရပါတယ်။

သာသနာ့အမွေဆိုတာ မဂ်ဖိုလ် နိဗ္ဗာန်ကို ခေါ်ပါတယ်။ အဲဒီ မဂ်ဖိုလ်နိဗ္ဗာန်လို့ခေါ်တဲ့ သာသနာ့အမွေကို ရှင်ရဟန်း၊ သီလရှင် ဖြစ်ရုံနဲ့ မရနိုင်ပါ၊ သင်စရာကို သင်၍ ကျင့်စရာကို ကျင့်ယူမှ ရနိုင်ပါတယ်။

**ရှင်ရဟန်းနှင့် သာသနာ့အမွေ**

အများအားဖြင့် ပရိသတ်တွေယူနေတာက ရှင်ရဟန်း ပြု

ပေးလိုက်ရင် ရှင်ရဟန်းတွေမှာ သာသနာ့အမွေရသွားပြီ၊ ရှင့်ဒကာ ဒကာမတွေမှာလဲ သာသနာ့အမွေရသွားပြီလို့ ထင်နေကြပါတယ်။ မရသေးပါ။ ဆိုကြည့်ပါ -

၁။ ရှင်ရဟန်းသာ ဖြစ်၍ သာသနာ့အမွေမရသူ။

၂။ သာသနာ့အမွေသာ ရ၍ ရှင်ရဟန်း မဖြစ်သူ။

၃။ ရှင်ရဟန်းလဲ မဖြစ် သာသနာ့အမွေလဲ မရသူ။

၄။ ရှင်ရဟန်းလဲ ဖြစ် သာသနာ့အမွေလဲ ရသူ။

ရယ်လို့ လေးမျိုးရှိပါတယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါကိုပဲ ပြန်ကြည့်ပါ။ မြတ်စွာဘုရားနှင့် တစ်ကျောင်းတည်းနေ တစ်ခရီးတည်း သွားနေတဲ့ ဆဗ္ဗဂ္ဂီရဟန်းတွေဟာ ရှင် ရဟန်းတော့ ဖြစ်ပါတယ်၊ မသင်မကျင့်တော့ သာသနာ့အမွေဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရပါ။

အေး၊ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိ ပြည်မှာ လူ ခုနစ်ကုဋေရှိရာ ငါးကုဋေမှာ အရိယာတွေပါတဲ့။ သူတို့ သာသနာ့အမွေဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် ရကြပါတယ်၊ ရှင် ရဟန်းတော့ မဖြစ်ကြပါ။

မဂ် ဖိုလ် နိဗ္ဗာန်လို့ ခေါ်တဲ့ သာသနာ့အမွေလဲ မရ၊ ရှင်ရဟန်းလဲ မဖြစ်သူတွေကတော့ လက်ညှိုးထိုးလို့မလွဲပါ၊ အထင်အရှား မြင်နိုင်ပါတယ်။

သာသနာ့အမွေလဲ ရ၊ ရှင်ရဟန်းလဲ ဖြစ်သူတွေကလဲ လက်ညှိုးထိုးလို့ မလွဲပါ။ မြတ်စွာဘုရားရှင် လက်ထက်တော်

အခါက ရှင်သာရိပုတ္တ၊ ရှင်မဟာမောဂ္ဂလာန် အမှူးရှိတဲ့ ရဟန်းတော်တွေ၊ ရှင်ပဏ္ဍိတအမှူးရှိတဲ့ ရှင်တွေဟာ သာသနာ့အမွေလဲရ၊ ရှင်ရဟန်းလဲ ဖြစ်သူတွေပါ။

**ရှင်ရဟန်း ဒကာနှင့် သာသနာ့အမွေ**

အေး၊ ယခုပြောခဲ့တဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ ဘယ်ပုဂ္ဂိုလ်အကောင်းဆုံးလဲမေးရင် နောက်ဆုံးပုဂ္ဂိုလ်အကောင်းဆုံးပါ။ ယခု ဂုန်နီစက်ရုံမှ ဦးပဥ္စင်းကြီးတွေ၊ ကိုရင်တွေ၊ သီလရှင်တွေ၊ သီလရှင်၊ ရှင် ရဟန်းတွေလဲဖြစ်၊ သာသနာ့အမွေ မဂ်ဖိုလ်နိဗ္ဗာန်ရအောင်လဲ သင်စရာကို သင်ခဲ့တာ၊ ကျင့်စရာကို ကျင့်ခဲ့တာ ခုနစ်ရက်တောင် ပြည့်သွားပါပြီ။

မဂ်ဖိုလ်နိဗ္ဗာန်လို့ ခေါ်တဲ့ သာသနာ့အမွေကို မရသေးပေမယ့်လို့ မဂ်ဖိုလ်နိဗ္ဗာန်မျိုးစေ့တော့ ဖြစ်သွားပါပြီ။ အေး၊ မျိုးစေ့ဖြစ်ရင် အချိန်တန် အပင်ပေါက်မှာပါ၊ မျိုးစေ့မှမရှိရင် ဘယ်လိုမှ အပင်မပေါက်နိုင်ပါ။ ဒါ့ကြောင့် နောက် လေးမျိုးဆိုကြည့်ပါ–

၁။ ရှင့်ဒကာ ရဟန်းဒကာသာ ဖြစ်၍ သာသနာ့အမွေ မရသူ။

၂။ သာသနာ့အမွေသာ ရ၍ ရှင့်ဒကာ ရဟန်းဒကာ မဖြစ်သူ။

၃။ ရှင့်ဒကာ ရဟန်းဒကာလဲ မဖြစ် သာသနာ့အမွေလဲ မရသူ။

၄။ ရှင်ဒကာ ရဟန်းဒကာလဲ ဖြစ် သာသနာ့အမွေလဲ ရသူ။

ရယ်လို့ လေးမျိုးရှိပါတယ်။ အချို့က ရှင်ဒကာ ရဟန်း ဒကာ ဖြစ်ရင် မိမိတို့မှာ သာသနာ့အမွေရပြီလို့ ထင်နေကြပါ တယ်။

ဘာဖြစ်လို့ ထင်နေကြတာလဲလို့မေးရင် သီရိဓမ္မာသောက မင်းကြီးက ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန် ပေါင်း ရှစ်သောင်းလေးထောင် စသည်လှူပြီးတော့ တပည့်တော် သာသနာ့အမွေရပါပြီလားလို့ လျှောက်ထားတဲ့အခါ ဆရာ တော်တွေက မရသေးပါလို့ မိန့်ပါတယ်။

ဘယ်လိုလုပ်မှ သာသနာ့အမွေ ရနိုင်ပါသလဲလို့ လျှောက် ထားတော့ မိမိသားသမီးကို ရှင်ပြုရဟန်းခံပေးမှ သာသနာ့အမွေ ရမယ်လို့ ဥပမာစကား၊ ပရိယာယ်စကား ပြောကြားလိုက်ပါ တယ်။

ဘာဖြစ်လို့ ပရိယာယ်စကား ပြောလဲဆိုတော့ သားတော် မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့ သာသနာတော်ရောက်ရေးကို ချိန်ပြောတာပါ၊ ပြောတဲ့အတိုင်းလဲ ရောက်ပါတယ်။ ရောက်တဲ့ အခါ သူတို့ကြောင့် သာသနာတော်ကြီး ပိုမိုထွန်းကားလာပါ တယ်။

**အပျိုကြီးတစ်ယောက်**

အေး၊ အပျိုကြီးတစ်ယောက်ကလဲ မေးဖူးပါတယ်။ သူ့ကို

သူ့သူငယ်ချင်းမ အိမ်ထောင်သည်တွေက ညည်းတို့အပျိုကြီးတွေ သားသမီးမရတော့ ရှင်ရဟန်းမပြုရတော့ သာသနာ့အမွေ မရတော့ဘူးလို့ ပြောပါတယ်ဘုရား၊ မှန်ပါသလားတဲ့။

မမှန်ပါလို့ပြောရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်ပြုပေး၊ ရဟန်းခံပေးရင် ရှင့်ဒကာ၊ ရဟန်းဒကာတော့ဖြစ်မယ်၊ သာသနာ့အမွေဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ကိုခေါ်တော့ ဝိပဿနာတရားကို ရှုပွား အားထုတ်ယူမှ မဂ်ဖိုလ်နိဗ္ဗာန်ရပြီး သာသနာ့အမွေရမှာပါ။ ရှင်ရဟန်းပြုပေးရုံသက်သက်နဲ့ သာသနာ့အမွေ မရသေးပါ။

အချို့ ရှင်ပြုပွဲ၊ ရဟန်းခံပွဲမှာ သောက်စားမှုတွေ ပါပါတယ်။ အလှူ့ရှင်မှာ ဧည့်ခံရလွန်းလို့ ရေစက်မချနိုင်အောင် မူးတာတွေတောင် တွေ့ဖူးပါတယ်။ အဲဒီလို ရှင့်ဒကာ၊ ရဟန်းဒကာတွေ အမွေမရနိုင်ပါ။

သာသနာ့အမွေသာရ၍ ရှင့်ဒကာ၊ ရဟန်းဒကာမဖြစ်သူဆိုတာက မိမိကိုယ်တိုင်ကျင့်ကြံကြိုးကုတ် အားထုတ်ယူတော့ မဂ်ဖိုလ်နိဗ္ဗာန်လို့ခေါ်တဲ့ သာသနာ့အမွေ ရပါတယ်။ ရှင်ပြုမပေး၊ ရဟန်းခံမပေးတော့ ရှင့်ဒကာ၊ ရဟန်းဒကာ မဖြစ်ပါ။

ရှင်လဲပြုမပေး၊ ရဟန်းလဲခံမပေးတော့ ရှင့်ဒကာ၊ ရဟန်းဒကာလဲမဖြစ်ပါ။ မိမိကိုယ်တိုင် ဝိပဿနာတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုမပြုတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ သာသနာ့အမွေလဲ မရပါ။

အေး၊ ရှင်ပြု ရဟန်းခံပေးလိုက်တော့ ရှင့်ဒကာ၊ ရဟန်း

ဒကာလဲ ဖြစ်ပါတယ်။ မိမိတို့ကိုယ်တိုင်က ဝိပဿနာတရားကို ကျင့်ကြံကြိုးကုတ်ယူလို့ မဂ်ဖိုလ်နိဗ္ဗာန်လို့ခေါ်တဲ့ သာသနာ့အမွေလဲ ရသူရှိပါတယ်။

အဲဒီ နံပါတ်(၄) ပုဂ္ဂိုလ်ဟာ အကောင်းဆုံးပါ။ ယခု ဂုန်နီစက်ရုံမှ ဦးပဥ္စင်းကြီးတွေ အဲဒီပုဂ္ဂိုလ်လေးမျိုးထဲမှာ ဘယ်အမျိုးထဲ ပါမလဲ။

'နံပါတ်လေးထဲမှာ ပါပါဘုရား'

ဟုတ်ပါတယ်။ မိမိတို့ကိုယ်တိုင်လဲ ရှင့်ဒကာ၊ ရဟန်းဒကာ၊ သီလရှင်ဒကာထဲမှာ ပါပါတယ်၊ မိမိတို့ကိုယ်တိုင်လဲ ရှင်ရဟန်း သီလရှင်ဖြစ်ပြီး သာသနာ့အမွေရအောင် ကျင့်ကြံနေကြပြီ။ အင်မတန် ကံထူးပါတယ်။ အင်မတန် ဝမ်းသာဖို့ကောင်းပါတယ်။

## ကိုရင်ပဏ္ဍိတ ဆွမ်းခံကြွ

အေး၊ ဟို ကိုရင်ပဏ္ဍိတကလေးအကြောင်း ပြန်စကြစို့။ ကိုရင်ရဲ့ အမေအဖေတွေ ဆွေမျိုးသားချင်းတွေဟာ ဇေတဝန်ကျောင်းမှာ ခုနစ်ရက်တိုင်တိုင် ရှင်ဖြစ်ဆွမ်းကပ်ပြီး အဲဒီ ခုနစ်ရက် ပြည့်တဲ့နေ့ ညနေမှာ အိမ်ပြန်ကြပါတယ်။

ရှစ်ရက်မြောက်တဲ့နေ့မှာ ရှင်သာရိပုတ္တအရှင်မြတ်က ကိုရင်ပဏ္ဍိတကိုခေါ်ပြီး ဆွမ်းခံကြွပါတယ်။ ရဟန်းသံဃာများနှင့် အတူမကြွပါ။

ဘာ့ကြောင့် ရဟန်းသံဃာများနှင့် အတူမကြွလဲဆိုတော့

ကိုရင်ပဏ္ဍိတမှာ သပိတ် သင်္ကန်း ကိုင်တွယ်ဝတ်ရုံမှုက မကျွမ်းကျင်သေးပါ။ ကြည်ညိုဖွယ် မဆောင်နိုင်သေးပါ။ ဒါ့ကြောင့် အများနှင့်မကြွပါတဲ့။

တစ်နည်းပြောရရင် အရှင်မြတ်မှာ ကျောင်းတိုက်ထဲ၌ ပြုရမည့် ဝတ်တွေရှိပါတယ်၊ ထေရ်သည် ရဟန်းများဆွမ်းခံကြွသွားသော် တစ်ကျောင်းတိုက်လုံး လှည့်လည်ပြီး တံမြက်မလှည်းရသေးတဲ့ နေရာတွေ တံမြက်လှည်းပါတယ်၊ အချည်းနှီးသောသောက်ရေအိုး သုံးရေအိုးတွေကို ရေဖြည့်ပါတယ်၊ မကောင်းသဖြင့် ထားအပ်တဲ့ ညောင်စောင်း စသည်တို့ကို သိမ်းဆည်းပြီး နောက်ဆုံးမှ ဆွမ်းခံကြွပါတယ်။

တစ်နည်းပြောရရင် တိတ္ထိတွေက သံဃာများဆွမ်းခံသွားချိန်မှာ ကျောင်းထဲဝင်လာပြီး ‘ရဟန်းဂေါတမရဲ့ သာဝကတွေရဲ့ နေရာကိုကြည့်ပါအုံး’လို့ မကောင်းတာတွေကို ညွှန်ပြပြောဆိုခွင့် မရအောင် တစ်ကျောင်းတိုက်လုံး သုတ်သင်ရှင်းလင်းပြီး နောက်ဆုံးမှ ဆွမ်းခံကြွပါတယ်တဲ့။

အေး၊ ရှင်သာရိပုတ္တာဟာ ဘုရားရှင်အောက် တစ်ယောက်ပါ။ အဲဒါကို အတုယူပြီး အကြီးအကဲရဲ့ အောက်က လူများဟာ တာဝန်ကိုပိုထမ်းကြပါ၊ ဘာမှမလစ်ဟင်းအောင် ထမ်းကြပါ။

ဒီနေရာမှာ ကွာခြားချက်က ကိုရင်ပဏ္ဍိတက ရှစ်ရက်မြောက်တဲ့ နေ့မှာမှ ဆွမ်းခံကြွပါတယ်။ ဂုန်နီစက်ရုံ ဦးပဥ္စင်းကြီးတွေက ရှစ်ရက်မြောက်တဲ့နေ့မှာ လူထွက်ကြမှာတဲ့။

## ဥပမာ သုံးချက်ရ

ကိုရင်ပဏ္ဍိတ ရှင်သာရိပုတ္တနှင့် ဆွမ်းခံကြွတဲ့အခါ လမ်းခရီးအကြားမှာ ရေမြောင်းမြင်တယ်ဆိုရင်ပဲ ကိုရင်က သိချင်ပါတယ်၊ သိချင်တော့ မေးပါတယ်။

'အရှင်ဘုရား၊ ဒီဟာ ဘာပါလဲဘုရား'

'ကိုရင်၊ အဲဒါ ရေမြောင်းခေါ်ပါတယ်'

'ဒီရေမြောင်းဖြင့် ဘာလုပ်ကြပါသလဲဘုရား'

'ဒီရေမြောင်းဖြင့် ထိုမှဤမှရေကိုသွယ်ပြီး မိမိလယ်ကိုလုပ်ကြပါတယ်'

'အရှင်ဘုရား အဲဒီရေမှာ စိတ်ရှိပါသလားဘုရား'

'ကိုရင် ရေမှာ စိတ်မရှိပါ'

'အရှင်ဘုရား၊ အဲဒီလို စိတ်မရှိတဲ့ရေကို မိမိလိုရာအရပ်သို့ ဆောင်နိုင်ပါသလားဘုရား'

'ဆောင်နိုင်ပါတယ် ကိုရင်'

အဲဒီစကားကြားတဲ့အခါ ကိုရင်ပဏ္ဍိတက 'စိတ်မရှိတဲ့ ဒီရေကို မိမိအလိုရှိရာ အရပ်သို့ သွယ်ဆောင်ပြီး တကယ်လို့ အလုပ်လုပ်နိုင်ပါရင် စိတ်ရှိတဲ့ ငါတို့သည် မိမိစိတ်ကို မိမိအလိုသို့လိုက်စေပြီး ကိုယ်လိုချင်တဲ့ ရဟန်းတရားကို ဘာ့ကြောင့် အားမထုတ်နိုင်ရမှာလဲ'လို့ ကြံစည်ပါတယ်။ အဲဒါ ခုနစ်နှစ်သားကလေးပါ၊ ဦးပဥ္စင်းကြီးတွေနှင့် ဘယ်သူ ကြီးလဲ။

'ဘုရားတပည့်တော်တို့က ကြီးပါတယ်ဘုရား'

အောင်မယ်၊ တပည့်တော်တို့ ကြီးတယ်တဲ့၊ လူလေးမျိုး မသိသေးလို့ အရမ်းပြောတာပါ၊ လူလေးမျိုးရှိပါတယ် –

(၁) လူငယ် ငယ်

(၂) လူငယ် ကြီး

(၃) လူကြီး ငယ်

(၄) လူကြီး ကြီး

ရယ်လို့ လူလေးမျိုးရှိပါတယ်။ ဟို ပဏ္ဍိတကိုရင်ကလေး က လူကတော့ ငယ်ပါတယ်၊ အသိအလိမ္မာ ဉာဏ်ပညာက ကြီးလို့ လူငယ် ကြီးလေးပါ။

'ဒါ့ကြောင့် စိတ်မရှိတဲ့ရေတောင်မှ ကိုယ်လိုရာအရပ်သို့ သွယ်ပြီး ကိုယ်လုပ်ချင်တဲ့အလုပ်ကို ဖြစ်အောင်လုပ်နိုင်ပါသေး ရင် စိတ်ရှိတဲ့ငါသည် ငါ့စိတ်ကို ငါလိုသလိုထုံးပြ၊ ဆုံးမပြီး ငါ လိုချင်တဲ့တရားကို ဘာဖြစ်လို့အားမထုတ်နိုင်ရမှာလဲ' အကြံဖြစ် ပါတယ်။

ရှေ့ဆက်ကြွပြန်တော့ မြားသမားတွေ မြားကိုမီးကင်ပြီး မျက်စိထောင့်ပြီးကြည့်ကာ မြားဖြောင့်နေတာကိုမြင်တော့ မေးမြန်း ပါတယ်။

'အရှင်ဘုရား၊ ဤသူတွေသည် အဘယ်အမည်ရှိကြပါ သလဲ'

'ကိုရင်၊ မြားသမားတို့ မည်ပါတယ်'

'အရှင်ဘုရား၊ သူတို့ဘာလုပ်နေကြပါသလဲ'

'မြားကိုမီးကင်ပြီး ဖြောင့်အောင်ပြုပြင်နေကြပါတယ်'

'အရှင်ဘုရား၊ အဲဒီမြားမှာ စိတ်ရှိပါသလား ဘုရား'

'ကိုရင်၊ မြားမှာ စိတ်မရှိပါ'

အဲဒီစကားကြားတဲ့အခါ ကိုရင်ပဏ္ဍိတက– စိတ်မရှိတဲ့မြား ကိုတောင်မှ မီးဖြင့်ကင်မြှိုက်ပြီး ဖြောင့်မတ်အောင်ပြုပြင်လို့ ရပါ သေးရင် စိတ်ရှိတဲ့ငါသည် ငါ့စိတ်ကို လိုသလိုထုံပြဆုံးမပြီ ငါ့အလိုသို့လိုက်စေကာ ငါလိုချင်တဲ့တရားကို ဘာဖြစ်လို့ အား မထုတ်နိုင်ရမှာလဲ၊ အကြံဖြစ်ပါတယ်။

အေး၊ ရှေ့ဆက်ကြွပြန်တော့ လက်သမားတွေ သစ်သား တွေကို ရွေပြီး လှည်းဘီးလုပ်နေတာကို မြင်တဲ့အခါ မေးမြန်း ပြန်ပါတယ်။

'အရှင်ဘုရား၊ ဤသူတို့ အဘယ်အမည်ရှိကြပါသလဲ'

'ကိုရင်၊ သစ်ရွေသမား၊ လက်သမားတွေလို့ ခေါ်ပါတယ်'

'အရှင်ဘုရား၊ အဲဒီသူတွေ ဘာလုပ်ကြပါသလဲ'

'ကိုရင်၊ သစ်သားတွေကိုယူပြီး ယာဉ်တို့အတွက် လှည်း ဘီး လုပ်နေကြပါတယ်'

'အရှင်ဘုရား၊ အဲဒီသစ်သားတွေမှာ စိတ်ရှိပါသလား ဘုရား'

'ကိုရင်၊ သစ်သားမှာ စိတ်မရှိပါ'

အဲဒီစကားကြားတဲ့အခါ ကိုရင်ပဏ္ဍိတက– စိတ်မရှိတဲ့ သစ်သားကိုတောင်မှ ကောက်နေတာကို ဖြောင့်အောင်၊ ဖြောင့်

နေတာကို ကောက်အောင် လိုသလိုပြုပြင်ပြီး ကိုယ်လိုချင်တဲ့ ကိရိယာတန်ဆာပလာကို လုပ်လို့ရပါသေးရင် စိတ်ရှိတဲ့ငါသည် ငါ့စိတ်ကို ငါလိုသလိုထုံးပြဲဆုံးမပြီး ငါလိုချင်တဲ့တရားကို ဘာဖြစ်လို့ အားမထုတ်နိုင်ရမှာလဲ၊ အားထုတ်နိုင်ရမှာပေါ့’လို့ ကြံစည်ပါတယ်။

**ကိုရင် တရားအားထုတ်ပြီ**

အေး၊ ကိုရင်ပဏ္ဍိတသည် ယခုပြောခဲ့ ဥပမာ သုံးချက်ကိုလဲ ရရော ‘အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အရှင်ဘုရားတို့ရဲ့ သပိတ်သင်္ကန်းတို့ကို ယူကြမယ်ဆိုရင် ဘုရားတပည့်တော်ကျောင်းပြန်ပါရစေဘုရား’လို့ လက်အုပ်ချီမိုး ရှိခိုးပြီး လျှောက်ထားပါတယ်။

အရှင်မြတ်ကလည်း ‘ဩော်၊ ဒီကိုရင်ကလေးနှယ် အခုကလေးပဲ ကိုရင်ဝတ်တယ်၊ ကိုရင်ငယ်ကလေး ရှိသေးတယ်၊ ငါ့နောက် လိုက်လာပြီး ငါ့ဒီလိုပြောရမလား’လို့ စိတ်ထဲမှာ မဖြစ်ပါပဲသာလျှင် ‘ကိုရင်၊ သပိတ်သင်္ကန်းတွေယူခဲ့’လို့ ပြောပြီး မိမိသပိတ်သင်္ကန်းတွေ လှမ်းယူပါတယ်။

ကိုရင်ပဏ္ဍိတက သပိတ်သင်္ကန်းတွေပေးပြီးတဲ့အခါ ရှင်သာရိပုတ္တ အရှင်မြတ်ကို လက်အုပ်ချီမိုးရှိခိုးပြီး ပြန်ခါနီးမှာ ‘အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဘုရားတပည့်တော်အတွက် အာဟာရကို ဆောင်သည်ရှိသော် ငါးကြင်းဟင်း အရသာကိုသာလျှင် ဆောင်တော်မူခဲ့ပါဘုရား’လို့ လျှောက်ထားပါတယ်။

အရှင်မြတ်က ဘယ်လိုအမိန့်ရှိသလဲဆိုတော့ 'ကိုရင်၊ တို့ ဆွမ်းခံတဲ့ပုဂ္ဂိုလ်ဆိုတာ ငါးကြင်းဟင်း ရချင်လဲရမယ်၊ တခြားဟင်း ရချင်လဲရမယ်၊ ဘယ်ဟင်းရပါ့မယ်လို့ သေသေချာချာ မပြောနိုင်ပါ'လို့ အမိန့်ရှိတဲ့အခါ 'အရှင်ဘုရား၊ အရှင်ဘုရားတို့ ဘုန်းကံနဲ့မရရင် ဘုရားတပည့်တော်ရဲ့ ဘုန်းကံနဲ့ ရပါလိမ့်မယ်'လို့ လျှောက်ထားလိုက်ပါတယ်။

ဘုန်းရှင်ကံရှင်များဟာ ကိုယ့်ဘုန်းကိုယ့်ကံ ယုံပါတယ်။ မဟာဒုဂ်ဘဝက အနှစ်နှစ်သောင်းတိုင်တိုင် စိတ်တိုင်းကျ ပြုခဲ့တဲ့ ကုသိုလ်တွေ နည်းတာမှမဟုတ်ဘဲနဲ့။

ရှင်သာရိပုတ္တာအရှင်မြတ်သည် 'ကိုရင်ငယ်ကလေး ကျောင်းအပြင်အပ၌ ထိုင်နေလျှင် ဘေးရန်အန္တရာယ်ဖြစ်နိုင်တယ်'လို့ တွေးပြီး သံဂေါက်(သော့)ကို ပေးပြီး 'ငါနေတဲ့ အိပ်ရာအခန်း တံခါးကိုဖွင့်ပြီး အခန်းတွင်း ဝင်ထိုင်နေ'လို့ မိန့်လိုက်ပါတယ်။

ကိုရင်လဲ အရှင်မြတ်အမိန့်အတိုင်း အခန်းတံခါးဖွင့်ပြီး အခန်းတွင်းဝင်ကာ- 'အတ္တနော-မိမိ၏၊ ကရဇကာယေ-ကြမ်း နု မာ ပျော့၊ ဖွဲ့စည်း၊ ယိုစီး၊ ပူအေး၊ တွန်းကန်၊ လှုပ်ရှား ဆိုတဲ့ ရုပ်တရား၌၊ ဉာဏ်- ရုပ်ရုပ်ဟု ရှုတတ်ပွားတတ်တဲ့ဉာဏ်ကို၊ ဩတာရေတွာ- သွင်းချ၍၊ အတ္တဘာဝံ- အတ္တဘော ရုပ်ခန္ဓာကို+သမ္မသန္တော- အဖန်ဖန်အထပ်ထပ် ရုပ်ရုပ်ဟု ရှုပွားလျက်၊ နိသီဒိ- ထိုင်၍ ရှုပွားနေလေပြီတကား။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အေး၊ ပညာရှိဆိုတာ ကြောင်လက်သည်းဝှက်ပမာပါ။ ကိုရင် ပဏ္ဍိတဟာ ကျောင်းပြန်မယ်သာ လျှောက်သွားတာပါ၊ တရားအားထုတ်မယ်လို့ လျှောက်မသွားပါ၊ ပညာရှိဟာ မကြွားပါ၊ ကြွားဝါရင်လဲ ပညာမရှိပါ။ တရားအားထုတ်တဲ့အခါမှာလဲ လယ်သမားစံထားအားထုတ်လိုက်၊ မြှားသမား စံယူအားထုတ်လိုက်၊ သစ်ရွေသူ လက်သမား အားကျအားထုတ်လိုက်နဲ့ ကြိုးစား အားထုတ်နေပါတယ်။

## သိကြားနေရာ ပူပြင်းရာ

အေး၊ ကိုရင်ပဏ္ဍိတ တရားအားထုတ်နေတဲ့အခါမှာ ကိုရင်ရဲ့ ဂုဏ်တန်ခိုးကြောင့် သိကြားမင်းရဲ့နေရာဟာ ပူပြင်းတဲ့ အခြင်းအရာကို ပြပါတယ်။ သိကြားမင်းသည် 'အကြောင်းကား- အဘယ်နည်း'လို့ စူးစမ်းသည်ရှိသော် 'သြော်၊ မဟာဒုဂ်ဘဝမှ တစ်ဖြစ်လဲသွားတဲ့ ကိုရင် ပဏ္ဍိတသည် ဥပဇ္ဈာယ်ဆရာ၏ သပိတ်သင်္ကန်းတွေပေးလိုက်ပြီး 'ရဟန်းတရားအားထုတ်မယ်'လို့ ကြံစည်ပြီး ကျောင်းပြန် တရားအားထုတ်နေပါလား။ ငါလဲ ကိုရင်တရားအားထုတ်တဲ့နေရာသို့ သွားသင့်တယ်'လို့ ကြံစည်ပါတယ်။

အဲဒီလို ကြံစည်ပြီး နတ်မင်းကြီး လေးယောက်တို့ကို ခေါ်ယူကာ 'ကျောင်းခြံဝင်းအတွင်းမှာ နေကြတဲ့ငှက်တွေ မောင်းထုတ်၊ ကျောင်းခြံထက်ဝန်းကျင်မှ အစောင့်အရှောက်ယူထားကြ၊ ငှက်ဆိုးတွေ မအော်စေနဲ့၊ မကောင်းတဲ့အသံတွေ မကြားစေနဲ့၊

ပြောပါတယ်။ နတ်မင်းကြီးလေးယောက်တို့လဲ သိကြားမင်း အမိန့်အတိုင်း ဆောင်ရွက်ကြပါတယ်။

တစ်ဖန် လနတ်သားကိုလဲ ခေါ်ယူကာ 'လဝန်းကို ဆွဲငင်ထား'လို့ ပြောပြီး နေနတ်သားကိုလဲ ခေါ်ယူကာ 'နေဝန်းကိုလဲ ဆွဲငင်ထား'လို့ ပြောပါတယ်။

အဲဒီလိုပြောပြီး သိကြားမင်းလဲ မနေနိုင်ပါ၊ သိကြားမင်းကိုယ်တိုင်လဲ ကိုရင်ပဏ္ဍိတ တရားအားထုတ်တဲ့ တံခါးပေါက်နားမှာ အစောင့်အရှောက်ယူပြီးတော့ တည်နေပါတယ်။

ဇေတဝန်ကျောင်းဝိုင်းတစ်ဝိုင်းလုံး အသံဟာ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ သစ်ရွက်ကြွေကျတဲ့အသံမျှတောင် မကြားရပါ။ နတ်မင်းကြီးလေးယောက်က စောင့်ရှောက်ထားတာပါ။

ကိုရင်ကလေးရဲ့ စိတ်ဟာလဲ အရှုခံ ကမ္မဋ္ဌာန်းအာရုံမှာ တည်ကြည်ငြိမ်သက်နေပါတယ်။ ကိုရင်ပဏ္ဍိတသည် ဆွမ်းမစားမီပင်လျှင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ရှုပွားရာ သုံးမဂ် သုံးဖိုလ်သို့ ရောက်သွားပါပြီ။ အနာဂါမ်ဖြစ်သွားပါပြီ။ တစ်ထိုင်တည်းနဲ့ အနာဂါမ်ဖြစ်နေပါပြီ။

## အရှင်သာရိပုတ္တ ဆွမ်းခံကြွ

အေး၊ အရှင်သာရိပုတ္တ အရှင်မြတ်ကိုလဲ တစ်ဘက်က ကြည့်လိုက်ပါဦး၊ အရှင်မြတ်ကို ကိုရင်ပဏ္ဍိတက ငါးကြင်းဟင်းရအောင် ဆွမ်းခံခဲ့ပါလို့ မှာစဉ်က 'ဘယ်လိုလုပ် ရနိုင်ပါ့မလဲ၊ ရမယ်၊ မရမယ် မပြောနိုင်ပါ' လို့ မိန့်ခဲ့ပေမယ့်လို့ အမှန်

တကယ် ဆွမ်းခံကြွတဲ့အခါမှာ 'အင်း ကိုရင်သည် ကျောင်းမှာ ထိုင်နေပြီ၊ သူ့အားလျော်တဲ့ သူမှာတဲ့ဘောဇဉ်ကို ဤမည်တဲ့ အိမ်၌ ရနိုင်တယ်'လို့ အရှင်မြတ်ကိုကြည်ညိုတဲ့ အလုပ်အကျွေး အိမ်ကို ရွေးပြီး ကြွပါတယ်။

အဲဒီအလုပ်အကျွေးအိမ်ကလဲ အဲဒီနေ့မှာ ငါးကြင်းသား ရလို့ ချက်ပြုတ်ပြီး အရှင်မြတ်ရဲ့ ကြွလာခြင်းကိုသာလျှင် မြော် ကြည့်နေကြပါတယ်။ အေး၊ 'ကုသိုလ်ဖန် အရံသင့်' ဆိုတာ အဲဒါမျိုးပေါ့။

အိမ်သူအိမ်သားများက အရှင်မြတ်ကြွလာတာကို မြင်တယ် ဆိုရင်ပဲ 'အရှင်ဘုရားတို့၊ အရှင်မြတ်တို့ ဒီကနေ့ ဒီအိမ်သို့ ကြွတော်မူလာခြင်းသည် ကောင်းသောကြွလာခြင်းပါဘုရား'လို့ လျှောက်ထားပြီး အိမ်ထဲ ပင့်ပါတယ်။

အရှင်မြတ် အိမ်ထဲ ရောက်တယ်ဆိုရင်ပဲ ရှိခိုးဦးချပြီး ယာဂုခဲဖွယ် စသည်များ ဆပ်ကပ်လှူဒါန်းပြီး ငါးကြင်းဟင်းနှင့် ဆွမ်းလောင်းလှူပါတယ်။ အရှင်မြတ်က ကိုရင်မှာတဲ့ ဆွမ်းဟင်း ရပြီဆိုတဲ့သဘောနှင့် ပြန်ကြွမယ့် အခြင်းအရာပြပါတယ်။

အိမ်သူအိမ်သား လူအများက 'အရှင်မြတ်ဘုရား၊ ဒီမှာပဲ ဘုဉ်းပေးတော်မူကြပါဘုရား၊ ကျောင်းယူဖို့ ဆွမ်းဟင်းများလဲ ထပ်လှူပါဦးမည်ဘုရား' လို့ လျှောက်ထားပါတယ်။

အရှင်မြတ်သည်လဲ အိမ်မှာပဲ ငါးကြင်းဟင်းနှင့် ဆွမ်း ဘုဉ်းပေးပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ သပိတ်ကိုယူပြီး ဆေး

ကြောကာ ငါးကြင်းဟင်းနဲ့ဆွမ်းများ သပိတ်အပြည့် လောင်းလှူပြီး သပိတ်ကို ကပ်လှူပါတယ်။ အရှင်မြတ်သည် 'ငါ့ကိုရင်တော့ ဆာနေပြီ'လို့ တွေးပြီး ခပ်သုတ်သုတ်ကလေးပဲ ပြန်ကြွလာပါတယ်။

## ဘုရားရှင်လဲ စောင့်ရှာ

အေး၊ ဘုန်းရှင်ကံရှင်တို့ တရားအားထုတ်တဲ့အခါမှာ ဘယ်လောက်ပြည့်စုံလဲဆိုတာ ကြည့်ပါ။ ဘုရားရှင်ကလဲ အဲဒီနေ့မှာ ဆွမ်းစောစောဘုဉ်းပေးပြီး ကျောင်းတော်သို့ ပြန်ကြွကာ ဒီလိုဆင်ခြင်ပါတယ်။ 'ကိုရင်ပဏ္ဍိတသည် သူ့ဥပဇ္ဈာယ်ဆရာအား သပိတ် သင်္ကန်းများပေးလိုက်ပြီး 'ရဟန်းတရား အားထုတ်ပါအံ့'လို့ နှလုံးသွင်းပြီး ကျောင်းပြန်လာခဲ့တယ်။ ကိုရင်ပဏ္ဍိတ ရဟန်းကိစ္စသည် အပြီးအဆုံးသို့ ရောက်မည်လော'ဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် သုံးမဂ်သုံးဖိုလ်တို့သို့ ရောက်နေသည့်အဖြစ်ကို သိတော်မူပါတယ်။

'ကိုရင်ပဏ္ဍိတအား အရဟတ္တဖိုလ်ရဲ့ အထောက်အပံ့ ရှိလား၊ မရှိလား'လို့ ဆက်ပြီး စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် 'ရှိတယ်'လို့ မြင်တော်မူပါတယ်။

'အရဟတ္တဖိုလ်သို့ ဆွမ်းမစားမီရောက်မည်လား၊ ဆွမ်းစားပြီးမှ ရောက်မည်လား'လို့ ဆက်ပြီး စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ဆွမ်းမစားမီ ရောက်လိမ့်မည်လို့ သိတော်မူပါတယ်။

အဲဒီလို သိပြီးတဲ့အခါ 'အင်း၊ သာရိပုတ္တသည် သူ့ကိုရင်

အတွက် ဆွမ်းခံပြန်လာပြီး လျင်မြန်စွာလာနေပြီ၊ သူ့ကိုရင်ရဲ့ ရဟန္တာဖြစ်မယ့် အန္တရာယ်ကိုလဲ ပြုရာ၏။ အန္တရာယ်မပြုနိုင်အောင် ငါသည် သာရိပုတ္တာ အတွင်းဝင်မည့် တံခါးကို ကျောပေးပြီး အစောင့်အရှောက်ယူကာ တည်နေပါအံ့။ သာရိပုတ္တာ လာတဲ့အခါ သူ့ကို အမေးပုစ္ဆာပြဿနာ မေးအံ့၊ ငါမေးတဲ့ အမေးပုစ္ဆာပြဿနာကို သာရိပုတ္တာ ဖြေသော် ကြားနာပြီး ကိုရင်သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အာသဝေါ ကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်လိမ့်မည်လို့ ဆင်ခြင်၍ အားလုံး မြင်တော်မူပါတယ်။

ယင်းသို့ သိတော်မူ၊ မြင်တော်မူတဲ့ ဘုရားရှင်သည် ရှင်သာရိပုတ္တာအရှင်မြတ် ကြွမလာမီ ကြိုတင်၍ကြွကာ ရှင်သာရိပုတ္တာ အရှင်မြတ် ဝင်မယ့်တံခါးမကြီးကို ကျောပေးကာရပ်ပြီး ရောက်လာသော အရှင်မြတ်ကို ပြဿဿနာလေးချက်တို့ကို မေးတော်မူပါတယ်၊ အရှင်မြတ်ကလဲ မေးတိုင်းမေးတိုင်း ဖြေပါတယ် –

'သာရိပုတ္တာ၊ သင်သည် ဘာကို ရခဲ့ပါသလဲ'

'မြတ်စွာဘုရား၊ အာဟာရကို ရခဲ့ပါတယ်ဘုရား'

'သာရိပုတ္တာ၊ အဟာရမည်သည် ဘာကိုဆောင်ပါသလဲ'

'မြတ်စွာဘုရား၊ အာဟာရက ဝေဒနာကိုဆောင်ပါတယ်ဘုရား'

'သာရိပုတ္တာ၊ ဝေဒနာက ဘာကို ဆောင်ပါသလဲ'

'မြတ်စွာဘုရား၊ ဝေဒနာက ရုပ်ကိုဆောင်ပါတယ်ဘုရား'

'သာရိပုတ္တ၊ ရုပ်က ဘာကိုဆောင်ပါသလဲ'

'မြတ်စွာဘုရား၊ ရုပ်က ဖဿကို ဆောင်ပါတယ်ဘုရား'

အေး၊ ဒီအမေးအဖြေတွေက ရှင်သာရိပုတ္တအရှင်မြတ်လဲ အထဲဝင်လို့မရ၊ ကိုရင်ပဏ္ဍိတလဲ ကြားနာရပြီး တရားရှုပွားမှု အထောက်အပံ့ဖြစ်အောင် မေးတာ ဖြေတာပါ။

ဆွမ်းခံပြန်ကြွလာတဲ့အရှင်မြတ်မှာ ဆွမ်းအာဟာရ ရလာတယ်ဆိုတာ မြတ်စွာဘုရားရှင် သိပါတယ်၊ သိလျက်သားနှင့် မေးတာက အကြောင်းရှိလို့ပါ။ အေး၊ အကြောင်းအားလျော်စွာ ဘုရားရှင်က မေး၊ ရှင် သာရိပုတ္တအရှင်မြတ်က ဖြေလို့ အမေးလေးချက် အဖြေလဲ ထွက်ရော ကိုရင်ပဏ္ဍိတကလေးလဲ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားပြီ။

## ကိုရင် ဆွမ်းဘုဉ်းပေးပြီ

အဲဒီအချိန်ရောက်မှ ဘုရားရှင်ကလဲ တံခါးပေါက်မှ ဖယ်ပေးပြီး အရှင်မြတ်ကို 'သာရိပုတ္တ၊ သွားတဲ့ချေ၊ သင့်ကိုရင် ဆွမ်းဆာရော့မယ်၊ သင့်ကိုရင်အား ဆွမ်းပေးလော့'လို့ အမိန့်ရှိပါတယ်။

'မှန်ပါအရှင်ဘုရား'လို့ ဝန်ခံပြီး အရှင်မြတ်သည် ကြွလာပြီး တံခါးခေါက်ပါတယ်။ တံခါးခေါက်သံကြားတယ်ဆိုရင်ပဲ ကိုရင်ပဏ္ဍိတသည် တရားအားထုတ်ရာမှ ထလာပြီး တံခါးဖွင့်ကာ အရှင်မြတ်၏လက်မှ သပိတ်ကို ယူကာ လျောက်တဲ့နေရာမှာ ထားပြီး အရှင်မြတ်ကို ယပ်ခတ်ပေးနေပါတယ်။

ထိုအခါမှ အရှင်မြတ်က ကိုရင်ကို ‘ကိုရင် ဆွမ်းစားလေတော့’လို့ အမိန့်ရရှိလိုက်ပါတယ်။

အမိန့်ရှိတယ်ဆိုရင်ပဲ ဝတ္တရားသိတဲ့ ကိုရင်ကလေးက ‘အရှင်မြတ်တို့ကော မဘုဉ်းပေးတော့ပါပြီလားဘုရား’လို့ လျှောက်တဲ့အခါ ငါတို့ ဆွမ်းစားခြင်းကိစ္စ ပြီးခဲ့ပါပြီ၊ ကိုရင်ပဲ စားတော့လို့ မိန့်လိုက်ပါတယ်။

ခုနှစ်နှစ်အရွယ် ကိုရင်ဝတ်ပြီး ရှစ်ရက်မြောက်တဲ့နေ့၌ ထိုခဏ၌ပွင့်တဲ့ ပဒုမာကြာပန်းနှင့်တူစွာ ရဟန္တာအဖြစ်သို့ ရောက်ပါတယ်၊ ပစ္စဝေက္ခဏာဉာဏ်ကို ဆင်ခြင်လျက် ထိုင်ပြီး ဆွမ်းကိစ္စကို ပြုပါတယ်။

**ရဟန်းတွေ ကဲ့ရဲ့**

ကိုရင်ပဏ္ဍိတဆွမ်းစားပြီး သပိတ်ဆေး၍ သပိတ်ကိုသိမ်းဆည်းသော အခါ၌ လနတ်သားကလဲ ဆွဲထားသော လဝန်းကို လွှတ်လိုက်ပါသည်။ နေနတ်သားကလဲ ဆွဲထားသော နေဝန်းကို လွှတ်လိုက်ပါသည်။

နတ်မင်းကြီးလေးယောက်တို့ကလဲ အရပ်လေးမျက်နှာစောင့်ရှောက်နေရာမှ အစောင့်အရှောက်ကို လွှတ်လိုက်ကြပါတယ်။ သိကြားနတ်မင်းလဲ စောင့်ရှောက်ရာ ပြတင်းပေါက်မှ အစောင့်အရှောက်ကို လွှတ်လိုက်ပါတယ်။ နေသည် နေမွန်းတည့်အရပ်မှ လျှောကျ၍ မွန်းလွဲသွားပါပြီ။

ရဟန်းသံဃာတော်တွေက မြင်ကြတွေ့ကြတဲ့အခါ ‘အရိပ်

သည် အဓိကပမာဏဖြစ်ပါတယ်။ နေကလဲ မွန်းတည့်အရပ်မှ လျှောကျ မွန်းလွဲသွားပြီ၊ ကိုရင်ပဏ္ဍိတကလေးကလဲ ယခုမှ ဆွမ်းဘုဉ်းပေးပြီးတယ်၊ ဒီအကြောင်းကား ဘယ်လိုလဲ'လို့ ကဲ့ရဲ့ ကြပါတယ်။

**ဘုရားကြွ တရားဟော**

ဘုရားရှင်သည် ရဟန်းတော်များ ကဲ့ရဲ့သည့်အကြောင်း ကို သိတော်မူ၍ ကြွတော်မူလာပြီး အကျိုးအကြောင်းကို မေး တဲ့အခါ ရဟန်းတော်များက အကြောင်းစုံ လျှောက်ထားပါ တယ်။

ထိုအခါ ဘုရားရှင်က ရဟန်းတော်များ အိုချစ်သားတို့၊ ဘုန်းရှင်ကံရှင်ဖြစ်တဲ့ ကိုရင်ပဏ္ဍိတ ရဟန်းတရားကို ရှုပွား အားထုတ်တဲ့အခါမှာ လနတ်သားကလဲ လဝန်းကို ဆွဲထားရ ပါတယ်၊ နေနတ်သားကလဲ နေဝန်းကို ဆွဲထားရပါတယ်။

နတ်မင်းကြီးလေးယောက်တို့ကလဲ ကျောင်းဝိုင်းအတွင်း အရပ်လေးမျက်နှာကို အစောင့်အရှောက် ယူကြရပါတယ်၊ သိကြားမင်းကလဲ ကိုရင်ကလေး တရားအားထုတ်ရာ ပြတင်း ပေါက်နားမှာ အစောင့်အရှောက်ယူရပါတယ်။

ငါဘုရားရှင်သည်လဲ 'ငါဘုရားပဲ'လို့ ကြောင့်ကြမယ့် နေခြင်းငှာ မတတ်သာဘဲ ကိုရင်တရားအားထုတ်ရာ အရပ်သို့ သွားပြီး အဝင်အထွက်တံခါးမကြီးကို ကျောပေးရပ်ကာ ငါ့သား တော်အတွက် အစောင့်အရှောက်ယူရပါတယ်'

ရဟန်းတော်များ အိုချစ်သားတို့၊ လယ်သမားတို့ မြောင်းဖြင့် ရေယူသည်တို့ကိုလည်းကောင်း မြားသမားတို့ မြားကို ဖြောင့်သည်တို့ကိုလည်းကောင်း၊ လက်သမားတို့ သစ်တို့ကို ရွေသည်တို့ကိုလည်းကောင်း မြင်ပြီးလျှင် အဲဒီအာရုံကိုယူ၍ ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည် မိမိတို့ကိုယ်ကို ဆုံးမ၍ ရဟန္တာအဖြစ်ကို ယူကြကုန်သည်သာတည်း'လို့ မိန့်တော်မူပြီး တရားဟောပါတယ်။

**ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊**

**ဥသုကာရာ နမယန္တိ တေဇနံ။**

**ဒါရုံ နမယန္တိ တစ္ဆကာ၊**

**အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။**

ဘိက္ခဝေ– သံသရာဘေး လာမည့်ရေးကို ကြံတွေးရှုမြော်သိက္ခာပျော်သည့် အို ရဟန်းတော်တို့၊

နေတ္တိကာ– မြောင်းရေသွယ်စား လယ်သမားတို့သည်၊

ဝါ နေတ္တိကာ– သမ္မာ အာဇီ သက်မွေး မှီလျက် ဝသီမူကောင်း ရေးသူဟောင်းတို့ လမ်းကြောင်းလိုက်ငြား မြောင်းသမားတို့သည်၊

ဥဒကံ– စီးကျသွင်သွင် စိတ်မရှိသော ရေစင်ကို၊

နယန္တိ– လိုရာသွယ်လျှဉ်း လယ်အတွင်းသို့ ပို့သွင်းပါအောင် ယူဆောင်နိုင်ကြပါပေကုန်၏။

ဥသုကာရာ– ရဲမာန်ဝင့်ကြွား မြားသမားတို့သည်၊

တေဇန်- အဖုအထစ် မပြေပြစ်သည့် အသစ်ဖန်ငြား ဆိပ်လှူးမြားကို၊

နမယန္တိ- မီး၀ယ်ကင်မြိုက် ကိုယ့်အကြိုက်သို့ အလိုက်သင့် ပါအောင် ဆွဲဆောင်ဖြောင့်မတ်နိုင်ကြပါပေကုန်၏။

တစ္ဆကာ- သစ်ရွေသမား လက်သမားတို့သည်

ဒါရုံ- ဥတုအလျောက် တောမြိုင်တွင် ပေါက်ရောက်သည့် အကောက်အစင်း ရင်းဖျားကြီးငယ် သေးသွယ်နိမ့်ရှိုင်း တောသစ်ရိုင်းကို၊

နမယန္တိ- အကောက်အဖြောင့် လိုသလောက်ပင် ကိုယ့်နောက်ပါအောင် ဆွဲဆောင်ပြုပြင်နိုင်ကြပါပေကုန်၏။

ပဏ္ဍိတာ- လိမ္မာဉာဏ်ရှိ ပဏ္ဍိတွင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊

အတ္တာနံ- ကိုယ်တို့ရဲ့စိတ်ကို၊ ဝါ အတ္တာနံ- အာရုံ့ခြောက်ပါး လှည့်ကျက်စားသည့် ဖြစ်ပွားယိုဖိတ် ကိုယ်တို့ရဲ့စိတ်ကို၊

ဒမယန္တိ- ယာဉ်ကျေးအောင် ထုံးပြုလို့ ဆုံးမဒွန်သင် ပြုပြင်နိုင်ကြပါပေကုန်၏။

ဝါ အတ္တာနံ ဒမယန္တိ- လယ်သမားကို စံ့ထား မြားသမားကို စံယူ သစ်ရွေသူကို အားကျ တရားဓမ္မတွေ ကြိုးကုတ် သမ္မပ္ပဓာန်လုံ့လကို အားထုတ်သဖြင့် စတုတ္ထမဂ်ဖိုလ် ထီးရိပ် ခိုရအောင် ကိုယ့်ကိုယ်ကိုယ် ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင် ထုံးပြုလို့ ဆုံးမသွန်သင် ပြုပြင်နိုင်ကြပါပေကုန်သတည်း။

သာဓု - သာဓု - သာဓုပါဘုရား။

အေး၊ အဲဒီတရား ဟောပေးလိုက်တယ်ဆိုရင်ပဲ အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်ကြပါတယ်။

**အပိုင်း နှစ်ပိုင်း**

ဒီ မဟာဒုဂ်ရဟန္တာဖြစ်ခန်း တရားတော်ကို ကြည့်လိုက်မယ်ဆိုရင် အပိုင်းနှစ်ပိုင်း တွေ့နိုင်ပါတယ်။ တစ်ပိုင်း မဟာဒုဂ်ကို ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ကဿပ ဘုရားရှင်အား ဆွမ်းဆပ်ကပ်လှူဒါန်းအပြီးမှာ သူဌေးကြီးဖြစ်၊ သူဌေးဘွဲ့ ရသွားပါတယ်။

အဲဒီဘဝမှာ အဲဒီကုသိုလ်မှတစ်ပါး တခြားကုသိုလ်တွေလဲ ပြုပြီးတော့ လှူပြည်နတ်ပြည် စုန်ချည်ဆန်ချည်နဲ့ ဘုရားနှစ်ဆူတို့ရဲ့ အကြားမှာ အကြိမ်ကြိမ် လူနတ်ချမ်းသာကို ခံစားခဲ့ရပါတယ်။ အဲဒါက လှူလို့ခံစားရတဲ့ သူဌေးချမ်းသာပါ။

ယခု ဂေါတမဘုရားရှင် သာသနာတော်မှာ နတ်ပြည်မှ စုတေပြီး ပဏ္ဍိတ လာဖြစ်တဲ့အခါမှာ ကိုရင်ဝတ်ပြီး တရားအားထုတ်တော့ အသဝေါကင်းကွာ ရဟန္တာဖြစ်သွားတာက တရားအားထုတ်လို့ ဖြစ်တာပါ၊ လှူလို့ မဟုတ်ပါ။

အေး၊ လှူလို့ သူဌေးဖြစ်တယ်၊ တရားအားထုတ်လို့ ရဟန္တာဖြစ်တယ်လို့ အပိုင်းနှစ်ပိုင်းတော့ ခွဲခြားသိကြပါ။

ဒီကနေ့ ဂုန်နီစက်ရုံ မိသားစုတို့ရဲ့ ပထမအကြိမ် ရဟန်း

ခံ၊ ရှင်ပြု သီလရှင်ဝတ်ပွဲကို ကြည့်ရင်လဲ အပိုင်းနှစ်ပိုင်း တွေ့ရပါတယ်။

တစ်ပိုင်းက ရှင် ရဟန်း သီလရှင်ဖြစ်အောင် လှူကြတယ်၊ ဖြစ်ပြီးတော့ ခုနစ်ရက်တိုင်တိုင် နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည် လှူကြတယ်။ အဲဒီအလှူဒါနက ဖြစ်လေရာရာ ဘဝတိုင်းမှာ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးဟု အရေးသုံးဖြာ ချမ်းချမ်းသာသာနဲ့ ပြည့်စုံစွာပေးမယ်။

**မျိုးစေ့နှစ်ခု ပါမှ**

ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ အပိုင်းက မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ဖြစ်ပြီး နိဗ္ဗာန်ချမ်းသာ ရခြင်း ဆိုတဲ့ အကျိုးကို ပေးပါလိမ့်မယ်။

အေး၊ ပထမအကြိမ် ဂုန်နီစက်ရုံမိသားစုတို့ရဲ့ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲအတွင်းမှာ ပြုခဲ့တဲ့ ဒါန၊ သီလ၊ သမထ ဝေယျာဝစ္စကုသိုလ်တွေက စရဏမျိုးစေ့ ဖြစ်ပါတယ်။

မိမိတို့ကိုယ်တိုင် ရှင်၊ ရဟန်း၊ သီလရှင်အဖြစ်နဲ့ ယခုလို ကျင့်ကြံကြိုးကုတ် ဝိပဿနာတရားကို အားထုတ်တာက ဝိဇ္ဇာ မျိုးစေ့ ဖြစ်ပါတယ်။

ဒီဘဝမှာပဲ ဒီမျိုးစေ့နှစ်မျိုးက အပင်ပေါက်ပြီး လူချမ်းသာကိုရ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရချင်ရ၊ မရချင်လဲ နောင် ပွင့်လတ္တံ့သော မေတ္တေယျ ဘုရားရှင်လက်ထက်တော်အခါမှာ သေချာပေါက် အပင်ပေါက်နိုင်ပါတယ်။

အဲဒီမျိုးစေ့နှစ်ခု မပါဘဲ စရဏမျိုးစေ့ တစ်ခုလောက်နဲ့

တော့ မင်္ဂလာဖိုလ်နိဗ္ဗာန် မရနိုင်ပါ။ ယခု ဂုန်နီစက်ရဲ့ မိသားစုတို့ရဲ့ ပထမအကြိမ် ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲမှာ ဝိဇ္ဇာမျိုးစေ့ရော၊ စရဏမျိုးစေ့ပါ ကုသိုလ်နှစ်ခု အစုံပါသွားပါတယ်။

တစ်နည်း ပြောရရင် ပစ္စည်းအလှူရော၊ တရားအလှူရော၊ အလှူနှစ်မျိုး ပါသွားပါတယ်။ အင်မတန် အကျိုးကြီးတဲ့ ကုသိုလ်ကြီးကို ငါတို့ရသွားကြပြီလို့ အားရဝမ်းသာစရာ ကောင်းပါတယ်။

အဲဒီလို အားရဝမ်းသာစရာကောင်းတဲ့ ကုသိုလ်နှစ်မျိုးကို မိမိတို့ရသွားပြီး မိမိတို့ကဲ့သို့ မရသေးတဲ့ပုဂ္ဂိုလ်တွေကို အမျှဝေကြရအောင်နော်။

ဗောဓိယာ ပစ္စယော ဟောတု၊
ဣဒံ နော ပုညမင်္ဂလံ။
သုမနေဟိ ပသန္နေဟိ၊
အတ္တမနေဟိ သဒ္ဓိတံ။
ပုညသိမသ္မ ဘာဂဥ္စ၊
ဒဒါမ သဗ္ဗပါဏိနံ။
သမံ လဘန္တု တေ သဗ္ဗေ၊
မဟိယံ ဉာတု သက္ခိတေ။ ။

သုမနေဟိ– ပုဗ္ဗစေတနာဖြင့် လွန်စွာဝမ်းမြောက်ကြကုန်လျက်၊

ပသန္နေဟိ– မုဥ္စစေတနာဖြင့် သဒ္ဓါရှန်းစို လွန်ကြည်ညိုကြကုန်လျက်၊

**အတ္တမနေဟိ**– အပရစေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကြကုန်လျက်၊

**နောအမှေဟိ**– မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင်အကျွန်ုပ်တို့သည်၊

**သဒ္ဓိတံ**– စေတနာသုံးတန် ထက်သန်ကြည်နူး ဆည်းပူးပွားများ အားထုတ်အပ်ခဲ့သမျှသော၊

**ဣဒံပုညမင်္ဂလံ**– ဤဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဝေယျာဝစ္စ အစရှိသော ကုသိုလ်မင်္ဂလာ ကောင်းမှုအစုစုသည်၊

**ဗောဓိယာ**– သစ္စာလေးအင် ခိုင်သဇင်ကို ပြိုင်ယှဉ်ဆွတ်ခူး ထွတ်ဖူးရင့်သန် ကိုယ်စီကိုယ်ငှ တောင့်တရင်း အမှန်ဖြစ်ပေသော၊ သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟု ဆိုအပ်သော မဂ်ဉာဏ်လေးပါး အသီးသီးသော ဗောဓိဉာဏ်များ၏၊

**ပစ္စယော**– မချွတ်ရအောင် ကျေးဇူးဆောင်သား အခေါင်နိဿရည်း အားကြီးသော အထောက်အပံ့သည်၊

**ဟောတု**– မြေလက်ခတ်နဲ့ မြှောက်သည့်ခဲ့သို့ မလွဲပုံမှန် ဧကန်စင်စစ် ဖြစ်ပါစေသတည်း၊

**ဣမဿ ပုညဿ**– စေတနာသုံးတန် ထက်သန်ကြည်နူး ဆည်းပူးပွားများ အားထုတ်အပ်ခဲ့သမျှသော ဤဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဝေယျာဝစ္စ စသောကုသိုလ်မင်္ဂလာ ကောင်းမှု အစုစု၏၊

**ဘာဂဋ္ဌ**– သတ္တိဟုခေါ်ရ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုလည်း၊

**သဗ္ဗပါဏိနံ**– ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန် ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော လူနတ်ပြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့အား၊

**ဒဒါမ**– သဒ္ဒါပြဋ္ဌာန်း လှူဒါန်းပေးဝေလိုက်ပါကုန်၏၊

**ဝါ ဒဒါမ**– အမျှ၊ အမျှ၊ အမျှဟု ပေးဝေငှလိုက်ပါကုန်၏၊

**တေသဗ္ဗေ**– မိဘဆရာသမား အစထား၍ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန် ထိုခပ်သိမ်းဥဿုံ အလုံးစုံကုန်သော လူနတ်ပြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့သည်၊

**အမှေဟိ**– မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဓာနည်ထူးသူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့နှင့်၊

**သမံ**– အညီအမျှ၊

**လဘန္တု**– ရကြသည် ဖြစ်ပါစေကုန်သတည်း၊

**အယံ**– ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ ဤမဟာပထဝီမြေကြီးသည်၊

**အမှေသု**– မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဓာနည်ထူးသူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့သည်၊

**ကုစ္ဆန္တေသု**– တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် သက်သေအရာ၌ တည်လာ ခံလာသည်ကို အလိုရှိကုန်လတ်သော်၊

**နော**– မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဓာနည်ထူးသူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့၏၊

**သက္ခိတေ**– သက်သေအရာ၌၊

ဥာတု- သူတစ်ဖက်သား သိလောက်သောအခြင်းအရာ အာ ဖြင့် မြေရောရေပါ တည်လာခံလာသည် ဖြစ်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား ။

**အားလုံးသန္တာန် အမြင်မှန် လျင်မြန်ရစေသော်။**

**ဓမ္မဒူတ အရှင်ပညာဇောတ**

၁၃၅၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်၊

နေ့လယ် ၃ နာရီ၊ (၁၃-၅-၉၅)

## နိဂုံး

**ရေးစ ရေးပြီးချိန်**

ဤမဟာဒုက် ရဟန္တာဖြစ်ခန်း တရားတော်စာအုပ်မှာ လျင်မြန်စွာ ရေးဖြစ်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ တရားတော်ကို ၇-၄-၉၅နေ့ ညမှာ ဟောခဲ့ပြီး ယင်းကို တောင်စွန်း၊ မဏိဇေယျ သီလရှင်စာသင်တိုက်မှ ဒေါ်ဇေယျသီ (ပဲခူးတိုင်း စာရင်းစစ်မှူးဟောင်း)က တိပ်ခွေမှ စာမူအဖြစ်ကူးယူပေးပါသည်။

၎င်းစာမူသည် ဓမ္မဒေသနာခရီးသည်ဖြစ်သော မိမိ လက်ဝယ်သို့ ၃၀-၄-၉၅ နေ့က ရရှိပါသည်။ မိမိသည် ၃၁-၄-၉၅ နေ့က ရန်ကုန်မှ ညနေ၄းနာရီ ရထားနှင့် မန္တလေးသို့ ခရီးဆက်ခဲ့သည်။

မန္တလေး ဘူတာကြီးသို့ ၁-၅-၉၅ နေ့ နံနက် ၈း၅၅ နာရီတွင် ရောက်ရှိပြီး ၃၁လမ်း၊ နန်းကမ္ဘာစတိုး၌ နေ့ဆွမ်းစားပြီး ကျောက်မဲ၊ ဒေါ်ခင်လှမေမိသားစုတို့ လာကြိုသောကားနှင့် ခရီးဆက်ခဲ့သည်။ ကျောက်မဲ ဓမ္မမေဒနီ ရွှေကျင်ကျောင်းသို့ ညနေ ၄း၁၅ နာရီတွင် ချောမောစွာ ဆိုက်ရောက်ပါသည်။

ကျောက်မဲ ရာသီဥတုမှာ မိမိအတွက် မပူမအေး အနေတော်ပင် ဖြစ်သော်လည်း ချက်ချင်း စာမရေးဖြစ်သေးပါ၊ ဒုတိယအကြိမ် တရားစခန်းမှာ ၁-၅-၉၅ နေ့မှာ စဖွင့်ပါသည်။

ဤစာအုပ်ကိုမူ ၄-၅-၉၅ နေ့မှ စတင်ရေးဖြစ်ပါသည်။

ယင်း၌ အပြီးမသတ်ခဲ့ပါ။ ကျောက်မဲမှာ ခုနစ်ရက်စခန်းဖြစ်၍ ၈-၅-၉၅ နေ့ နံနက်တွင် စခန်းသိမ်းပြီး လားရှိုးသို့ ခရီးဆက်ခဲ့သည်။

လားရှိုး သာသနာ့ဟိတကာရီ သီလရှင်စာသင်တိုက်သို့ နံနက် ၁၀ : ၁၅နာရီတွင် ရောက်ခဲ့ပါသည်။ ရာသီဥတု သွားရေးလာရေး အဆင်ပြေ၍ ခရီးလဲမပန်းသဖြင့် ၎င်းနေ့၌ စာဆက်ရေးနိုင်ပါသည်။

ယင်းသို့ အဆက်မပြတ် နေ့စဉ်ရေးနိုင်သဖြင့် ၁၃-၅-၉၅ နေ့ ညနေ ၃နာရီအချိန်တွင် ချောမောစွာ အပြီးသတ်နိုင်ခဲ့ပါသည်။ ယင်းသို့ဖြင့် ဤစာအုပ်မှာ ၇-၄-၉၅ နေ့၌ ဟောခဲ့သည့် တရားကို ၁၃-၅-၉၅ နေ့၌ အပြီးသတ်ရေးနိုင်သဖြင့် အမြန်ဆုံးရေးနိုင်သော စာအုပ်ပင်ဖြစ်ပါသည်။

**ကျေးဇူးဆပ်ပါ၏**

မိမိသည် တောင်စွန်း ဓမ္မဒူတတောရ၌ ရှိနေလျှင် စာချပါသည်၊ တရားဟော တရားပြပါသည်။ အပြင်သို့ရောက်လျှင် တရားပြပါသည်၊ တရားဟောပါသည်။

တရားဟော တရားပြအားချိန် ပရိသတ်ရှင်းလင်းချိန်၌ စာရေးပါသည်။ မိမိသည် ယင်းသို့မိမိကိုယ်ကို အအား အနား မထားဘဲ ခိုင်းနေရမှ နေတတ်ပါသည်။ တာဝန်ဝတ္တရားမရှိ အားနေပါက ဖျားချင်သလို နာချင်သလို ဖြစ်နေတတ်ပါသည်။

သို့ဖြစ်၍ ဤ 'မဟာဒုက်ရဟန္တာဖြစ်ခန်း' တရားတော် စာအုပ်မှာ ကျောက်မဲနှင့် လားရှိုးစခန်းတို့၌ ပရိသတ်ရှင်း၍ ရာသီဥတုကောင်းရကား ရေးရသည်မှာ တွင်ကျယ်လှပါသည်။

မိမိ၏အချိန်ကို အအားမထား အနားမယူဘဲ မေတ္တာ ကရုဏာရှေ့ထားကာဖြင့် ကြိုးစား၍ရေးသားရသော ကောင်းမှု များဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ၊ ဒကာမများ၊ ဆွေ မျိုး ဉာတိကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ဤကျမ်းစာ မြတ်ဖြင့် ကျေးဇူးဆပ်ပါ၏။

အထူးသဖြင့် ကျောက်မဲမြို့ ဓမ္မမေဒနီ ရွှေကျင်ကျောင်း ဆရာတော် အရှင်နာလိန္ဒ၊ ဒေါ်ခင်လှမေ၊ မောင်ကျော်ဌေး အမှူးရှိသော စခန်းတာဝန်ခံများ၊ လားရှိုးမြို့ သာသနာ့ဟိတကာရီ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်ကေသီနှင့် ဒေါ်နိမလ အမှူးပြုသူတို့က မိမိ၏ ကျမ်းစာရေးသားပြုစုနိုင်ရေးအတွက် အချိုးကျကျ အဆင်ပြေပြေ ပြင်ဆင်ပေးကြသည်ကို များစွာ ကျေးဇူး ဉပကာရ တင်ရှိပြီး ယင်းကျေးဇူးကို အထူးသိကာ ဤကျမ်းစာမြတ်ဖြင့် ပြန်လည်ကျေးဇူးဆပ်ပါ၏။

**အမျှဝေပါ၏**

မိမိသည် ၁၃၅၇ခုနှစ်၊ နယုန်လဆန်း (၇)ရက် (၄-၅-၉၅)နေ့မှ နယုန်လပြည့်ကျော် (၁)ရက် (၁၃-၅-၉၅)နေ့တိုင် ၁ဝရက်တိတိ ကြိုးစားရေးသားရသော ဤ မဟာဒုက် ရဟန္တာ ဖြစ်ခန်း တရားတော်ကျမ်းစာအုပ်အတွက် ရရှိသည့် ဓမ္မဒါန တရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ မဟာကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို-

'မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊

ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စကုပစ္စယာ၊ ဒါယကာ ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံး လုံးစုံး နိဂုံဇနပုဒ၊ ဝေးနီးစသည်၊ ရှိကြလိုလို များလှူဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဓိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝနှင့် လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရိ၊ မည်ရှိတဝ၊ ဟေမဝတ၊ ဣန္ဒ စိတ္တ စသည်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ ထိုပြီးတစ်ထွေ၊ ရေပင်လယ်သွား၊ သူတော်များကို၊ စောင့်ကြားတတ်သည့် မဏိမေခလာ၊ တစ်ဖြာထိုမှ ဒသ ဣဿရ၊ လောကသဟာသ်၊ ဝန်းပတ်ရံခြုံ၊ မဟာဗြဟ္မတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေ့လောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငှ မသွေ၊ 'အမျှ အမျှ အမျှ'ဝေသည်၊ ရစေငါ့နှယ် အတူတည်း။

## ဆုတောင်းလွှာ

ဤမဟာဒုက် ရဟန္တာဖြစ်ခန်း တရားတော် ကျမ်းစာအုပ်ကို ကြိုးစားရေးသားရသော ဓမ္မဒါန တရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ မဟာကုသိုလ် ကောင်းမှုအထူးတို့ကြောင့် အရဟတ္တမဂ်ဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသော အကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား၊ ဝေနေယျသတ္တဝါများကို တရားစည်ကြိုး သောင်းတိုက်ဟည်းအောင် ရိုက်တီးနိုးဆော်၊ ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်

ထုတ်ချောက်၊ အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

**တောင်းပန်တိုက်တွန်းလွှာ**

ဤ မဟာဒုက်ရဟန္တာဖြစ်ခန်း တရားတော်ကျမ်းစာအုပ်ကို ရေးသားရာ၌ တစ်ထိုင်တည်း ဆက်တိုက် ရေးကောင်းတိုင်း ရေးရသည်မဟုတ်၊ တရားဟောရင်း၊ တရားပြရင်း၊ အားချိန် နားချိန် ညှိသည်ရှင်းချိန်တို့၌ ကြိုကြားကြိုကြား ရေးသားရ သည် ဖြစ်ရကား ရံခါ ရှေ့နောက် မဆက်စပ်ခြင်း စသည့် တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ်၊ သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့– ယင်းတို့ကို ပညာရှိများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဤမဟာဒုက်ရဟန္တာဖြစ်ခန်း တရားတော်ကျမ်းစာအုပ်နှင့် ရှင်တော်ဗုဒ္ဓ မိန့်မှာဟသည့် အပြစ်ကင်းပ လမ်းစဉ်ကျသည့် လမ်းပြဒေသနာ ကျင့်ကြံလိုက်နာစရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေ ကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီ လောကုတ် မယုတ်ပွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

*အားလုံးသန္တာန် အမြင်မှန် လျှင်မြန်ရစေသော်*

**ဓမ္မဒူတ အရှင်ပညာဇောတ**

၁၃၅၇ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်နေ့

(၁၄–၅–၉၅)

ဓမ္မဒူတ–အရှင်ပညာဇောတ
၏
ဓမ္မလက်ဆောင်



ဘာကြောင့် မဟာဒုက်လို့ ခေါ်သလဲ

အတုယူစံထားထိုက်သော ရှင်ပြုနည်း

လှူရုံသက်သက်နှင့် ရဟန္တာဖြစ်နိုင်သလား

ရဟန္တာဖြစ်မည့်ဘဝ၌ ဘယ်လို ချဉ်ခြင်းတပ်သလဲ